
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၄၃၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၂၆၀၆၀၈

◆

**ပုံနှိပ်ခြင်း**
ပထမအကြိမ် - (၂၀၀၆၊ အောက်တိုဘာလ)
အုပ်ရေ - (၅၀၀)

◆

မျက်နှာဖုံး - မောင်မောင်သိုက်
ကွန်ပျူတာစာစီ - *Quality*
အတွင်းဖလင် - *Quality*

◆

**ပုံနှိပ်သူ**
ဦးမန်းနော်တင်(ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ် ၁၂၀၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်။

◆

**ထုတ်ဝေသူ**
မခင်မာရွှေ၊ (၀၃၉၀၅) (မြဲ)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

◆

တန်ဖိုး - ၈၀၀ - ကျပ်

# ၁

## အင်ဒီးယန်းမဆလာ

ညအိပ်ရာမဝင်မီက ကြိုတင်တိုင်ပင်ထားကြသည့်အလျောက် ကျွန်ုပ်နှင့် ကိုသံဟိတ်သည် နံနက်အိပ်ရာမှ နိုးသောအခါ အဝတ်အစားများ လဲ၍ အပြင်သို့ သွားရန် ပြင်ကြဆင်ကြလေ၏။

ကိုသံဟိတ်သည် ပုဆိုးအဝတ်နည်းသူဖြစ်၍ ဘောင်းဘီကိုသာ အဝတ်များသူဖြစ်လေရာ ယခုကဲ့သို့ အပြင်ထွက်ကာ တစ်ခုခုစားကြသောက်ကြမည့်အခါတွင် ဒိုဘီကျ ဘောင်းဘီ၊ အင်္ကျီကို အကျအနဝတ်ကာ ဖိနပ်ကိုလည်း ပြောင်လက်နေအောင် တိုက်၍ စီးလေ၏။ ပြီးတော့မှ ဘလေဇာကုတ်ကို အပေါ်မှ ထပ်၍ဝတ်လေတော့၏။

ကျွန်ုပ်သည်ကား ပုဆိုးကို အဝတ်များ၍ ဘောင်းဘီကို ရံဖန်ရံခါသာ ဝတ်ဆင်လေ့ရှိသူဖြစ်၏။ ယနေ့ အပြင် ထွက်၍ သွားကြလာကြမည့်နေရာတွင်တော့ ကျွန်ုပ်သည်လည်း ဘောင်းဘီကိုသာ ဝတ်ဆင်လိုက်လေ၏။ အပေါ်မှ ရှပ်အင်္ကျီကို လက်ခေါက်၍ ဝတ်လိုက်ပြီး ကုတ်အင်္ကျီကိုတော့ မဝတ်တော့ပေ။

"ကဲ ... ပြီးရင် သွားကြစို့ မောင်တောအုပ်ရေ"

ဟု ကိုသံဟိတ်ကား လောဆော်လိုက်သောအခါ -



www.burmeseclassic.com

www.burmeseclassic.com



"အဆင်သင့်ဖြစ်ပါပြီဗျာ၊ ကဲ ... သွားကြစို့"

ဟု ကျွန်ုပ်က ပြန်၍ ပြောလိုက်ရင်းမှ နှစ်ယောက်သား အခန်းတံခါးပိတ်ကာ လှေကားမှ ဆင်းလာခဲ့လေတော့၏။

"မောင်တောအုပ်ရေ ကျုပ်တို့လည်း မဂိုလမ်း (ရွှေဘုံသာလမ်း) က ယူနွတ်ကြီးဆိုင်ဘက်ကို ခြေဦးမလှည့်ဖြစ်တာတောင် အတော်ကြာပြီကွယ့်နော်'

"ဟုတ်တယ်ဗျို့ ကိုသံပါတ်ရေ ခင်ဗျားမှာလည်း ကိုတခင်တို့ ကိုထွန်းသောင်တို့ကို ကူညီရင်း ကူညီရင်းနဲ့ နာမည်ကျော် စုံထောက်ကြီးကို ဖြစ်နေတော့တာပဲဗျာ"

"ဟုတ်ပါရဲ့ မောင်တောအုပ်ရယ်၊ ကျုပ်လည်း နဂိုတည်းကမှ ဝါသနာက ခပ်ပါပါဆိုတော့ အမှုတွေလိုက်ပြီး ဖော်ထုတ်နေရတာကိုပဲ ပျော်နေတာကွယ်'

ကျွန်ုပ်တို့သည် ဒါလဟိုဇီလမ်း(မဟာဗန္ဓုလလမ်း)အတိုင်း အနောက်ဘက်သို့ လျှောက်လာရင်းမှ စကားပြောလာခြင်း ဖြစ်လေ၏။ ပန်းဆိုးတန်းထိပ်သို့ ရောက်သောအခါ ကြေးနန်းရုံးကြီးဘက်သို့ လမ်းဖြတ်၍ မကူးခင် ရပ်လိုက်ကြရလေ၏။ ရထားများ၊ လန်ချားများ၊ ကားများ အသွားအလာ အနည်းငယ် ရှုပ်နေသေးသည်ဖြစ်ရာ စောင့်နေကြရင်းမှ –

"မောင်တောအုပ်ရေ၊ ဟောဒီကြေးနန်းရုံးကြီးနေရာဟာ ကျုပ်တို့ မြန်မာမင်းများလက်ထက်တုန်းက မြင်းခင်းသဘင် ကျင်းပတဲ့နေရာဆိုပဲကွယ့်"

"အလို ... ဟုတ်လား ကိုသံပါတ်ရဲ့၊ ဒါဆိုရင် ဒီနေရာတစ်လျှောက်လုံးဟာ မြေကွက်လပ် အကျယ်ကြီးဖြစ်ရမှာပေါ့ဗျ"

"ဟုတ်တာပေါ့ မောင်တောအုပ်ရဲ့။ အနောက်ဘက်ကို 'ဖိုက်ချ်စကွဲ





ယား' (မဟာဗန္ဓုလပန်းခြံ) အနားအထိ ရောက်ပုံရတယ်ကွယ့်၊ ပြီးတော့ အဲဒီ မဟာဗန္ဓုလပန်းခြံ နေရာကလည်း ရေအိုင်ကြီးတဲ့ မောင်တောအုပ်ရေ၊ အဲဒီရေအိုင်ကို ဖြတ်ပြီး ကျောက်တံတားကြီး ထိုးထားတယ်ဆိုပဲ၊ ဒါကြောင့် ဒီတစ်ဝိုက်ကို ကျောက်တံတားရယ်လို့ ခေါ်နေကြတာကွယ့်။ အဲဒီကျောက်တံတားကြီးက ဆူးလေစေတီမုခ်ဝအနားထိ ရောက်တယ်ဆိုပဲ"

"ဩော် ... ဒီလိုကိုး၊ အေးဗျာ မြို့ပြပြည်ရွာတွေရဲ့ အသွင်သဏ္ဌာန်တွေကတော့ အမြဲကို ပြောင်းလဲနေတော့တာပဲနော်"

"ဒါပေါ့ကွယ့်၊ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်ပြောင်းလွဲလာခဲ့တဲ့ သမိုင်း အထောက်အထားတွေပေါ့ကွယ်"

ကျွန်ုပ်တို့လည်း စကားတပြောပြောနှင့် လျှောက်လာခဲ့ကြလေရာ၊ ရွှေဘုံသာလမ်းရှိ ဗလီကြီးအနီးသို့ ရောက်မှန်းမသိ ရောက်လာခဲ့ကြလေတော့၏။

ကျွန်ုပ်တို့နှစ်ယောက်သည် ဖြတ်သန်းစွာလာနေကြသော ရထားများ၊ လန်ချားများကို ငေးကြည့်နေစဉ်မှာပင် နှာခေါင်းအတွင်းသို့ အင်ဒီးယန်း မဆလာနံ့ သင်းသင်းကလေး ဝင်လာလေတော့၏။

'မူလလက်ဟောင်း ယူနွတ်ဆိုင်' ဟူသော ဆိုင်းဘုတ်ကလေး အောက်သို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက်

"ဟာ ... ဆပ်တို့ပါလား၊ မလာတာတောင် တော်တော်ကြာပြီနော်"

ဟု ယူနွတ်ကြီးက ဆီးကြို၍ နှုတ်ဆက်လေ၏။

"အေးကွ ... ယူနွတ်ရ၊ ခုတလော အလုပ်နည်းနည်းများနေတာ နဲ့ မင်းဆိုင်ဘက်ကို မရောက်ဖြစ်တာဟ"

"ဟုတ်ကဲ့ပါ ဆပ်၊ ခါတိုင်းလို ပူရီပဲလား"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးလေ၏။ ကျွန်ုပ်တို့လည်း ခေါင်းညိတ်ပြလိုက်လေ၏။ မကြာမီမှာပင် ပူပူနွေးပဲဟင်းနှင့် ပူရီများ စားပွဲပေါ်သို့ရောက်လာလေ၏။

ကျွန်ုပ်နှင့် ကိုသံဟိတ်လည်း အင်ဒီးယန်းမဆလာနံ့ သင်းပျံ့နေသည့် ပဲဟင်းပူပူကလေးကို ပူရီနှင့် တွဲဘက်ကာ အားရပါးရ စားသောက်ကြလေတော့၏။

ကိုသံဟိတ်လည်း သူ အင်္ဂလိပ်စစ်တပ်တွင် အမှုထမ်းခဲ့စဉ်က အတွေ့အကြုံများကို ပြောပြရင်းမှ ပူရီများကို ထပ်၍ မှာယူစားသောက်လေတော့၏။

ကျွန်ုပ်တို့နှစ်ယောက်သည် စားသောက်ပြီးသောအခါ ယူနွတ်ကြီးကို နှုတ်ဆက်၍ ပြန်ခဲ့ကြလေတော့၏။

"လန်ချား ငှားပြီး ပြန်မလား မောင်တောအုပ်"

ဟု ကိုသံဟိတ်က မေးလေရာ –

"မငှားတော့ပါဘူးဗျာ၊ အခုလိုပဲ စကားတပြောပြောနဲ့ လမ်းလျှောက်ရတာပဲ ကောင်းပါတယ်"

ဟု ကျွန်ုပ်က ပြန်၍ပြောရင်း လမ်းလျှောက်ပြန်ခဲ့ကြလေတော့၏။ ဆူးလေစေတီတော်နှင့် မဟာဗန္ဓုလပန်းခြံကို ကျော်လာ၍ ဂိုးကုမ္ပဏီအရှေ့သို့ ရောက်သောအခါတွင်

"ဗျို့ ... ကိုသံဟိတ်"

ဟု ခေါ်လိုက်သော အသံတစ်သံကို ကြားရလေရာ ကိုသံဟိတ်ရော ကျွန်ုပ်ပါ နောက်သို့ လှည့်ကြည့်လိုက်ကြလေ၏။ ကျွန်ုပ်တို့၏နောက်မှ ခပ်ဖြည်းဖြည်းမောင်း၍ လိုက်လာသော ကိုဘခင်၏ ဆီဒင်ကားကလေးကို တွေ့ရလေ၏။

ကားကလေး၏ မှန်ပေါက်မှ ခေါင်းပြူထွက်ကာ ကိုသံဟိတ်အား လှမ်း၍ ခေါ်နေသည့် ကိုထွန်းသောင်ကြီးကိုလည်း တွေ့ရလေ၏။ ဆီဒင်





ကားကလေးသည် ကျွန်ုပ်တို့ ရပ်နေသော ပလက်ဖောင်းဘေးတွင် ငြိမ့်ခနဲ ထိုးရပ်လိုက်ကာ ကားပေါ်မှ ကိုထွန်းသောင်နှင့် ကိုဘခင်တို့နှစ်ယောက်သည် ကားတံခါးဖွင့်ကာ ခပ်သုတ်သုတ် ဆင်းလာကြလေ၏။

"ဂွတ်မောနင်း ကိုဘခင်"

"ဂွတ်မောနင်း ကိုထွန်းသောင်"

ဟု ကိုသံဟိတ်က နှုတ်ဆက်လိုက်လေ၏။ ကျွန်ုပ်ကလည်း ပြုံး၍ နှုတ်ဆက်လိုက်လေ၏။ ထိုအခါ ကိုထွန်းသောင်က သူ၏ ခေါင်းကို ခါယမ်းလိုက်ကာ –

"အင်း ... မောနင်းကတော့ ဂွတ်ပါရဲ့ ကိုသံဟိတ်ရယ်။ ကျုပ်တို့က မဂွတ်ဘူး ဖြစ်နေတယ်"

ဟု ပြောလေရာ ကျွန်ုပ်နှင့် ကိုသံဟိတ်လည်း ရယ်ကြရလေတော့၏။

"အလို ဘယ်လိုကြောင်းများလဲဗျာ"

ဟု ကိုသံဟိတ်က မေးလိုက်လေရာ

"ဒူးကြီးထောက်ပြီး သေနေတဲ့ မသာကြောင့်ပေါ့ဗျာ။ အင်းစော စောစီးစီး ပြောရတာလည်း အားနာပါတယ် လက်ဖတင်နင်ရယ်"

ဟု ကိုထွန်းသောင်ကြီးက စိတ်ပျက်လက်ပျက် အမူအရာကြီးဖြင့် ပြောလေ၏။ ကိုဘခင်ကမူ ဘာမှ ဝင်မပြောသေးဘဲ ကိုထွန်းသောင် ပြောနေသည်ကိုသာ ပြုံး၍ နားထောင်နေလေ၏။ ဟစ်တလာ နှုတ်ခမ်းမွေးကြီးနှင့် နံ့နံ့ကြီး ပြုံးနေသော ကိုဘခင်မှာ ကြည့်၍ပင် ကောင်းနေသေးတော့၏။

"ဒီလို ကိုသံဟိတ်ရေ။ သင်္ကန်းကျွန်းဌာနက ဒီမနက် အစောကြီး ကျွန်တော်တို့ဆီကို အကြောင်းကြားတယ်ဗျ။ ထူးထူးဆန်းဆန်း လူသတ်မှုတစ်ခု တောက်ထော်မှာ ဖြစ်သွားလို့ အမြန်လာရောက်ပေးပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ထုံစံအတိုင်း ကျွန်တော်တို့ စီအိုင်ဒီက အဖွဲ့တွေ ဆင်းသွားကြတာပေါ့ဗျာ။ ဟိုရောက်တော့ အနေအထားကို ကြည့်လိုက်တဲ့ အခါမှာ ကျွန်တော်တို့ ဖော်လို့ ပေါ်မယ့်အမှု မဟုတ်ဘူးဆိုတာ အကဲခတ်မိလို့ ကိုသံဟိတ်ဆီကို ထွက်လာကြတာဖို့။"

"ဩော် ... ဒီလိုလား၊ တော်သေးတာပေါ့ဗျာ။ ဆိုက်ဆိုက်မြိုက်မြိုက် တွေးပေလို့ပေါ့"

ဟု ကိုသံဟိတ်က ပြောလေရာ –

"ဘယ်က ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရမှာလဲဗျာ။ ကျွန်တော်တို့နှစ်ယောက် ကိုသံဟိတ်တို့ အခန်းကို ရောက်ပြီးပြီဗျ။ မတွေ့တာနဲ့ ဒီတစ်ဝိုက်မှာ တွေ့လို့တွေ့ညားဆိုပြီး ကားနဲ့ ပတ်ကြည့်နေတာဖို့။ ခင်ဗျားတို့နှစ်ယောက် မဟာဗန္ဓုလပန်းခြံဘက်ကို ဖြတ်သွားတာ မြင်လိုက်လို့ နောက်ကနေ အသာလိုမ့်မောင်းပြီး လိုက်လာခဲ့တာ"

ဟု ကိုဘခင်က ပြောလေ၏။

"ကဲ ... ဒါဆိုလည်း ကျွန်တော့်အခန်းကို ခဏပြန်ပြီး မှန်ဘီလူးလေးဘာလေးတော့ ယူဦးမယ်ဗျာ"

ဟု ကိုသံဟိတ်က ပြောလိုက်ပြီးလျှင် ကားပေါ်သို့ တက်ကြလေ၏။ ထို့နောက် အခန်းသို့ ခဏဝင်၍ ယူစရာရှိသည်များကို ယူကာ ကိုသံဟိတ် ပြန်၍ ဆင်းလာခဲ့လေ၏။

"ကဲ ... ကိုဘခင်ရေ၊ ဘောက်ထော်ကိုသာ တန်းမောင်းပေတော့ဗျာ၊ ခင်ဗျားတို့ကသာ မောနင်းဂွတ်ပေမယ့် လူမဂွတ်တာဗျ။ ကျုပ်အတွက်ကတော့ ခုတလော ပျင်းနေတာနဲ့ အတော်ဖြစ်သွားတာဖို့။ ဩော် ... ဒါ နဲ့ မေးဦးမယ်။ ဘောက်ထော်မှာ အခု သေသွားဆဲလူက ရုပ်ပျက်ဆင်း ပျက်ကြီးဖြစ်ပြီး သေသွားတာမို့လား"

ဟု ကိုသံဟိတ်က မေးလိုက်လေရာ –





"ဗျာ"

ဟု ကိုဘခင်ရော ကိုထွန်းသောင်ပါ အံ့သြကြီးစွာ ဖြစ်သွားကြလေတော့၏။

"ကိုသံဟိတ် ဘယ်လိုများ သိနေပါလိမ့်ဗျာ။ ရုပ်ပျက်သလား မပျက်လားတော့ မမေးနဲ့ဗျို့။ သေတဲ့လူရဲ့ နဂိုရုပ်ဟာ ဘယ်လိုဆိုတာကို မှန်းကြည့်လို့တောင် မရနိုင်အောင် ပျက်နေတာ လက်ဖတင်နင်ရေ"

ဟု ကိုထွန်းသောင်ကြီးကပြောရင်း သူ၏ ခေါင်းကြီးကို စိတ်ပျက် လက်ပျက်နှင့် ရမ်းပြလေ၏။ ထိုအခါ ကိုသံဟိတ်က ပြုံး၍ –

"လူဆိုတာ မကောင်းတဲ့ အာရုံတစ်ခုခုကို တွေ့ကြုံခံစားရရင် မျက်နှာမှာ ရှိရှာတဲ့ အရိပ်လက္ခဏာ ထင်နေတတ်တာ ဓမ္မတာပဲဗျ ကိုထွန်းသောင်ရဲ့။ ကိုထွန်းသောင် ကျုပ်တို့နဲ့ တွေ့တွေ့ခြင်းမှာ လူသတ်မှုအကြောင်း ပြောပြတော့ မျက်နှာမှာ ရှိရှာတဲ့ အရိပ်က သိသိသာသာကို ထင်နေတာဗျ။ ဒီကတည်းက ကျုပ်က တွက်မိလိုက်တယ်။ ဒီလူသတ်မှုဟာ ရုပ်ပျက်ဆင်းပျက် ဖြစ်အောင်ကို သတ်သွားတာ ဖြစ်လိမ့်မယ်လို့"

ဟု ပြောလိုက်လေတော့၏။

"ကိုသံဟိတ် တွေးလုံးတွေကတော့ဗျာ လိုက်လို့ မမီအောင်ကို မြင့်မားလှပါပေရဲ့"

ဟု ကိုဘခင်က ကားမောင်းရင်းမှ ကိုသံဟိတ်ကို လေးလေးစားစား ချီးကျူးပြောဆိုလေ၏။

"ဒါကတော့ အိုင်ဗီရယ်၊ သတိအရေးကြီးတာပါဗျာ။ သတိကလေးနဲ့ စောင့်ကြည့်တတ်တဲ့ အကျင့်သာရှိရင် ဒီကွင်းဆက်ကလေးတွေကို မြင်လာတာပါပဲ၊ အဲဒီကြတော့မှ ကျိုးကြောင်းဆက်ယူရတာပေါ့လေ"

ဟု ကိုသံဟိတ်က ရှင်းပြလိုက်သောအခါ အင်စပိတ်တော်ကြီးနှစ်ယောက် သဘောကျစွာဖြင့် ခေါင်းညိတ်ပြလိုက်ကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

# ၂

# လူသတ်သော သရဲကြီး

ကိုဘခင် မောင်းလာသော ကားကလေးသည် လူသတ်မှု ဖြစ်ပွားသည့် အိမ်သို့ ရောက်လာခဲ့လေတော့၏။ အခင်းဖြစ်သော အိမ်မှာ ခြံဝင်းကြီးတစ်ခုအတွင်းတွင် ဆောက်ထားသည့် နှစ်ထပ်တိုက်စံအိမ်ကြီး တစ်လုံးပင် ဖြစ်လေ၏။ ခြံထဲတွင် သစ်ပင်ပန်းမန်များလည်း ရှိလေရာ နေချင်စဖွယ်နေရာ ကလေးတစ်ခုပင် ဖြစ်လေ၏။

ကားကို အိမ်ရှေ့မရောက်တရောက်တွင် ရပ်ခိုင်းလိုက်ပြီးလျှင် ကိုသံဟိတ်သည် ကားပေါ်မှ ဆင်းသွားကာ မြေပြင်သို့ ငုံ့၍ကြည့်လေတော့၏။ ကျွန်ုပ်တို့ကတော့ ကိုသံဟိတ်၏ ဓာတ်ကို သိနေသူများ ဖြစ်လေရာ ဘာစကားမျှ မပြောတော့ဘဲ ကိုသံဟိတ်၏ အရိပ်အကဲကိုသာ ကြည့်နေကြလေတော့၏။

ကိုသံဟိတ်သည် တိုက်ခံအိမ်ကြီးအရှေ့မှ ဆင်ဝင်အောက်သို့ ဝင်သါးပြီးလျှင် ဘာဂျာတံခါးကို သေသေချာချာ ကြည့်လေ၏။ ပြီးလျှင် ပြန်၍ထွက်လာကာ မြေပြင်တွင် ထိုင်၍ မှန်ဘီလူးနှင့် ကြည့်လေ၏။





ထို့နောက် တိုက်ဘေးမှ ပတ်ကာ အိမ်နောက်ဘက်သို့ သွားလေ၏။ အိမ်နောက်ဘက်မှ ကာရံထားသော သွပ်ဆူးကြိုးများကို သေသေချာချာ ကြည့်ကာ ထိုင်ချလိုက်လေ၏။ ပြီးလျှင် တစ်စုံတစ်ခုကို ကောက်၍ ယူလိုက်ကာ သေသေချာချာ ကြည့်လေ၏။ ကျွန်ုပ်လည်း ကိုသံဟိတ် ကောက်ယူလိုက်သော အရာကို ကြည့်လိုက်လေရာ ပလာယာ လေးတစ်ခု ဖြစ်နေသည်ကို တွေ့ရလေတော့၏။

ကိုသံဟိတ်လည်း ခေတ္တမျှ ငြိမ်၍ စဉ်းစားနေရာမှ ချက်ချင်းပင် သွပ်ဆူးကြိုးပေါက်မှ ငုံ့၍ အပေါ်သို့ ထွက်သွားလေတော့၏။

"အိုင်ဆေး ကိုဘခင်၊ ကျွန်တော်တို့ပါ လိုက်သွားကြမလား"

ဟု ကိုထွန်းသောင်ကြီးက မေးလေ၏။ ထိုအခါ ဟစ်တလာ၏ နှုတ်ခမ်းမွေးကဲ့သို့ နှုတ်ခမ်းမွေးပြားပြားကြီးရှိသော ကိုဘခင်က ခေါင်း ခါလိုက်ကာ –

"လိုက်မနေပါနဲ့တော့ဗျာ၊ ဒီအနီးအနားမှာ အခြေအနေကို အကဲခတ်ပြီးရင် ကိုသံဟိတ် ပြန်လာမှာပါ"

ဟု ပြောသဖြင့် ကျွန်ုပ်တို့သည် ကိုသံဟိတ် နောက်သို့ မလိုက်တော့ဘဲ ခြံထဲမှာပင် နေခဲ့ကြလေတော့၏။

ကိုသံဟိတ်ကတော့ ခြံပြင်သို့ ထွက်သွားကာ သစ်ပင်များကြား တွင် ပျောက်ကွယ်သွားလေ၏။ အချိန်အတန်ကြာမှ ကိုသံဟိတ်သည် ကျွန်ုပ်တို့ နောက်ဘက်သို့ ရောက်လာကာ –

"ကဲ . . . ကိုဘခင်ရေ၊ အိမ်ထဲ ဝင်ကြစို့ဗျာ"

ဟု ရုတ်တရက် ပြောလိုက်လေရာ အိမ်နောက်ဘက်မှပင် ပြန်နိုးလာလိမ့်မည်ဟု ထင်သဖြင့် အိမ်နောက်ဘက်သို့ ကြည့်နေကြသော ကျွန်ုပ်တို့သည် လန့်၍ပင် သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အလို ကိုသံဟိတ်က ဘယ်ကနေ ပြန်ရောက်လာတာလဲ။ ကျွန်တော်တို့သာ ခင်ဗျား ထွက်သွားတဲ့ သွတ်ဆူးကြီးအပေါက်ကို ကြည့်နေတာဗျ"

ဟု ကိုထွန်းသောင်က ပြောလိုက်လေရာ –

"ဟိုဘက်နှစ်ခြံကျော်မှာ လမ်းကြားကလေးတစ်ခု ရှိတယ်ဗျ။ အဲဒီက ပတ်ထွက်လိုက်တာ ဒီရှေ့က လမ်းပေါ်ကို ရောက်လာတာနဲ့ ခြံ ရှေ့ပေါက်ကပဲ ပြန်ဝင်လာခဲ့တာဗျို့"

ဟု ကိုသံဟိတ်က ပြန်ပြောလေ၏။ ပြီးလျှင်

"ဟောဒီပလာယာက လူသတ်သမား အသုံးပြုခဲ့တဲ့ ပစ္စည်းပဲဗျ။ ဒါနဲ့ သွတ်ဆူးကြီးကို ဖြတ်ပြီး ဝင်လာတာပေါ့ဗျာ"

ဟု ပြောကာ ကိုတခင်အား ပလာယာကလေး အပ်လိုက်လေတော့၏။ ကိုဘခင်ကလည်း ပလာယာကလေးကို လှမ်း၍ ယူလိုက်ကာ စက္ကူအိတ်တစ်ခုထဲသို့ ထည့်၍ သိမ်းလိုက်လေ၏။ ထို့နောက် အရှေ့မှ ဦးဆောင်၍ အိမ်ထဲသို့ ဝင်သွားသော ကိုသံဟိတ်၏ နောက်မှ ကျွန်ုပ်တို့ အားလုံး လိုက်ပါ၍ ဝင်ရောက်ခဲ့လေ၏။

ကိုသံဟိတ်သည် ဘာဂျာတံခါးတွင် ချိတ်ထားသော ကြေးသော့ခလောက်ကြီးကို တစ်ချက်ကြည့်လေ၏။ ပြီးလျှင် သူ၏ ဘလေဇာကုတ် အင်္ကျီအိတ်ထဲမှ မှန်ဘီလူးကို ထုတ်၍ ကြေးသော့ခလောက်ကြီးကို သေသေချာချာ ကြည့်လေ၏။

ကျွန်ုပ်တို့လည်း ကိုသံဟိတ် ပြုလုပ်နေသည်တို့ကို ငေး၍သာ ကြည့်နေကြရလေ၏။ ကိုသံဟိသည် ကြေးသော့ခလောက်ကြီးကို ဖြုတ်ယူလိုက်ကာ မှန်ဘီလူးနှင့် စိတ်တိုင်းကျ ကြည့်လေတော့၏။ ပြီးတော့မှ သော့ခလောက်ကြီးကို ဘာဂျာတံခါးတွင် ပြန်၍ချိတ်ထားလိုက်လေ၏။





ထို့နောက်တွင် ကိုသံဟိတ်သည် ဘာမှမပြောတော့ဘဲ အိမ်ကြီး၏ အပေါ်ထပ်သို့ လှေကားမှ တက်သွားလေ၏။ အိမ်ပေါ်ထပ်သို့ ရောက်သောအခါ အသားဖြူဖတ်ဖြူရော်နှင့် မျက်စိပေါက် ခပ်ကျင်းကျင်း ရှိသော စုတ်ချွန်းအုန်းသင်ဟု ခေါ်ကြသည်။ အင်စပိတ်တော် ကိုအုန်းသင်က လှေကားထိပ်မှ ဆီးကြို၍ ပြုံးပြလေ၏။

"အိုင်ပီ အုန်းသင်ကဲတော့ အလောင်းကြီးကို မကြည့်ရဲတာနဲ့ လှေကားဘက်ကိုပဲ ကြည့်နေတာ ထင်တယ်ဗျို့"

ဟု ထုံးစံအတိုင်း ကိုထွန်းသောင်ကြီးက ကိုအုန်းသင်ကို စလေတော့၏။

"အင်း . . . ဒီတစ်ခါတော့ ခင်ဗျားပြောလည်း ခံရတော့မှာပဲ ကိုထွန်းသောင်ရေ။ ကျုပ် တစ်သက်မှာဖြင့် ဒီလောက် ရုပ်ပျက်ဆင်းပျက် သေတဲ့ မသာမျိုးကို တစ်ခါမှ မတွေ့ဖူးသေးပါဘူးဗျာ"

ဟု ကိုအုန်းသင်က လေးသံပြော့လေးနှင့် ပြောလေတော့၏။

"အမယ် ဒီတစ်ခါတော့ စုတ်ချွန်းက လေသံ တယ်ပြော့ပါလားဟ၊"

ဟု ကိုထွန်းသောင်က ပြန်ပြောရင်း အိမ်ပေါ်ထပ်သို့ တက်ခဲ့လေ၏။ ကျွန်ုပ်တို့အားလုံး တိုက်ခံအိမ်ကြီး၏ အပေါ်ထပ်သို့ ရောက်ကြသောအခါ –

"ဟာ"

ဟုပင် ကျွန်ုပ်၏ နှုတ်မှ ယောင်၍အော်လိုက်မိလေတော့၏။ ခေါင်းရင်းဘက်မှ သစ်သားနံရံတွင် လုံတို တစ်ချောင်းချိတ်ထားလေ၏။ ထိုလုံတို၏အောက် တစ်ထွာခန့်အလိုတွင် သေသူ၏ လက်ဖဝါးကို ရှေး ခေတ်က ကားစင်တင်သကဲ့သို့ ဓားတစ်ချောင်းက ဖောက်ဝင်ကာ နံရံထဲသို့ တစ်ဝက်ကျော်ကျော်ခန့် နစ်ဝင်နေလေ၏။ ထို့နောက် ကျွန်ုပ်သော



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်၏ လက်ခုံကိုလည်း ယခင်ဓားနှင့် ပုံစံတူသော ဓားတစ်ချောင်းက အရင်းရောက်အောင် မြုပ်ဝင်လျက် သစ်သားနံရံတွင် စိုက်နေလေ၏။ ဒုတိယလက်ခုံသည် ပထမလက်ဖဝါးနှင့် အထက်အောက် တစ်လက်မခန့်သာ ကွာလျက်ရှိလေ၏။

သေသူမှာ ရှမ်းဘောင်းဘီအနက်ကို ဝတ်ထားလျက် အပေါ်မှ ရှပ်အင်္ကျီနက်ပြာကို ဝတ်ဆင်ထားကာ ကြမ်းပြင်တွင် ဒူးများထောက်လျက် လက်ကြီးနှစ်ဖက်က အပေါ်သို့ မြှောက်နေကာ နံရံတွင် ကားစင်တင်ထားသကဲ့သို့ ဖြစ်နေလေ၏။

ခေါင်းကြီးမှာ အောက်သို့ လည်လည်ကြီးဖြစ်၍ ငိုက်စိုက်ကျနေလေ၏။ ကိုသံပတိတ်သည် အလောင်းနှင့် သုံးပေခန့်ကွာသော နေရာမှ ကုလားထိုင်နှင့် စားပွဲကို စိုက်၍ကြည့်လိုက်ကာ အနီးသို့ လျှောက်သွားလေ၏။

ပြီးလျှင် စားပွဲပေါ်မှ သောက်လက်စ အရက်ခွက်နှင့် အရက်ပုလင်းကို ယူ၍ ကြည့်လေ၏။ ထို့နောက် စားလက်စ အမြည်းပန်းကန်ကိုလည်း ယူ၍ ကြည့်လေ၏။

စားပွဲတွင် ကုလားထိုင်သုံးလုံး ဝိုင်းချထားသော်လည်း အရက်ဖန်ခွက်မှာ တစ်လုံးတည်းသာ တွေ့ရလေ၏။

ပြီးလျှင် ကိုသံပတိတ်သည် အရက်ခွက်မှ လက်ဗွေရာကို မှန်ဘီလူးနှင့် ကြည့်လေ၏။ အရက်ပုလင်းပေါ်မှ လက်ဗွေရာကိုလည်း ကြည့်လေ၏။

ထို့နောက်တွင်တော့ လက်ကြီးနှစ်ဖက်မြှောက်ကာ ဒူးထောက်လျက်ကြီး သေနေသည့် အလောင်းအနီးသို့သွားကာ လက်ဖဝါးများကို ဖောက်၍ နံရံထဲတွင် မြုပ်ဝင်နေသော ဓားများကို သေသေချာချာ





အနီးကပ် ကြည့်လေ၏။ ဓားအရိုးများကို မှန်ဘီလူးနှင့် အထပ်ထပ် ကြည့်ပြန်လေ၏။

ကျွန်ုပ်တို့ တက်လာစဉ်က အိမ်ကြီး၏အပေါ်ထပ်တွင် ကိုအုန်းသင် တစ်ယောက်တည်းမကဘဲ သက်နိကျွန်းဌာနမှ ပုလိပ်သားများ၊ ဌာနာအုပ်ကို ဘစိန်နှင့် စီအိုင်ဒီမှ အခြားအင်ပိတ်တော်နှစ်ယောက်တို့ ပါရှိနေကြသည်ဖြစ်ရာ လက်ဖတင်နင်သံပတိတ်၏ ထောက်လှမ်းပုံကို ကြားဖူးရုံသာရှိကြ၍ တစ်ခါမျှ မမြင်ဖူးကြသဖြင့် ယခုကဲ့သို့ ကြုံကြိုက်လာသောအခါတွင် စိတ်ဝင်တစား ကြည့်နေကြလေတော့၏။

ကိုသံပတိတ်သည် နံရံတွင် စိုက်ဝင်နေသည့် ဓားနှစ်ချောင်း၏ လက်ကိုင်ရိုးကလေးများကို နောက်တစ်ခါ ထပ်၍ မှန်ဘီလူးနှင့် ကြည့်ပြန်လေ၏။

ပြီးလျှင် သေသူ၏ လက်မများကို လှန်၍ မှန်ဘီလူးနှင့် ကြည့်လေ၏။ ထိုသို့ သေသေချာချာ ကြည့်ပြီးသောအခါတွင်မှ ဒူးထောက်လျက်ကြီး သေနေသည့် အလောင်းကို တစ်ပတ်ပတ်ကာ အောက်သို့ ငိုက်စိုက်ကြနေသည့် ခေါင်းကြီးကို ဆံပင်များမှ ကိုင်၍ လှန်ကြည့်လေ၏။

"ဟင်"

ဟုပင် ကျွန်ုပ်၏ ပါးစပ်မှ ယောင်၍ ထွက်သွားလေတော့၏။ အဘယ်ကြောင့်ဆိုသော် အလောင်း၏မျက်နှာတွင် ဓားနှင့် မွှန်းထားသည့် ဒဏ်ရာများမှာ မည်မျှရှိနေသည်ကို မပြောတတ်လောက်အောင် များပြားသဖြင့် မျက်နှာကြီးတစ်ခုလုံးမှာ သေသူ၏ နဂိုပုံကို ပြန်၍ ဖမ်းယူမရနိုင်လောက်အောင်ပင် ပျက်စီးနေလေတော့၏။

ကိုသံပတိတ်သည် ဓားဒဏ်ရာများကို မရွံမရှာပင် စိမ်ပြေနပြေ ကြည့်နေသည်ကို တွေ့ရလေရာ ကျွန်ုပ်မှာ ကိုသံပတိတ်အစား အသည်းထုံ့အတုံ့ ဖြစ်ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကောင်၏ မျက်လုံးကြီးများမှာ အရှေ့သို့ ပြူးထွက်နေကာ ပါးစပ်ကြီးပါ ဟနေသည်ကို တွေ့ရလေ၏။ အလောင်း၏ မျက်စိကြီးများသည် ကိုသံဟိတ်ကို စိုက်၍ ကြည့်နေသကဲ့သို့ ရှိလေရာ ကျွန်ုပ်မှာ ရင်ထဲတွင် တလှပ်လှပ်ပင် ဖြစ်သွားလေတော့၏။

ကျွန်ုပ်သည် ကိုသံဟိတ်၏ နောက်သို့ လိုက်ပါကာ အလောင်းများ စစ်ဆေးသည်ကို အကြိမ်ကြိမ် တွေ့ခဲ့ဖူးသော်လည်း ယခု တွေ့ရသော အလောင်းကြီးလောက် ကြောက်စရာကောင်းသော အလောင်းကို တစ်ခါမျှ မတွေ့ဖူးခဲ့ပေ။ ယခုအလောင်းကြီးကို ကြည့်ရခြင်းဖြင့် သေသူသည် မသေခင်၌ ဝေဒနာကို မချိမဆန့်ခံစားရပြီးမှ သေသွားခဲ့သည်မှာ ထင်ရှား၍ နေလေတော့၏။

ကိုသံဟိတ်သည် ဒူးကြီးထောက်၍ သေနေသော အလောင်းကြီးကို စိမ်ပြေနပြေကြည့်လျက် ကုလားအုတ် စီးကရက်ကို ထုတ်ကာ မီးညှိလေ၏။

"မောင်တောအုပ် ဆေးလိပ်သောက်ဦးမလား"

ဟု ကျွန်ုပ်ကိုပင် လှမ်း၍ မေးလေ၏။ ကျွန်ုပ်ကလည်း –

"မသောက်တော့ဘူး ကိုသံဟိတ်"

ဟု ပြန်၍ ပြောလိုက်ရာ ကိုသံဟိတ် ဘာများပြောမည်လဲဟု၍ နားစွင့်နေမိလေတော့၏။ ဆေးလိပ်ကိုသာ တစ်ဖွာပြီးတစ်ဖွာ သောက်နေသော ကိုသံဟိတ်သည် ဌာနာအုပ်ကိုဘစိန်ဘက်သို့ လှည့်လိုက်ကာ –

"ဌာနာအုပ်ကြီး ဖြစ်ပုံကလေး နည်းနည်း ပြောပါဦးဗျာ"

ဟု ကိုသံဟိတ်က မေးလေ၏။ ထိုအခါ ဌာနာအုပ် ကိုဘစိန်က ကိုသံဟိတ်၏ အနီးသို့ တိုးသွားကာ –

"ဒီလို လက်ဖတင်နှင်ရေ၊ သေတဲ့လူရဲ့ နာမည်က ကိုတက်ခေါင်လို့ ခေါ်တယ်ဗျ။ အလုပ်ကတော့ ရတနာကုန်သည်တစ်ယောက်လို့





ပြောတယ်၊ ညက သူ့မိန်းမ မပန်းနွယ်က ကိုးနာရီလောက်မှာ သိပ်နေမကောင်းလို့ဆိုပြီး အိပ်ရာ စောစော်ဝင်သွားတယ်တဲ့ဗျ။ ကိုတက်ခေါင်ကတော့ တစ်ယောက်တည်း အေးအေးဆေးဆေး အရက်ထိုင်သောက်နေတယ်တဲ့။

ဌာနာအုပ်ကိုဘစိန်ကလည်း သူမေးမြန်း စစ်ဆေးထားသည့် အချက်များကို သေသေချာချာ ပြောပြလေ၏။

ထိုအချိန်မှာပင် ခြံကြီးထဲမှ ဆူညံဆူညံအသံများ ကြားလိုက်ရလေရာ ကိုဘစိန်သည် ပြောလက်စစကားကို ရပ်လိုက်၍ သူ့အမည်များဆီသို့ လှည့်၍ –

"ဟေ့ . . . မြင့်ဦး အောက်မှာ ဘာဖြစ်တာလဲ၊ ဆူညံဆူညံနဲ့"

ဟု ပြောလိုက်လေရာ ပုလိပ်သားကလေးသည် အိမ်ရှေ့ဘက်ရှိ ပြတင်းပေါက်သို့ ပြေးသွားကာ ငုံ့ကြည့်လေ၏။ ပြီးတော့မှ နောက်သို့ လှည့်ကာ –

"ဘာမှဖြစ်တာ မဟုတ်ပါဘူး ဌာနာအုပ်ကြီး။ ခြံထဲကို သူတောင်းစားကြီးတစ်ယောက် ဘုမသိ၊ ဘမသိနဲ့ ဝင်လာပြီး၊ ပိုက်ဆံတောင်းလို့ ခြံထဲမှာ စောင့်နေတဲ့ အောင်ထွန်းနဲ့ ကျော်မောင်က ခြံထဲက ထွက်သွားအောင် မောင်းထုတ်နေကြတာပါ"

ဟု ပြောလေ၏။

"ဩော် . . . အေး . . . အေး၊ အဲဒါနဲ့ ညသန်းခေါင် နီးပါးလောက်ကြတော့ အိမ်ရှေ့က စကားပြောသံတွေကို အိမ်ခန်းထဲမှာ အိပ်နေတဲ့ မပန်းနွယ်က နိုးလာပြီး ကြားလိုက်လို့ ဒီအချိန်ကြီးမှာ သူ့ယောက်ျား ဘယ်သူနဲ့များ စကားပြောနေပါလိမ့်ဆိုပြီး စိုးရိမ်တကြီးနဲ့ ပြေးထွက်လာတယ် ဆိုပဲ။ မပန်းနွယ်ရဲ့ စိတ်ထဲမှာတော့ ကိုတက်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



အရက်သောက်ရင်း လေတွေ ဘာတွေ ဖြတ်သွားလို့ ဗူးဗူးဝါးဝါးတွေ ပြောနေတာလားလို့ တွေးမိပြီး ပြေးထွက်လာတာတဲ့။

အိမ်ရှေ့ကို ရောက်တော့ တစ်ကိုယ်လုံး အဝတ်မည်းမည်းကြီး ခတ်ထားတဲ့ သရဲကြီးတစ်ကောင်က သူ့ကို စိုက်ကြည့်နေတာ တွေ့လိုက်ရတယ်တဲ့။ မျက်နှာကြီးက အပေါက်ကြီးတွေ၊ အချိုင့်ကြီးတွေနဲ့ ကြောက်စရာ တော်တော်ကောင်းတယ်ဆိုတဲ့ လက်ဖတင်နင်ရဲ့။ အဲဒီ သရဲကြီးကိုလည်း မြင်လိုက်ရရော၊ မပန်းနွယ်လည်း ရင်ထဲမှာ 'ဒိန်း'ခနဲ ဖြစ်ပြီး တစ်ချက်ပဲ အော်လိုက်နိုင်တယ်တဲ့၊ တစ်ခါတည်း သတိလစ်သွားတော့တာပဲတဲ့ဗျာ။

သူ သတိရတော့ သရဲကြီးကတော့ မရှိတော့ဘူးတဲ့။ ဒါပေမဲ့ ခေါင်းရင်းနံရံမှာ ဒူးကြီးထောက်ပြီး သေနေတဲ့ သူ့ယောက်ျားကိုတက်ခေါင်ရဲ့ အလောင်းကြီးကို တွေ့လိုက်ရတယ်တဲ့။ ဒါနဲ့ သူလည်း လန့်အော်ပြီး အိမ်နီးချင်းတွေကို အော်ခေါ်လိုက်တော့ တဖြည်းဖြည်းနဲ့ ဘေးအိမ်တွေက လူတွေ ရောက်လာတော့တာပဲတဲ့ဗျာ''

ဟု ကိုဘစိန်က သေသေချာချာ ပြောသောအခါ ကိုသံဟိတ်သည် ခေါင်းကို ညိတ်၍ ပြလိုက်ကာ –

''အခု ကိုတက်ခေါင်ရဲ့ ဇနီးမပန်းနွယ် ဘယ်မှာလဲ ဌာနာအုပ်ကြီး''

ဟု ကိုသံဟိတ်က မေးလိုက်လေ၏။

''အောက်ထပ်က အခန်းထဲမှာ ရှိပါတယ် လက်ဖတင်နင်။ ဘေးခြံက မိန်းမတွေ စောင့်နေကြပါတယ်''

''ဒါထက် ဒီအိမ်ကြီးမှာက သူတို့လင်မယားပဲ နေတာလား။ တခြားသူတွေ မရှိဘူးလား''

ဟု ကိုသံဟိတ်က မေးလေ၏။





''မပန်းနွယ်ရဲ့ အဒေါ်တစ်ယောက် ရှိပါတယ် လက်ဖတင်နင်။ ဒေါ်ထွေးလို့ ခေါ်ပါတယ်။ အရင်ကတော့ ကန်တော်ကလေးဘက်မှာ ထမင်းဆိုင် ဖွင့်တယ်လို့ ပြောတယ်။ အခုတော့ ထမင်းမရောင်းတော့ဘဲ သူမနဲ့ အဖော်လာနေပေးတယ်တဲ့။ လွန်ခဲ့တဲ့ နှစ်ရက်ကမှ ဒိုက်ဦးက သူ့မောင်ဝမ်းကွဲတစ်ယောက် ဆုံးလို့ဆိုပြီး ခရီးထွက်သွားတာပဲ ဒရိုင်ဘာကတော့ မနက် ၇ နာရီလောက်မှ ရောက်လာလေ့ရှိတယ်တဲ့''

''ဪ . . . ဒါဆိုတော့ ညက သူတို့လင်မယားနှစ်ယောက်ပဲ ရှိနေတာပေါ့''

ဟု ကိုသံဟိတ်က ပြောလိုက်လေရာ –

''ဟုတ်ပါတယ် လက်ဖတင်နင်''

ဟု ကိုဘစိန်က ဖြေလေ၏။ ထိုအခါ ကိုသံဟိတ်က တစ်ခုခုကို စဉ်းစားနေပြန်လေ၏။

''ကဲ . . . ဒါဆိုရင် အောက်ထပ်ကို ဆင်းပြီး မပန်းနွယ်ကို နည်းနည်းလောက် မေးကြည့်ရအောင်ဗျာ''

ဟု ကိုသံဟိတ်က ပြောလိုက်လေရာ ဌာနာအုပ်ကြီးကိုဘစိန်က ပုလိပ်သားကလေးတစ်ယောက်ကို အောက်သို့ လွှတ်လိုက်ကာ မပန်းနွယ်ကို အဆင်သင့် စောင့်နိုင်းထားလိုက်လေ၏။

ခဏကြာလျှင် ကျွန်ုပ်တို့သည် အောက်ထပ်သို့ ဆင်း၍လာခဲ့ကြလေတော့၏။ အောက်ထပ်ရှိ ဧည့်ခန်းကြီးထဲတွင် ကိုတက်ခေါင်၏ ဇနီး မပန်းနွယ်သည် အဆင်သင့် စောင့်နေလေ၏။

ကိုသံဟိတ်၊ ကိုတခင်နှင့် ဌာနာအုပ်ကြီး ကိုဘစိန်တို့က ကုလားထိုင်များတွင် ဝင်၍ထိုင်လိုက်ကြလေ၏။ ကျွန်ုပ်နှင့် အခြားအင်စပိတ်တော်များက မတ်တတ်ရပ်လျက် ကြည့်နေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ငိုထားသဖြင့် မျက်နှာကလေး အစ်နေသော မပန်းနွယ်အား သေသေချာချာ ကြည့်လိုက်သောအခါ အလွန်ချောမောလှပသော မိန်းမတစ်ယောက်ဖြစ်သည်ကို တွေ့ရလေ၏။ မျက်နှာလုံးလုံးကလေးပေါ်တွင် မျက်လုံးမျက်ဖန်ကောင်းကောင်း နှာတံပေါ်ပေါ်၊ နှုတ်ခမ်းဖူးဖူးကလေးနှင့် အလွန်ကြက်သရေရှိသော မိန်းမတစ်ယောက် ဖြစ်လေ၏။

"မပန်းနွယ်ကို ကျွန်တော် တစ်ခုနှစ်ခုလောက်တော့ မေးပါရစေ"

ဟု ကိုသံဟိတ်က ကြည်လင်အေးမြသော အသံဖြင့် ခွင့်တောင်းလေ၏။

"ဟုတ်ကဲ့ မေးပါရှင်၊ ကျွန်မ ဖြေပါ့မယ်"

ဟု မပန်းနွယ်က ပြန်၍ ပြောလေ၏။

"ဒီလိုပါ မပန်းနွယ်၊ ကိုတက်ခေါင်နဲ့ အတူတူ အလုပ်လုပ်ခဲ့ဖူးတဲ့ လူတွေထဲက ဖြစ်ဖြစ်၊ တခြားသူ အသိအကျွမ်းတွေထဲက ဖြစ်ဖြစ်ပေါ့။ ကျွန်းကျဖူးတဲ့သူတွေ ဘာတွေများ ရှိသလားဗျာ"

"ရှင် ဘယ်လို ကျွန်းကျတဲ့သူ၊ တစ်သက်တစ်ကျွန်းကျတာကို ပြောတာလား"

"ဟုတ်ပါတယ် ခင်ဗျာ။ အက်ဒမန်ကျွန်းကို အပို့ခံရတဲ့သူကို ပြောတာပါ"

ကိုသံဟိတ် ရုတ်တရက် မေးလိုက်သော မေးခွန်းသည် ကျွန်ုပ်တို့ လုံးဝ ထင်မထားသော မေးခွန်းဖြစ်လေရာ စီအိုင်ဒီမှ အင်စပိတ်တော်များရော ကျွန်ုပ်ပါ အံ့သြသွားကြလေတော့၏။ ထိုအခိုက်မှာပင် မပန်းနွယ်သည် မျက်စိမျက်နှာ ပျက်သွားကာ –

"ရှိ ရှိပါတယ်ရှင်"





"ဘယ်သူများပါလိမ့် မပန်းနွယ်"

"ကိုမိုးလို့ခေါ်တဲ့သူပါ၊ ကိုတက်ခေါင်ရဲ့ ဆရာပါ"

"ဩော် … ကိုမိုးတဲ့လား။ ကိုတက်ခေါင်ရဲ့ဆရာဆိုတော့ ဘာကို သင်ပေးတဲ့ ဆရာလဲဗျ"

ဟု ကိုသံဟိတ်က မေးလေ၏။

"အဲဒါတော့ ကျွန်မ သေသေချာချာ မသိပါဘူးရှင်။ အဲဒီလူက ကုန်သည်တစ်ယောက်ပါ။ ကိုတက်ခေါင်က အဲဒီလူနဲ့အတူတူ နေပြီးတော့ ကုန်သည်အလုပ်တွေမှာ လိုက်ပြီးလုပ်ပေးရတာပါ။ ဘာကြောင့် ဆရာလို့ ခေါ်တယ်ဆိုတာတော့ ကျွန်မလည်း မသိပါဘူးရှင်"

"အဲဒီလူက ဘယ်လိုဖြစ်လို့များ ကျွန်းကျသွားရတာတုန်းဗျ"

ဟု ကိုသံဟိတ်က ထပ်၍မေးလေ၏။

"လူသတ်မှုလို့ ပြောတာပဲရှင်။ ပြင်သစ်ကြီးတစ်ယောက်ကို သတ်တာလို့ ပြောတာပဲ"

"ဩော် … အဲဒီလူ ကျွန်းကျတာ ဘယ်လောက်ကြာပြီလဲဗျ"

"အင်း … လေးနှစ်လောက်တော့ ရှိပြီ ထင်တယ်"

"မပန်းနွယ် အဲဒီလူကိုတော့ ရင်းရင်းနှီးနှီး သိတာပေါ့နော်"

"ရှင် မသိပါဘူး။ တွေ့တော့ တွေ့ဖူးတာပေါ့"

ဟု မပန်းနွယ်က ပြောလေရာ ကိုသံဟိတ်သည် ခေါင်းညိတ်မှုလိုက်လေ၏။

"မပန်းနွယ် ညက တွေ့လိုက်ရတဲ့ သရဲကြီးက တော်တော်ကြောက်စရာ ကောင်းသလားဗျ"

ကိုသံဟိတ်က မေးလိုက်ပြန်လေရာ –

"ကြောက်စရာ ကောင်းတာတော့ မပြောပါနဲ့တော့ရှင်။ မျက်နှာကြီးမှာ အပေါက်ကြီးတွေနဲ့။ လူနဲ့တူတာဆိုလို့ မျက်လုံးနှစ်လုံးပဲ ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဆိုတာ ကြောက်လွန်းလို့ သတိတောင် လစ်သွားတာရှင့်။ ပြီးတော့ အဲဒီသရဲကြီးက ကျွန်မကို စိုက်ကြည့်နေတာ။ အောင်မယ်လေး ပြောရင်းနဲ့တောင်မှ ကြက်သီးတွေ ထလာလိုက်တာ စုံထောက်ကြီးရယ်"

"အင်း ... ဒါပါပဲ မပန်းနွယ်။ နားနေပါတော့"

ဟု ကိုသံဟိတ်က ပြောလိုက်ပြီးလျှင် ကိုဘခင်ဘက်သို့ လှည့်ကာ

"ကဲ... အိုင်ပီတို့ ခြံထဲကို ခဏ ထွက်လိုက်ကြရအောင်ဗျာ"

ဟု ကိုသံဟိတ်က ပြောပြောဆိုဆိုနှင့် ခြံကြီးထဲသို့ ထွက်သွားလေရာ ကျွန်ုပ်နှင့် အင်စပိတ်တော်ကြီးများအားလုံးက နောက်မှ လိုက်ခဲ့ကြလေတော့၏။

'ကဲ ... အိုင်ပီတို့ အားလုံး ဘယ်နှယောက်လဲ"

ဟု ကိုသံဟိတ်က ကောက်ကာ ငင်ကာ မေးလိုက်လေရာ အင်စပိတ်တော်ကြီးအားလုံးသည် ငိုင်သွားလေ၏။ ပြီးတော့မှ စုတ်ချွန်းကို အုန်းသင်က တစ်ယောက်ချင်း လိုက်၍ရေလေ၏။

"တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်၊ လေးယောက် ကိုဘစိန် ပါဆို ငါးယောက်"

ဟု ကိုအုန်းသင်က ပြောလိုက်လေရာ –

"ဟာ စုတ်ချွန်းကတော့ လုပ်ပြီဟေ့။ မင်းကိုယ်မင်းတော့ ထည့် မရေဘူးလား"

ဟု ကိုထွန်းသောင်ကြီးက ပြောလိုက်လေရာ ကိုအုန်းသင်က ရှက်ကိုးရှက်ကန်းဖြင့် ပြုး၍ –

"ဟာ... ဟုတ်သားပဲ၊ ခြောက်ယောက်ဗျို့၊ ခြောက်ယောက်"

ဟု ပြောလေ၏။





"ကိုသံဟိတ်က ပြောလေလျှင် အင်စပိတ်တော်ကြီးများသည် ကိုသံဟိတ် ဘာကိုဆိုလိုမှန်း အခုထိ သဘောမပေါက်သဖြင့် –

"နို့ ... နေပါဦး ကိုသံဟိတ်ရဲ့၊ ဘာများ လုပ်မလို့တုန်း"

ဟု ကိုဘခင်က မေးလိုက်လေရာ ကိုသံဟိတ်က –

"လူသတ်သမားကို ဖမ်းမလို့ဗျ"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေရာ ကျွန်ုပ်တို့အားလုံး အံ့ဩသွားကြလေတော့၏။

"ဒီလိုဗျ၊ အလောင်းကို မကြည့်ခင်မှာ ကျုပ်အိမ်နောက်ဖက် အထိ သွားတာကို ကိုဘခင်တို့ တွေ့တယ်မို့လား"

"ဟုတ်ကဲ့ တွေ့ပါတယ်"

ဟု ကိုဘခင်က ပြောလေ၏။ ထိုအခါ ကိုသံဟိတ်က အိမ်နောက်ဘက်သို့ လက်ညှိုးထိုး၍ပြကာ –

"အဲဒီနောက်ကို လိုက်သွားတာ တခြားကြောင့် မဟုတ်ဘူးဗျို့။ လူသတ်သမားရဲ့ ခြေရာကို တွေ့လို့လိုက်သွားတာ လူသတ်သမားဟာ အဲဒီနောက်က သွတ်ဆူးကြိုးကို ပလာယာနဲ့ဖြတ်ပြီး ဝင်လာတာဗျ။ ပြီးတော့ အိမ်ရှေ့က ဘာဂျာတံခါးက သော့ခလောက်ကို ဖွင့်ပြီး ဝင်တယ်။ သော့ဖွင့်တဲ့ လက်ရာကတော့ တော်တော်ကို သေသပ်တာဗျ။ ကျုပ် စိတ်ထင်ပြောရရင်တော့ ဒီလူသတ်သမားဟာ အလွန်ကို တော်တဲ့ သော့ ဝိဇ္ဇာတစ်ယောက်ပဲဗျို့"

"ဟာ ဒီလောက်တောင်ပဲလားဗျာ"

ဟု ကိုထွန်းသောင်က အံ့ဩစွာနှင့် ပြောလေ၏။

"ဟုတ်တယ် ကိုထွန်းသောင်ရဲ့။ ဒီကောင်ဟာ သော့ဖွင့်ပြီး တော့ အိမ်ပေါ်ထပ်ကို တက်သွားတာ။ ဒီကောင်စီးလာတဲ့ ကင်းဗတ် ဖိနပ်ရာ၊ လှေကားထစ်တွေမှာ တွေ့နေရတယ်။ အပေါ်ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



အရက်သောက်နေတဲ့ တက်ခေါ်ဂ်က လူသတ်သမားနဲ့ စကားအခြေအတင် ပြောရင်း နံရံမှာ ချိတ်ထားတဲ့ လှံနားကို ကပ်သွားပုံရတယ်ဗျ။ ပြီးတော့ လှံကို ဖြုတ်ဖို့ လက်လှမ်းလိုက်တဲ့အချိန်မှာ လူသတ်သမားက ဓားနဲ့ လှမ်းပြီး ပစ်လိုက်ပုံရတယ်။ နံရံမှာ လက်ဝါးတစ်ဖက်ကို ဓားစိုက်ဝင်ပြီး ကပ်နေတုန်းမှာ နောက်လက်တစ်ဖက်က ဖြုတ်ပစ်ဖို့ လှမ်းလိုက်တဲ့အချိန် နောက်ထပ် ဓားတစ်ချောင်းနဲ့ ထပ်ပစ်လိုက်တာဗျ။ ပြီးတော့မှ အသံ မထွက်နိုင်အောင် လုပ်ထားပြီးတော့ မျက်နှာကို ဓားနဲ့ လှီးတော့မှာပေါ့ဗျာ။ အလောင်းကို သေသေချာချာ ကြည့်တော့ အဆိပ်တက်ပြီး သေတာကို တွေ့ရတယ်ဗျ။ ချဉ်စုတ်စုတ် အနံ့ရနေတယ်။ အဲဒီအဆိပ်ဟာ ပေါ့သေးသေး အဆိပ်မဟုတ်ဘူးဗျို့။ အက်ဒမန်ကျွန်းက နီဂရစ်တိုလူပုကလေးတွေသာ တတ်တဲ့ အဆိပ်ဗျ။ မျက်နှာကို လှီးတဲ့ဓားမှာ အဲဒီအဆိပ်စိမ်ထားတာ ဒါကြောင့် အဆိပ်တွေ တစ်ကိုယ်လုံး ပြန့်သွားပြီးတော့မှ မချိမဆန့် ခံစားပြီး သေရတာဗျ''

''ဩော် ... ဒါကြောင့် လက်ဖတင်နင်က မပန်းနွယ်ကို ကျွန်းကျဖူးတဲ့လူရှိ မရှိ မေးတာကိုး''

ဟု ကိုထွန်းသောင်က ပြောလေ၏။ ပြီးတော့မှ –

''ဒီလူသတ်သမားဟာ ဓားပေါက်တော်တော် ကျွမ်းကျင်တာပဲ နော်''

ဟု ကိုဘစိန်ကလည်း ဝင်၍ပြောလေ၏။

''ကျွန်းပေါ်မှာ အားနေတဲ့ အချိန်မှာ တစ်ချိန်လုံး လေ့ကျင့်နေရင် ဒီလိုတော်လာမှာပေါ့ ကိုဘစိန်ရာ''

ဟု လက်ဖတင်နင်သံဟိတ်က ပြောလိုက်ရင်း သူ၏စကားကို ဆက်ပြန်လေ၏။

''အဲဒါနဲ့ ကျုပ်ခြံဝင်းထဲက ခြေရာတွေကို စစ်ကြည့်တုန်းက





ဒီလူ သတ်သမားဟာ သူဝင်လာတဲ့ နောက်ဖက်က သံဆူးကြိုးပေါက်ကပဲ ပြန် ထွက်သွားတာ တွေ့ရတယ်ဗျ။ ဒါနဲ့ ကျုပ်လည်း သူ့ခြေရာအတိုင်း လိုက် သွားလိုက်တာ ခြံကြီးတွေနောက်က ကပ်ပြီး ပြန်သွားတာ တွေ့ရတယ်။ ဟိုဘက်နှစ်ခြံကျော်ရောက်တော့ ခြံနှစ်ခြံကြားမှာ လမ်းကြားကလေး တွေ့ရတယ်၊ ဒီကောင်ပဲ အဲဒီလမ်းကြားကလေးထဲ ဝင်သွားတဲ့ ခြေရာတွေ တွေ့ရတယ်ဗျို့။ ဒါနဲ့ ကျုပ်လည်း သူ့ခြေရာအတိုင်း လိုက်သွားတော့ လမ်းကြားလေး ဟိုဘက်က ခြံကြီးရဲ့ဘေးမှာ ကာထားတဲ့ သွတ်ဆူးကြိုး လတ်လတ်ဆတ်ဆတ် ဖြတ်ထားတဲ့အရာ တွေ့ရတယ်ဗျ။ ဒါပေမဲ့ သွတ်ဆူးကြိုးတွေကို သွတ်ကြိုးနဲ့ မသိမသာ ပြန်ဆက်ထားတယ်''

ဟု ကိုသံဟိတ်က ပြောလိုက်သောအခါ –

''ဟာ ... ဒါဆိုရင် လူသတ်သမားဟာ ဒီနှစ်ခြံကျော်မှာတင် ရှိနေတာပေါ့''

ဟု ဌာနာအုပ်ကိုဘစိန်က ပြောလိုက်လေ၏။ ထိုအခါ ကိုသံဟိတ်က ''ရှိဦးမလာတော့ မပြောတတ်ဘူး ဌာနာအုပ်ကြီးရဲ့။ ဝင်တော့ ကြည့်ရမှာပဲ။ ကဲ ... ခင်ဗျား ပုလိပ်သားလေးနှစ်ယောက်ပါ ခေါ်ခဲ့ဗျာ။ လူများများနဲ့ ခြံကို ဝိုင်းကြတာပေါ့။ မကောင်းဘူးလားဗျ ကိုဘခင်''

ဟု ကိုသံဟိတ်က မေးလေ၏။ ကိုဘခင်ကလည်း ခေါင်းညိတ်လိုက်ကာ –

''ဟာ ... ကောင်းတာပေါ့ ကိုသံဟိတ်ရာ၊ ကဲ ... သွားကြစို့ ရှာ''

ဟု ပြန်၍ပြောလိုက်သောအခါ ကျွန်ုပ်တို့အားလုံး ခြံထဲမှ ထွက်လာကြလေတော့၏။ လူသတ်မှုဖြစ်သော ခြံနှင့် နှစ်ခြံကျော်ကို ရောက်သောအခါ ကိုထွန်းသောင်၏ အစီအစဉ်နှင့် ခြံကို လူဖြန့်၍ ဝိုင်းလိုက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်တော့ ကိုဘခင်၊ ကိုထွန်းသောင်၊ ကိုသံဟိတ်နှင့် ကျွန်ုပ်တို့သည် အိမ်ကြီး၏ ဆင်ဝင်အောက်သို့ဝင်၍ ကပ်လိုက်ကာ သော့ခလောက်ကြီးကို ကိုင်၍ ကြည့်လေ၏။

"ဟာ . . . ပွင့်နေတယ်ဗျ"

ဟု ကိုဘခင်က ပြောပြောဆိုဆို သော့ခလောက်ကြီးကို ဖြုတ်၍ အိမ်ထဲသို့ ဝင်ကြလေ၏။ ပြီးလျှင် အိမ်ဝတွင် တစ်ယောက်နေ၍ ကျန်လူများက အိမ်ကြီးအနှံ့ရှာကြလေ၏။

"သတိတော့ ထားကြဗျို့။ လူသတ်သမားက ဓားပေါက် သိပ်တော်တာ အားလုံး သိကြတဲ့အတိုင်းပဲ။ ပြီးတော့ သူ့မှာ အဆိပ်လူးထားတဲ့ ဓားလည်း ရှိတယ်နော်"

ဟု ကိုသံဟိတ်က သတိပေးပြောလိုက်လေရာ အားလုံးက ခေါင်းညိတ်ပြလိုက်လေ၏။ အောက်ထပ်တစ်ခုလုံး ရှာဖွေပြီးသောအခါ အပေါ်ထပ်သို့ တက်ကြလေ၏။ အပေါ်ထပ်တွင်မူ လူတစ်ယောက် နေထိုင်ထားသည့် ခြေရာလက်ရာများကို တွေ့ရလေ၏။ သို့သော် လူကိုတော့ မတွေ့ရတော့ပေ။

"ဒီမှာ ဒီကောင် စားသောက်ထားတဲ့ ပန်းကန်တွေဗျ။ ကြည့်စမ်း ဒီမှာ အိပ်ရာတောင် ကျန်နေသေးတယ်ဗျို့။ အောင်မယ် ဒီကောင်ဟာ ဒီအိမ်မှာ တစ်လလောက် နေသွားပုံရတယ်ဗျ။ ဆန်တွေ၊ ထမင်းအိုးတွေ ဟင်းအိုးတွေမျိုး။ ဟာ . . . ဟင်းတွေတောင် စားလက်စကျန်နေသေး တယ်ဗျ။ မှန်းစမ်း ဘာဟင်းလဲ။ အောင်မယ် အမဲခြောက်ကို ချက်ထား တာဗျို့"

ဟု ကိုထွန်းသောင်က အိုးများကို လှန်လှောရှာဖွေရင်းမှ ပြော လေ၏။ ထိုအချိန်မှာပင် –

"တောက် နာလိုက်တာဗျာ"





ဟု ကိုသံဟိတ်က ရုတ်တရက် ထ၍ ပြောလိုက်လေရာ ကျွန်ုပ်တို့အား ကိုသံဟိတ်ကို ဝိုင်း၍ ကြည့်ကြလေ၏။

"ဘယ်လိုကြောင့်လဲ လက်ဖတင်နှင်"

ဟု ကိုဘစိန်က မေးလိုက်သောအခါ –

"ဌာနာအုပ်ကြီးတပည့် ကျော်မောင်ကို ခဏ ခေါ်လိုက်စမ်းပါဦးဗျ"

ဟု ကိုသံဟိတ်က ပြောလိုက်လေရာ ကိုဘစိန်သည် ပုလိပ်သားကလေး ကျော်မောင်ကို လှမ်း၍ ခေါ်လိုက်လေ၏။ ကျော်မောင် ရောက်လာသောအခါ ကိုသံဟိတ်က ကျော်မောင်ကို မေးလေ၏။

"ဟေ့ . . . ကျော်မောင်၊ စောစောက လူသတ်မှုဖြစ်တဲ့ ခြံထဲကို သူတောင်းစားကြီး ဝင်လာတယ်မို့လား"

"ဟုတ်ကဲ့ လက်ဖတင်နှင် ဝင်လာပါတယ်"

ဟု ကျော်မောင်က ရိုရိုသေသေ ဖြေလေ၏။

"အဲဒီသူတောင်းစားရဲ့ ပုံစံကို ဟောဒီက အင်စပိတ်တော်ကြီးတွေ ကြားရအောင် ပြောပြစမ်းပါကွာ"

ဟု ကိုသံဟိတ်က ပြောလိုက်သောအခါ ကျော်မောင်က ပြောပြရလေတော့၏။

"ပုဆိုးစုတ်စုတ်ကြီး ဝတ်ထားတယ်ဆရာ။ ပခုံးမှာလည်း ပိတ်အိတ် မည်းမည်းကြီးတစ်လုံး လွယ်ထားတယ်၊ ခေါင်းမှာ ဟော . . . ပုဆိုးတစ်ထည်ကို အုပ်ပြီးစီးထားတာ မျက်နှာတစ်ခုလုံး ပျောက်နေပြီး မျက်လုံး အလေးနှစ်လုံးပဲ ပေါ်နေတယ်။ လက်မှာ ခွက်စုတ်ကြီးတစ်လုံး ကိုင်ထားပြီး ကျန်တဲ့ လက်တစ်ဖက်မှာတော့ ဝါးတောင်ဝှေးတစ်ချောင်း ထောက်ထားတယ်"

"အေးရပြီ ကျော်မောင်။ ကဲ . . . အိုင်ပီတို့ ကျုပ်တို့တော့



www.burmeseclassic.com

www.burmeseclassic.com



လွတ်သွားပြီဗျို့။ အဲဒါ ပန်းနွယ်တွေ့လိုက်တဲ့ သရဲကြီးပဲဗျ။ မျက်နှာကို ပုဆိုးနဲ့ တမင်အုပ်ပြီး စီးထားတာ။ နေဦးကွ ကျော်မောင်ရဲ့၊ အဲဒီ သူတောင်းစားကြီး ထောက်သွားတဲ့ ဝါးတုတ်က ဟောင်းနေလား သစ်နေလား''

ဟု ကိုသံဟိတ်က မေးလေရာ –

''နေဦး လက်ဖတင်နှင်ရဲ့။ ဟာ ခုမှ ကျွန်တော် တွေးမိတယ်။ အသစ်ဗျို့။ လောလောလတ်လတ် ခုတ်လာတဲ့ ဝါးလုံးဗျ''

ဟု ကျော်မောင်က ပြောသောအခါ ကိုသံဟိတ်က ပြတင်းပေါက်ဘက်သို့ လျှောက်သွားပြီးလျှင် ခြံကြီးထဲသို့ ငုံ၍ ကြည့်လိုက်လေ၏။

''ဟော ... အိုင်ပီတို့ ဟိုဝါးပင်ကိုသာ ကြည့်ပေတော့ဗျို့။ ကျုပ်တို့လူ တောင်ဝှေးလုပ်ဖို့ လောလောလတ်လတ် ခုတ်သွားတဲ့ ဝါးပင်လေ''

ဟု ပြောကာ ခြံကြီးထဲရှိ ဝါးရုံတစ်ရုံကို လက်ညှိုးထိုးပြလေ၏။ ကျွန်ုပ်တို့လည်း ပြတင်းပေါက်မှ ငုံ၍ကြည့်လိုက်သောအခါ မကြာသေးမီကမှ ခုတ်သွားသော ဝါးပင်ငုတ်နှင့်အတူ အနီးတွင် သတ်ချထားသော ဝါးကိုင်းများ၊ ဝါးရွက်များကိုတွေ့ရသည့်အပြင် ပိုနေသော ဝါးလုံးပိုင်းကိုပါ ခုတ်ဖြတ်ထားခဲ့သည်ကို တွေ့ရလေတော့၏။

''အောင်မယ်လေး လက်ဖတင်နှင်ရေ။ လက်မတင်ကလေး လွတ် သွားပါလားဗျာ''

ဟု ကိုထွန်းသောင်ကြီးက နှမြောစွာ ပြောလိုက်လေ၏။ ထိုအခါ ကိုဘခင်က –

''ကိုသံဟိတ်ရေ ဒီကောင်ဟာ ကျွန်တော်တို့ ရောက်နေမှန်း သိရက်နဲ့ ခြံထဲကို ပိုက်ဆံတောင်းသလို လုပ်ပြီး ဝင်လာပုံ ထောက်တော့ ကျွန်တော်တို့ အခြေအနေကို လာပြီး အကဲခတ်တာ ထင်တယ်ဗျ''





ဟု ပြောလိုက်လေရာ ကိုသံဟိတ်က ခေါင်းကို ဖြည်းဖြည်း ခါ ပြလိုက်လေ၏။ ပြီးမှ –

''မဟုတ်တူး ကိုဘခင်။ ဒီကောင် ကျုပ်တို့ကို လာပြီး အကဲခတ်တာ မဟုတ်ဘူးဗျ။ နောက်ဆုံး သွားကာနီးမှာ ပန်းနွယ်ကို ဝင်ပြီး ကြည့် တာဗျို့''

''အလို ဘယ်လိုဗျ ကိုသံဟိတ်ရဲ့''

ဟု ကိုထွန်းသောင်ကြီးက ပြောလေလျှင် –

''ဟုတ်တယ် ကိုထွန်းသောင်ရဲ့။ ဒီကောင်နဲ့ ပန်းနွယ်နဲ့ဟာ အကြောင်းရှိခဲ့ဖူးတဲ့ ပုံပဲဗျ။ ကျုပ် စောစောက ပန်းနွယ်ကို မေးတော့ ဒီကောင့်အကြောင်း အရောက်မှာ ပန်းနွယ် သိသိသာ မျက်နှာပျက်သွားတာကို ကျုပ် သတိထားမိလိုက်တယ်။ ဒါပေမယ့် ခြံထဲကို ဝင်လာတဲ့ သူတောင်းစားဟာ မျက်နှာကို အုပ်စီးထားလိမ့်မယ်လို့တော့ ကျုပ် မတွေး လိုက်မိဘူးဗျာ။ အဲဒီတစ်ချက်တော့ ကျုပ် တော်တော် ညံ့သွားခဲ့တာဗျို့''

ဟု ကိုသံဟိတ်က သူညံ့ဖျင်းမှုကို ရိုးသားစွာဖြင့် ဝန်ခံပြောဆိုလေ၏။ သည့်နောက်တော့ ကျွန်ုပ်တို့အဖွဲ့သည် လူသတ်သမား ခိုအောင်းသွားသည့် အိမ်ကြီးထဲမှ ပြန်ထွက်လာခဲ့လေတော့၏။

''ကဲ ... ကိုဘစိန်ရေ အလောင်းသယ်လို့ ရပါပြီဗျာ။ ကျုပ်တို့လည်း ပြန်လိုက်ဦးမယ်။ လူသတ်သမားကို မကြာခင် မိမှာပါဗျာ။ ထူးခြားတဲ့ ရုပ်သွင်သဏ္ဌာန်ရှိတဲ့ လူတစ်ယောက်ကို တွေ့အောင် ရှာဖို့ဆိုတာ ဘာမှ ခက်တဲ့ ကိစ္စမဟုတ်ပေဘူးလို့ ကျုပ်တော့ ထင်တာပဲဗျာ''

ဟု ကိုသံဟိတ်က ပြောလိုက်ပြီးလျှင် အားလုံးကို နှုတ်ဆက်၍ ပြန်ခဲ့လေတော့၏။ ကိုဘခင်သည် ကျွန်ုပ်နှင့်ကိုသံဟိတ်ကို ရောက်သည် အထိ လိုက်၍ပို့ပေးခဲ့လေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com

# ၃
# သရဲကြီး၏ခြေရာ

နောက်တစ်နေ့မှစ၍ ကိုသံဟိတ်သည် မိုးလင်းမှမိုးချုပ် အပြင်ထွက်လေတော့၏။ သုံးရက်မြောက်သောနေ့တွင်တော့ –

''မောင်တောအုပ်ရေ၊ ပြီးခဲ့တဲ့ ရက်တုန်းက ဘောက်ထော်က ခြံကြီးရဲ့ ပိုင်ရှင်ကို တော်တော်ရှာခဲ့ရတာကွယ့်''

ဟု ကိုသံဟိတ်က ပြောလေ၏။

''ဘယ်ခြံကြီးရဲ့ ပိုင်ရှင်လဲဗျ၊ ကိုသံဟိတ်ရဲ့''

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်မိလေ၏။

''ဘယ်ခြံကြီးရှိရမလဲ မောင်တောအုပ်ရယ်။ လူသတ်သမား သရဲကြီး နေသွားတဲ့ခြံကြီးပေါ့''

'ဩော် ... အဲဒီခြံကြီးနဲ့ အိမ်ကြီးရဲ့ပိုင်ရှင်က ဘယ်သူများတုန်း''

ဟု ကျွန်ုပ်က ထပ်၍မေးလိုက်ပြန်လေ၏။

''ပိုင်ရှင်က ၄၉ လမ်းက ဦးဘဦးဆိုတဲ့သူကွယ့်။ သူ့မယားမပိုးဖြူဘက်က အမွေရတဲ့ ခြံကြီးဆိုပဲ။ အရင်တုန်းကတော့ အဲဒီခြံကြီးထဲမှာ ဦးဘဦးတို့မိသားစုနေခဲ့သေးတယ်တဲ့။ နောက်တော့ သူ့မိန်းမ





မပိုးဖြူ ဆုံးသွားတော့ သူ့ကလေးတွေကို ခေါ်ပြီး မြို့ထဲမှာ ထွက်နေကြတာတဲ့''

ဟု ကိုသံဟိတ်က ပြောလေ၏။

''ဟင် ဒါဆို ဟိုသရဲကြီးအကြောင်း မေးမကြည့်ခဲ့ဘူးလား''

ဟု ကျုပ်က မေးလိုက်သောအခါ –

''အို ... မောင်တောအုပ်ကလည်း ကျုပ်က ဦးဘဦးကို သွားပြီး မတွေ့ရသေးဘူးလေ။ အခု ပြောတာက ကျုပ်ဘေးမှာ စုံစမ်းလို့ သိခဲ့တာကို ပြောပြတာ။ အဲဒါ ဒီကနေ့ ၄၉ လမ်းသွားပြီး ဦးဘဦးကို ကျုပ်နဲ့ မောင်တောအုပ် သွားပြီး တွေ့ကြရအောင်။ သူ့ခြံကို ငှားချင်တဲ့ သဘောမျိုးနဲ့ပေါ့ကွယ်''

ဟု ကိုသံဟိတ်က ပြောလိုက်သောအခါ ကျွန်ုပ်က –

''ဩော် ... ဒီလိုလား။ ဒါဖြင့်လည်း သွားလိုက်ကြတာပေါ့ဗျာ''

ဟု ကျုပ်က ပြန်၍ ပြောလိုက်ပြီးလျှင် အဝတ်အစားလဲ၍ နှစ်ယောက်သား ၄၉ လမ်းဘက်သို့ လျှောက်လာခဲ့ကြလေ၏။

အနော်ရထာလမ်းအတိုင်း အရှေ့ဘက်သို့ လျှောက်ခဲ့ကြလေရာ၊ မကြာမီမှာပင် ၄၉ လမ်းသို့ ရောက်လာခဲ့လေ၏။ လမ်းထဲသို့ ဝင်သောအခါ သိပ်မရှာလိုက်ရဘဲ ဦးဘဦး၏ အိမ်ကို တွေ့ရလေ၏။

''ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲဗျာ''

ဟူသော အသံကို ကြားလိုက်ရသောအခါ ကိုသံဟိတ်က –

''ဩော် ... ဦးဘဦးနဲ့ တွေ့ချင်လို့ပါဗျာ'' ဟု ပြန်၍ပြောလိုက်လေရာ အိမ်တံခါးကို ဖွင့်ပေးလိုက်သဖြင့် ကျွန်ုပ်တို့လည်း အိမ်ထဲသို့ ဝင်ထိုင်လိုက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဦးဘဦးပါပဲဗျာ။ လာရင်းကိစ္စကို ပြောနိုင်ပါတယ်"

ဟု ဦးဘဦးဆိုသူက ပြောလေ၏။ ဦးဘဦးဆိုသူမှာ အသက်ငါးဆယ်ကျော်ခန့်ရှိ ဆံပင်များ အနည်းငယ်မျှ ဖြူနေကာ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်း ရှိလေ၏။

"ဩော် ... ဒီလိုပါခင်ဗျ။ ကျွန်တော်တို့နှစ်ယောက်က ရန်ကုန်ယူနီဗာစီတီက ဆရာတွေပါ။ သတ္တဗေဒနဲ့ ရုက္ခဗေဒကို လေ့လာနေကြတဲ့သူတွေပါ။ ဘောက်ထော်မှာရှိတဲ့ ဦးဘဦးရဲ့ အိမ်ကြီးနဲ့ ခြံကြီးကို တစ်နှစ်လောက် ငှားနေပြီး သုသေတန လုပ်ငန်းတွေ ပြုလုပ်ချင်ကြလို့ပါခင်ဗျာ"

ဟု ကိုသံဟိတ်က ခပ်တည်တည်နှင့် ပြောလေ၏။

"ဩော် ... အိမ်ငှားချင်ကြလို့လား။ အဲဒါခက်တာပဲဗျာ။ ကျွန်တော့်အိမ်မှာက လောလောဆယ် လူငှားရှိနေတယ်ဗျ။ ဒါပေမဲ့ ဒီလူက တစ်လပဲ နားတာပါ။ သူနေမှာလည်း မဟုတ်ပါဘူး။ သူ့ဆရာ နေမှာလို့ ပြောတာပဲ။ နေဦးဗျ။ သူတို့ ငှားတဲ့ရက်နဲ့ဆိုရင် ၈ လပြည့်ဖို့ ငါးရက်ပဲ လိုတော့တာပဲ။ အဲဒါ သူတို့ ဆက်မနေတော့ဘူးဆိုရင်တော့ ကျွန်တော် ငှားလို့ရပါတယ် ဆရာ"

ဒီလိုလုပ်ပါလား ဆရာတို့ရယ်၊ နောက်တစ်ပတ်လောက် အကြာမှာ တစ်ခေါက်လောက် လှည့်ခဲ့ကြပါလားဗျာ။ အဲဒီကြရင် ဟိုလူတွေ ဆက်ပြီး နေမနေဆိုတာ သိရပါပြီ။ သူတို့ ဆက်မနေရင်တော့ ကျွန်တော်ဆရာတို့ကို စျေးသက်သာသာနဲ့ ငှားပါတယ်"

ဟု ဦးဘဦးက ပြန်၍ပြောလေ၏။

"ဟုတ်ကဲ့ပါ ခင်ဗျာ။ ဩော် ... ဒါထက် အခု ငှားထားတဲ့သူက ဘယ်သူများပါလိမ့်ဗျာ"

ဟု ကိုသံဟိတ်က ထပ်၍မေးလိုက်လေရာ —





"ငှားတဲ့သူကတော့ ကျွန်တော်နဲ့ မျက်မှန်းတန်းမိတဲ့အထဲကပါပဲဗျာ။ ပွဲစားကိုခွေးညိုပါ။ ဗဟန်းကြားတောရနားမှာ နေတာပါ။ ဂျုဗလီဟောနားမှာဗျ။ ဒါပေမယ့် ကိုခွေးညိုက အိမ်ရှိပါတယ်။ သူ့ဆရာတစ်ယောက်က နေချင်လို့ ငှားပေးတာပါ။ ဒါပေမဲ့ ငှားတာကတော့ ကိုခွေးညိုပဲ လာငှားတာပါ။ သူ့ဆရာဆိုတဲ့လူကို ကျွန်တော် မမြင်ဘူးပါဘူး"

ဟု ဦးဘဦးက ပြောလေရာ ကိုသံဟိတ်သည် ပြုံးရွှင်စွာဖြင့် ပြန်ပြောလေ၏။

"ဩော် ... ဟုတ်ကဲ့၊ ဒီလိုဖြစ်ရင် တစ်ပတ်ကြာတော့ ဦးဘဦးဆီကို ကျွန်တော်တို့ တစ်ခေါက်ပြန်လာခဲ့ပါမယ်။ အဲဒီအခါကြရင်သာ သေသေ ချာချာ သိပါရစေခင်ဗျာ"

"ဩော် ... သိရမှာပါ။ သိရမှာပါ။ လာသာလာခဲ့ကြပါ။ ကိုခွေးညိုကို ဒီကြားထဲမှာ တွေ့ပြီး ကျွန်တော် မေးထားပါ့မယ်"

ဟု ဦးဘဦးက ပြောလေရာ ကျွန်ုပ်နှင့်ကိုသံဟိတ်လည်း ဦးဘဦးကို နှုတ်ဆက်၍ ပြန်လာခဲ့ကြလေတော့၏။

"မောင်တောအုပ်ရေ၊ နေရာတော့ ကြပြီကွယ့်၊ ကျုပ်တပည့် ဘနာလီတို့အဖွဲ့ကို တာဝန်ပေးပြီး ပွဲစားခွေးညိုအိမ်ကို စောင့်ကြည့်ခိုင်းရတော့မှာပဲ။ သူတို့ဟာ ဆရာတပည့်ဆိုတော့ကာ တစ်ယောက်နဲ့တစ်ယောက် အဆက်အသွယ် မလုပ်ဘဲတော့နေမှာ မဟုတ်ပါဘူးကွယ်"

ဟု ကိုသံဟိတ်က ပြောလေရာ ကျွန်ုပ်က ပြန်၍ —

"ဟုတ်တာပေါ့ဗျာ။ ခင်ဗျားရဲ့ ကိုယ်ပျောက်စုံထောက်ကလေးတွေဟာ ဒီနေရာမှာ အလွန်ကို အသုံးဝင်မှာပေါ့ဗျာ"

ဟု ကျွန်ုပ်ကလည်း ပြန်၍ပြောလိုက်ကာ မဟာဗန္ဓုလလမ်းအတိုင်း လျှောက်၍ပြန်ခဲ့ကြလေတော့၏။

ဆိပ်ကမ်းသာလမ်းသို့ ရောက်သောအခါ —



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မောင်တောအုပ် အိမ်မှာနေခဲ့ပေတော့။ ကျုပ်က ပုလိပ်မင်းကြီးနားကို သွားပြီး ကျွန်းနဲ့ပတ်သက်တဲ့ ကိစ္စတွေ စုံစမ်းလိုက် ဦးမယ်"

ဟု ပြောလိုက်လေရာ ကျွန်ုပ်က အခန်းသို့ တက်လာခဲ့၍ ကိုသံ ဟိတ်က အနောက်ဘက်သို့ ထွက်သွားလေတော့၏။ ကျွန်ုပ်လည်း ရန်ကုန် ဂေဇက်သတင်းစာနှင့် သူရိယသတင်းစာတို့ကို ဖတ်၍ အချိန် ဖြုန်းနေလိုက်လေ၏။ ညနေစာကိုလည်း တစ်ယောက်တည်း စားလိုက် လေရာ ပျင်းခြောက်ခြောက်နိုင်လှလေတော့၏။

ညသို့ရောက်သောအခါ ကိုသံဟိတ်ကို စောင့်ရင်းမှ အင်္ဂလိပ် ဝတ္ထုတစ်အုပ်ကို ဖတ်နေမိလေ၏။ ၁၀ နာရီခန့်ရောက်သောအခါတွင် ကိုသံဟိတ်သည် ပြန်ရောက်လာခဲ့လေတော့၏။

'မိုးတောင် ချုပ်မှပဲ၊ ကျွန်ုပ်တော် စိုးရိမ်ပြီး စောင့်နေတာ'

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ ကိုသံဟိတ်သည် ပြုံး၍

"ဟုတ်တယ် မောင်တောအုပ်ရေ၊ ပုလိပ်မင်းကြီးရုံးမှာ မင်းကြီး ရဲ့ အကူအညီနဲ့ တော်တော်ကလေး နေရာကျသွားလေတော့ မောင်တော အုပ် နေ့လယ်က ပြောတဲ့ ကျုပ်ရဲ့ ကိုယ်ပျောက်စုံထောက်ကလေးတွေ ရှာဖွေပြီး ဟုန်းကျားတောရနားက ပွဲစားခွေးညိုရဲ့အိမ်ကို ကျုပ်ကိုယ်တိုင် လိုက်ရှာပြီး ပြခဲ့ရတယ်ကွယ့်၊ အဲဒီနားမှာ လမ်းမကြီးက ပြောင်ကျနေတော့ ကောင်ကလေးတွေက အနေအထိုင် မဟုတ်ရင် တစ်ဘက်က ရူသော သမားက ရိပ်မိပြီး ပျောက်သွားနိုင်တယ်ကွယ့်"

"သြော် ... ဒါကြောင့် ဒီအချိန်အထိ ကြာသွားတာကိုး"

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ –

"ဟုတ်တယ်ကွယ့် မောင်တောအုပ်ရဲ့။ ကျုပ် စိတ်ထင်ပြောရ တော့ သရဲကြီးမိုးမှောင်ဟာ ဝေးဝေးကို ရောက်မသွားသေးဘူး ထင်တယ်





ပဲ" ဟု ကိုသံဟိတ်က ပြောလေရာ –

"အလို ဘယ်သူဗျ၊ သရဲကြီး ဘယ်သူပါလိမ့်" ဟု ကျွန်ုပ်က မေးလိုက်လေလျှင် ကိုသံဟိတ်က လေးနက်သော မျက်နှာနှင့် ကျွန်ုပ်ကို ကြည့်ကာ –

"သရဲကြီးမိုးမှောင်တဲ့ မောင်တောအုပ်ရေ။ ပုလိပ်မင်းကြီးရုံးမှာ ဒီနေ့ပဲ သူနဲ့ပတ်သက်ပြီး ပို့ထားတဲ့ ကျွန်းမင်းကြီးရုံးက အစီရင်ခံစာကို ကျုပ်ကိုယ်တိုင် ဖတ်ခဲ့ရတယ်"

"ဟင် ... ဟုတ်လား။ အဲဒါဟိုနေ့က ဘောက်ထော်မှာ ဖြစ်သွားတဲ့ လူသတ်မှုရဲ့ တရားခံလား"

ဟု ကျွန်ုပ်က မေးလိုက်သောအခါ ကိုသံဟိတ်က ခေါင်းကို ညိတ်ပြရင်းမှ –

"ဟုတ်ပ မောင်တောအုပ်ရေ။ ဒီကောင်က ကုန်သည်လုပ်ရင်းနဲ့ တစ်ဘက်က ဖောက်ထွင်းမှုတွေ ကျူးလွန်နေပုံရတယ်တဲ့၊ ဝင်ဒါမီယာမှာ နေတဲ့ ပြင်သစ်ရတနာကုန်သည်ကြီးတစ်ယောက်ကို သတ်တဲ့အမှုနဲ့ တစ်သက် တစ်ကျွန်းကျသွားတာ။ ပြင်သစ်ကြီးရဲ့ ခြံဝင်းထဲကို ဝင်ပြီး ဖောက်ထွင်းတဲ့အခါတုန်းက အယ်လ်ဖေးရှင်းသုံးကောင်က ဝိုင်းကိုက်လို့ မျက်နှာကြီးတစ်ခုလုံး ရစရာမရှိအောင် ပျက်စီးသွားခဲ့တယ်။ လူစင်စစ် အနေ သရဲကြီးတစ်ကောင်ရဲ့ အသွင်ကို ရောက်သွားလို့ မျက်နှာကို အဝတ်နဲ့ အမြဲဖုံးထားရတယ်တဲ့။ ကျွန်းကျတဲ့ လူဆိုးလူမိုက်တွေတောင် သူ့မျက်နှာကို မကြည့်ရဲကြလို့ အဝတ်ကို အမြဲဖုံးထားရတယ်ဆိုပဲ၊ အဲဒါနဲ့ သူ့ကို သရဲကြီးမိုးမှောင်လို့ ကျွန်းမှာ ခေါ်ကြတယ်တဲ့။

ထူးခြားတာက သရဲကြီးမိုးမှောင်ကို အဆိပ်မြားတွေ ကိုင်တဲ့ ခါးရှစ်လူပုကလေးတွေက သိပ်ပြီး ခင်ကြတယ်ဆိုပဲ။ မိုးမှောင်ဟာ အနေ နဲ့ အမြဲပဲ ဓားပေါက်ကျင့်နေတတ်တယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ တစ်နှစ်လောက်ကတော့ မိုးမှောင်တစ်ယောက် တောနက်ကြီးထဲကို ဝင်သွားလိုက်တာ လုံးဝကို ပြန်မလာတော့ဘဲ ပျောက်သွားတယ်ဆိုပဲ။ ကျွန်းကနေပဲ ပြေးသွားတာလား။ လူရိုင်းပုကလေးတွေကပဲ သတ်ပစ်လိုက်တာလားဆိုတာကို ဘယ်သူမှ မသိရဘူးလို့ အစီရင်ခံစာမှာ ပြည့်ပြည့်စုံစုံ ရေးထားတယ်ကွယ့် မောင်တောအုပ်ရဲ့"

ဟု ကိုသံဟိတ်က ကျွန်ုပ်ကို စိတ်ရှည်လက်ရှည်နှင့် ရှင်းပြလေ၏။

"ဟာ ... ဒါဆိုရင်တော့ မပန်းနွယ်ပြောတဲ့ သရဲကြီးဆိုတာ သူပဲ ဖြစ်လိမ့်မယ် ထင်ရဲ့"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ ကိုသံဟိတ်က –

"မောင်တောအုပ် မှတ်မိမှာပါ။ ပန်းနွယ်ပြောတဲ့ ကျွန်းကျသွားတဲ့ တက်ခေါင်ရဲ့ဆရာ ကိုမိုးဆိုတာ မိုးမှောင်ကို ပြောတာပေါ့ကွယ့်"

ဟု ပြောလိုက်သောအခါ –

"ဟုတ်တာပေါ့ဗျာ။ သူ့နာမည်ကြီးက မိုးမှောင်ဆိုတော့ လူကြောက်စရာကြီး ဖြစ်နေတာမို့လား။ ဒါကြောင့် သူ့ကိုယ်သူ ကိုမိုးလို့ ပြောင်းထားတာ ဖြစ်မှာပေါ့"

ဟု ကျွန်ုပ်က ထင်မြင်ချက်ကို ပြောပြလိုက်လေ၏။ ထိုအခါ ကိုသံဟိတ်က –

"ကျုပ်တို့က ခြေမြန်လက်မြန် ဖမ်းနိုင်ဖို့ လိုတယ်ကွယ့်။ မောင်တောအုပ်ရဲ့။ သရဲကြီးမိုးမှောင်ဟာ ဒီမှာ ကြာကြာနေမှာ မဟုတ်ဘူးလို့ ကျုပ် ထင်တယ်။ ဘာကြောင့်လဲဆိုတော့ သူ့မျက်နှာကြီးနဲ့ လူကြားသူ ကြားတိုးဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ။ ဒီတော့ လူသူနည်းတဲ့ အရပ် ဒေသမှာ သွားပြီး ဇာတ်မြှုပ်နေမယ် ပုံပဲကွယ့်"





ဟု ကိုသံဟိတ်က ပြောလိုက်သောအခါ ကျွန်ုပ်လည်း စိုးရိမ်သွားကာ –

"ဟာ ... ဒါဆိုရင် ကိုသံဟိတ်၊ ကောင်လေးတွေက စိတ်ချရပါ့မလားဗျ။ ကလေးတွေအလစ်မှာ ဒီကောင် ထွက်ပြေးသွားရင်တော့ ဒုက္ခပါပဲဗျာ"

ဟု ကျုပ်က ပြောလိုက်သောအခါ ကိုသံဟိတ်က –

"မစိုးရိမ်ပါနဲ့ မောင်တောအုပ်ရာ၊ ကျုပ် ကောင်ကလေးတွေက မညံ့ပါဘူးကွယ့်၊ ပြီးတော့ ကျုပ် စောင့်ကြည့်နိုင်းတာက သရဲကြီးမိုးမှောင် မဟုတ်ဘူးကွယ့်။ ခွေးညိုရဲ့ အသွားအလာကို ကြည့်နိုင်းတာပါ"

ဟု ပြန်၍ပြောပြလေ၏။ ကျွန်ုပ်လည်း သည့်တော့မှ စိတ်အေးသွားကာ –

"ဩော် ... ဒီလိုလား။ ဒါဆိုရင်တော့ တော်သေးတာပေါ့ဗျာ။ ကျွန်တော်က မိုးမှောင်ကြီးကို ကြည့်နိုင်းတာလားလို့ပါ"

"မိုးမှောင်ကြီးအကြောင်းကို ကျုပ်က တစ်ခွန်းတောင် မဟခဲ့ဘူးကွယ့်။ ခွေးညိုကိုပဲ ကြည့်နိုင်းတာ"

ဟု ပြောရင်းမှာပင် အခြားထွေရာလေးပါးကိစ္စများသို့ စကားရောက်သွားကာ ညဥ့်အတော်နက်မှ အိပ်ရာဝင်ခဲ့ကြလေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com

# ၄

# ဘနာဂျီ၏ စွန့်စားခန်း

နောက်ထပ် နှစ်ရက်တိတိ ထူးခြားမှု လုံးဝ မရှိခဲ့ဘဲ သုံးရက်မြောက်သော နေ့သို့ရောက်သောအခါ လှေကားမှ ပြေးတက်လာသော ခြေသံကို ကြားရလေ၏။

"ဟော ဘနာဂျီလာပြီ တံခါးဖွင့်လိုက် မောင်တောအုပ်ရေ"

ဟု ကိုသံဟိတ်က သူရိယသတင်းစာ ဖတ်နေရာမှ ပြာပြာသလဲ ပြင်ပြောလိုက်လေရာ ကျွန်ုပ်လည်း တံခါးကို ပြေး၍ ဖွင့်လိုက်ရလေတော့၏။ ကျွန်ုပ် တံခါးဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက်မှာပင် ပိန်ပိန်ရှည်ရှည်နှင့် ကုလား လေးတစ်ယောက်သည် အိမ်ထဲသို့ တန်းဝင်လာလေတော့၏။

"လာဟေ့ ဘနာဂျီ လာ လာ"

ဟု ကိုသံဟိတ်က ခေါ်လိုက်သောအခါ ကုလားလေးသည် ကိုသံဟိတ်၏ ရှေ့မှ ဆိုဖာခုံတွင် ဝင်၍ ထိုင်လေ၏။ ပြီးလျှင် ကျွန်ုပ်က ရေတစ်ခွက် ခပ်၍ တိုက်ရလေ၏။ ဘနာဂျီပေးသည့် အသက် ၁၂ နှစ် ခန့်သာ ရှိသူကလေး ဖြစ်လေ၏။ ကျွန်ုပ် ခပ်ပေးသော ရေတစ်ခွက်ကို ကုန်အောင် သောက်လိုက်ပြီးသောအခါ အမောပြေသွားလေတော့၏။ ထိုအခါတွင်မှ –





"လက်ဖတင်နင်ဆပ်။ မနေ့ကညက မိုးတော်တော်ချုပ်တော့မှ ပွဲစားခွေးညိုဆိုတဲ့လူဟာ အိမ်ပြင်ထွက်သွားတယ်၊ ခဏကြာတော့ ရထား တစ်စီး ငှားပြီး ပြန်လာတယ် ဆပ်၊ ပြီးတော့ ရထားသမားကို သူ့အိမ်ရှေ့မှာ ရပ်စောင့်နိုင်းထားပြီး သူ့အိမ်ပေါ်ကို တက်သွားတယ်။

သိပ်မကြာဘူး ဆပ် သူပြတ်ဆင်းလာတယ်၊ သူ ပြန်ဆင်းလာတော့ သူ့တစ်ယောက်တည်း မဟုတ်တော့ဘူး၊ လူကြီးတစ်ယောက် ပါလာတယ်။ အဲဒီလူကြီးက ခေါင်းမှာ ပုဆိုးကြီးတစ်ထည် အုပ်စီးထားတာ မျက်လုံးကလေးပဲ ပေါ်တယ်ဗျ။

ဒါပေမယ့် ပွဲစားခွေးညိုက လက်ဆွဲအိတ်တစ်လုံးကို ဆွဲလာပြီး နှစ်ယောက်သား ရထားပေါ် တက်တယ်။ အဲဒီလူကြီးကို ပွဲစားခွေးညိုက ဆရာမိုး အရင်တက်ပါလို့ ရိုရိုသေသေ ပြောတာကို ကျွန်တော် သေသေချာချာ ကြားရတယ် ဆပ်"

"ဟာ ... မင်း တော်တော် တော်တဲ့ ကောင်ပဲကွ ဘနာဂျီရေ။ ဒါ... ဆက်ပါဦးကွ"

ဟု ကိုသံဟိတ်က ပြောလိုက်လေရာ ဘနာဂျီကလေးသည် စကားကို ဆက်၍ ပြောလေ၏။

"အဲဒါနဲ့ ကျွန်တော်လည်း ဘုရားကျောင်းထဲက မြန်မြန် ပြေးထွက်ပြီး သူတို့ရထားနောက်ကို ပြေးလိုက်ရတာပေါ့ဆပ်။ ပြီးတော့ ရထားအရှိန် လျှော့တဲ့အချိန်မှာ ရထားနောက်က ခိုစီးလိုက်တယ်၊ ရထားက ကမ်းနားဘက်ကို ဦးတိုက်ဆင်းသွားတာ ဆပ်ရေ။ ကမ်းနားရောက်တော့မှ ကျွန်တော်က ခုန်ဆင်းနေခဲ့ပြီး ရထားနောက်က မသိမသာ လိုက်သွားတယ်။ ကမ်းနားမှာ ကပ်ထားတဲ့ဆိပ်ကို သွားမယ့် 'ဝိဇ္ဇာအေး' သင်္ဘောလေးပေါ်ကို တက်သွားတယ် ဆပ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆက်ပြီး ပုန်းကြည့်နေတာ။ တော်တော်ကြာမှ ပွဲစား ခွေးညိုတစ်ယောက်တည်း ပြန်တက်လာတယ်။ ကျွန်တော်လည်း ပွဲစားခွေးညို ပြန်တက်မလာခင်မှာ စွပ်ပရားလို့ခေါ်တဲ့ ကျွန်တော်တို့လို ကောင်တစ်ကောင်ကို စက်လှေပေါ်တက်ပြီး စုံစမ်းနိုင်းတယ် ဆပ်။ အဲဒီ 'ဝိဇ္ဇာအေး' စက်လှေကြီးက ဆိပ်ကို သန်ဘက်ခါမှာ ထွက်မှာတဲ့။ အဲဒီ ခေါင်းမြီးခြုံထားတဲ့ လူကြီးက ဒီစက်လှေမှာ ကူလီထမ်းမယ့်လူလို့ ပြောတယ် ဆပ်။ စက်လှေမှာ ကူလီထမ်းမယ့်လူကလည်း တော်တော်ကို အဆင့်မြင့်တာပဲ ဆပ်။ ပွဲစားကတောင် ဆရာလို့ ခေါ်ရပြီး သူ့အိတ်ကို ဆွဲပေးရတာ ကျွန်တော်ဖြင့် ဒါမျိုး တစ်ခါမှ မမြင်ဖူးပါဘူး ဆပ်''

ဟု ဘနာဂျီက ပြောပြလေ၏။ ထိုအခါ ကိုသံဟိတ်က –

''ပွဲစားခွေးညို ပြန်သွားတော့ မင်းနောက်က လိုက်မသွားတော့ ဖူးလားကွ''

ဟု မေးလေ၏။ ထိုအခါ ဘနာဂျီသည် ခပ်ပြုံးပြုံးလုပ်ကာ –

''ဘယ်နေလိမ့်မလဲ ဆပ်ရာ။ ဆပ် ခိုင်းတဲ့ကိစ္စဆိုရင် ကျွန်တော် ဘယ်တုန်းက ပေါ့ပေါ့ဆဆ လုပ်ခဲ့ဖူးလို့လဲဗျာ''

ဟု ဘနာဂျီက ပြန်၍ ပြောလေ၏။ ထိုအခါ ကိုသံဟိတ်သည် ကုလားအုတ်စီးကရက်ကို ဆုတ်ယူ မီးညှိလိုက်ရင်းမှ –

''အေး . . . ဒါတော့ ဟုတ်တယ်ကွ ဘနာဂျီရ။ ကဲ . . . ဆက်ပါဦး ကွာ''

ဟု ပြောလိုက်လေရာ –

''ခွေးညိုဆိုတဲ့လူက ရထားတစ်စီး ထပ်ငှားပြီး ပြန်တက်သွားတယ်။ အဲဒီရထားကိုလည်း နောက်က ခိုစီးပြီး လိုက်သွားလိုက်တာ ကျားတောရကို ပြန်ရောက်သွားတယ် ဆပ်။ ခွေးညိုက သူ့အိမ်ထဲ ပြန်ဝင်သွားပြီး မီးတွေပိတ်၊ တံခါးတွေပိတ်လိုက်တယ်။ ကျွန်တော်လည်း





ခဏဆက်စောင့်နေသေးတယ်။ နောက်တော့ ဘာမှ မထူးတာနဲ့ ပြန်လာခဲ့တယ်။ ဒီမနက်ကျတော့ ဆပ်ကိုလာပြီး အကြောင်းကြားတာ''

''ဘနာဂျီက ပြောလိုက်သောအခါ ကိုသံဟိတ်သည် ပိုက်ဆံ တစ်ဆယ်ကို ထုတ်ကာ ဘနာဂျီကို ဆုချလေ၏။

''မင်း သိပ်တော်တယ် ဘနာဂျီ။ မင်း တာဝန်ကျေပြီ။ ကျန်တာ တော့ ငါပဲ ဆက်လုပ်လိုက်မယ်''

ဟု ကိုသံဟိတ်က ပြောလိုက်သောအခါ ဘနာဂျီကလေးသည် ကိုသံဟိတ်ကို နှုတ်ဆက်၍ ပြန်သွားလေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com

# ၅
# ဝုလဲကုန်သည် ကိုဖေယံ

ဘနာဂျီ ပြန်သွားသောအခါ ကိုသံဟိတ်သည် ကျွန်ုပ်အား ကြည့်၍ –

"ကဲ ... မောင်တောအုပ်ရေ။ မင်း အလုပ်တော့ ကျပြီကွယ့်။ ကျုပ်နဲ့မင်းနဲ့ ဘနာဂျီ ပြောသွားတဲ့ ဝိဇ္ဇာအေးစက်လှေကို ဆင်းကြရလိမ့်မယ်။ ဟိုရောက်တော့ ကျုပ်က ကုန်းပေါ်က စောင့်နေမယ် မောင်တောအုပ်က စက်လှေပေါ်တက်ပေါ့။ ပြီးရင် စာရေးဖို့ ရှာပြီး လက်မှတ်တစ်စောင် ဝယ်ပါ စသည်ဖြင့် လိုအပ်သည်တို့ကို ကိုသံဟိတ်က ကျွန်ုပ်အား မှာကြားလေတော့၏။ ကျွန်ုပ်လည်း ကိုသံဟိတ်ပြောသော စကားများကို သေသေချာချာ မှတ်သားကာ နှစ်ယောက်သား ကမ်းနားသို့ ဆင်းလာခဲ့ကြလေတော့၏။

ကမ်းနားတန်းတွင် လျှောက်၍ ဝိဇ္ဇာအေး စက်လှေကို ရှာဖွေကြရာ မကြာမီမှာပင် ရှာ၍တွေ့လေ၏။

"ကဲ ... မောင်တောအုပ်၊ စက်လှေပေါ်ကို တက်ပေတော့ကွယ်"

ဟု ကိုသံဟိတ်က ပြောလေလျှင် ကျွန်ုပ်လည်း စက်လှေပေါ်သို့ တစ်ယောက်တည်း တက်ခဲ့ရလေတော့၏။





ကျွန်ုပ် စက်လှေပေါ်သို့ ရောက်သောအခါ စက်လှေဝမ်းကြီးထဲသို့ ကုန်ပစ္စည်းများကို စမ်းချနေသော စက်လှေမှ ကူလီများကို တွေ့ရလေ၏။ ကျွန်ုပ်လည်း ဘနာဂျီ ပြောသွားသော စကားများကို သတိရနေသည်ဖြစ်ရာ လှေဝမ်းထဲသို့ ကုန်များ ထမ်းချနေကြသည့် ကူလီများ၏ အရိပ်အခြေကို ကြည့်နေမိလေ၏။

ထိုအချိန်တွင် ကြက်သွန်အိတ်တစ်အိတ်ကို ထမ်းလာသော ကူလီတစ်ယောက်ကို တွေ့ရလေရာ ထိုကူလီမှာ အခြားကူလီများနှင့် မတူဘဲ ခေါင်းကို ပုဆိုးကြီးအုပ်၍ ခြုံထားကာ မျက်စိပေါက်ကလေးသာ ဖော်ထားသည်ကို တွေ့ရလေ၏။ ကျွန်ုပ်လည်း ဘနာဂျီ ပြောသော စကားကို ချက်ချင်း သတိရသည်ကား ကျောထဲသို့ စိမ့်ခနဲ ဖြစ်သွားလေတော့၏။

"ဘုရား ဘုရား ဘုရား ဒါကြီးက သရဲကြီး မိုးမှောင်ပါလား"

ဟု စိတ်ထဲတွင် ပြောလိုက်မိလေ၏။ လှေဝမ်းထဲသို့ ကြက်သွန်အိတ်ချပြီး ပြန်တက်လာသော ခေါင်းမြီးခြုံကူလီသည် ကျွန်ုပ်၏ ဘေးမှ ဖြတ်၍သွားလေရာ ကျွန်ုပ်က –

"ဒီမှာမိတ်ဆွေ ကျွန်တော် စက်လှေလက်မှတ် ဝယ်ချင်လို့ဗျာ၊ တစ်ဆိတ်လောက် စာရေးဆီကို ပို့ပေးပါဗျာ"

ဟု ပြောလိုက်လေရာ –

"ဪ ... ဆိပ်ကို သွားဖို့ထင်ရဲ့။ လာပါ လာပါ ကျွန်တော် လိုက်ပို့ပါ့မယ်"

ဟု ပြော၍ ကျွန်ုပ်အား ဦးဆောင်၍ ခေါ်သွားလေ၏။ ကျွန်ုပ်လည်း ခပ်လန့်လန့်နှင့်ပင် သူ့နောက်မှ လိုက်ခဲ့ရလေတော့၏။ စက်လှေကြီး၏ ဦးခေါင်းပိုင်းမှ အခန်းတစ်ခန်းသို့ ရောက်သောအခါ ခေါင်းမြီးခြုံဆရာက –



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... စာရေး"

ဟု အသံပေးလိုက်လေ၏။ ထိုအခါ အခန်းထဲမှ စာရေးဆိုသူက

"ဟေ့ ဘာလဲကွ ငမိုး၊ ဘာကိစ္စလဲ"

ဟု ပြန်၍မေးလေ၏။ ထိုအခါ ခေါင်းမြီးခြုံဆရာက ကျွန်ုပ်ဘက်သို့ လှည့်၍ ကြည့်ကာ -

"ဒီဆရာက ဆိပ်သွားဖို့ စက်လှေလက်မှတ် ဝယ်မလို့တဲ့ စာရေးကြီးရေ၊ အဲဒါ စာရေးကြီး အခန်းကို မသိလို့ ကျွန်တော် လိုက်ပို့တာပါ"

ဟု ပြောလိုက်လေ၏။

"ဩော် ... အေးအေး လွှတ်လိုက်ပါ၊ လွှတ်လိုက်ပါ"

ဟု အခန်းထဲမှ စာရေးက ပြန်၍ ပြောသောအခါ -

"ကဲ ... ဒီကိုကြွပါ မိတ်ဆွေ"

ဟု ခေါင်းမြီးခြုံဆရာက ကျွန်ုပ်အား ရိုရိုသေသေ ပြောလေ၏။

"ဟုတ်ကဲ့ ကျေးဇူးပါပဲ မိတ်ဆွေ"

ဟုပြောရင်း ကျွန်ုပ်က စာရေး၏ အခန်းထဲသို့ဝင်ခဲ့လေ၏။ ခေါင်းမြီး ခြုံကူလီကတော့ ချာခနဲ လှည့်၍ ထွက်သွားလေတော့၏။

"လက်မှတ်ဘယ်နှစောင်လိုပါသလဲ ခင်ဗျာ"

ဟု စာရေးက မေးလေ၏။ ကျွန်ုပ်က စာရေးအား ပြုံး၍ပြလိုက်ကာ -

"လက်မှတ်က တစ်စောင်ထဲပါ စာရေးရာ။ ဒါပေမဲ့ လိုက်မယ့်သူက ခပ်ထည်ထည်ထဲကဆိုတော့ အင်း ... ပြောရမှာတောင် အားနာပါရဲ့ဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်လေရာ -

"ဟာ ပြောပါ ပြောပါ အားမနာပါနဲ့"

ဟု စာရေးက ပြောလေ၏။





"ဒီလိုပါဗျာ၊ အခုလိုက်မယ့် လူက မုလဲကုန်သည် ကိုဖေငယ်ပါ။ သူက ဒီက မုလဲတွေကို ဈေးကောင်းပေးဝယ်ပြီး ပဲရစ်တို့ လန်ဒန်တို့မှာ ဖွင့်ထားတဲ့သူ့ရဲ့ ရတနာဆိုင်ကြီးတွေမှာ ကျကျနန တင်ရောင်းတာဗျ။ သူ့ကြောင့်လည်း မြန်မာ့မုလဲကို ကမ္ဘာက တော်တော်ကို သိသွားကြတာဗျို့။ သူကိုယ်တိုင်တော့ ဘိတ်ကျွန်းစုတွေဘက်ကို တစ်ခေါက်မှ မသွားဖူးပါဘူး။ ဒီတစ်ခါသာ ဘာစိတ်ကူးရပြီး ကိုယ်တိုင် ဆင်းလာသလဲ မဆိုနိုင်ပါဘူးဗျာ"

ဟု ကျွန်ုပ်၏ စကားမဆုံးမီမှာပင် -

"ဩော် ... ကျွန်တော်သိပါပြီ။ သူဌေးကိုဖေငယ်ဆိုတာ ကျွန်တော် ကြားဖူးတယ်ဗျ။ တော်တော်ကို ချမ်းသာပြီး တော်တော်လည်း ပေါက်ရောက်တဲ့သူဆိုပဲ"

"ဟာ ဟုတ်ပါပြီလား စာရေးရာ။ အဲဒါကြောင့် ပြောနေရတာပါ"

"မပူနဲ့ ဆရာ။ အခုလို သူဌေးကိုဖေငယ်ကိုယ်တိုင် ကျွန်တော်တို့ရဲ့ ဝိဇ္ဇာအေးစက်လှေကြီးကို စီးမယ့်ကိစ္စဟာ အတော်ကို ဂုဏ်ယူဖို့ကောင်းတဲ့ ကိစ္စပါဗျာ။ သိပ်ဝမ်းသာမိပါတယ်။ ကဲ ... ပြောဗျာ။ ကျွန်တော့်တို့ ဘာတွေ လုပ်ပေးရမလဲ"

"ဩော် ... ထွေထွေထူးထူးတော့လည်း မဟုတ်ပါဘူးဗျာ။ အခန်းကောင်းကောင်းကလေး စီစဉ်ပေးဖို့ရယ်၊ လမ်းမှာ အစားအသောက် ကောင်းကောင်းကလေး လုပ်ကိုင်ပေးဖို့လောက်ပါ။ ငွေကြေးအတွက်ကတော့ ဘယ်လောက်ပဲ ကျကျပါဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ စာရေးသည် ပြုံး၍ -

"ဟာ ... စိတ်ချပါ ဆရာ၊ စိတ်ချပါ။ အားလုံးပြည့်စုံအောင် စီစဉ်ပေးပါ့မယ်ဗျာ။ သူဌေးမင်း စိတ်ကျေနပ်သွားစေရပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု စာရေးက ဝမ်းသာအားရဖြင့် ပြောလေ၏။

"သြော် ... ဒါထက် စာရေးကြီးရေ ပြောရဦးမယ်ဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်ပြန်၏။

"ဟာ ... ပြောပါ ပြောပါ။ ဘာလုပ်ပေးရဦးမလဲ ခင်ဗျာ"

"ဒီလိုပါ စာရေးရယ်။ လူတွေမှာ တစ်ယောက်နဲ့တစ်ယောက် အမှုအကျင့် မတူကြဖူးမို့လားဗျာ။ ကျွန်တော်တို့ သူဌေးကိုဖေယံကျေ တစ်မျိုးဗျ စာရေးရဲ့။ သူ့ကို ခရီးဦးကြိုပြုတာ သိပ်သဘောကျတာဗျ

"သြော် ... ဒါများဗျာ ကျွန်တော်တို့အတွက် အပန်းမကြီး ဘူး။ သန်ဘက်ခါကျတော့ သူဌေးဆင်းလာတာနဲ့ ဟောဒီက ကျွန်ေ လူနှစ်ယောက်ကို ပြေးပြီးတော့ကို ကြိုခိုင်းမှာပါဗျာ။ ဟောဒီစက်လှေ ပေါ်ရောက်တော့ ကျွန်တော်က ထပ်ပြီး ကြိုဦးမှာပါ ဆရာရဲ့။ ေ ဒါနဲ့ စက်လှေက တစ်နာရီ ထွက်မှာဆိုတော့ သူဌေးတို့ ၁၂ နာရီလော တော့ ရောက်အောင် လိုက်ပို့ပေးပါဗျာ"

"စိတ်ချ စိတ်ချ။ ဒီကို ၁၂ နာရီတိတိ ရောက်စေရမယ်

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ –

"ကောင်းပါပြီ ဆရာ။ သူဌေးစီးရမယ့် အခန်းကို အထူးပြင် ပေးမယ်ဗျာ။ သန်ဘက်ခါ ၁၂ နာရီထိုးတာနဲ့ ကျွန်တော်ကိုယ် စောင့်ကြည့်နေမယ်။ ဆရာ့ကို ကျွန်တော် မှတ်မိပါတယ်။ ဆရာ ဆိုက်လာတာနဲ့ ဟောဒီစက်လှေက ကုလီနှစ်ယောက်က အပြေးအ လာပြီး ကြိုကြ ပါလိမ့်မယ်ဗျာ"

"အင်း ... ကောင်းတယ်ဗျာ။ သြော် ... ဒါနဲ့ စော ကျွန်တော်ကို ဒီလိုက်ပို့တဲ့ ကုလီက ဘယ်သူဗျ၊ ငတိုးဆိုလား။ ဘာလ

ဟု ကျွန်ုပ်က မေးလိုက်သောအခါ စာရေးက ပြာပြာသ

"သြော် ... ပုဆိုးခြုံနဲ့ ကောင်လား။ ငမိုးလေ ဆရာ"





"အေး ... အေး ငမိုး၊ ငမိုး။ အဲဒီကောင် အပြောအဆို ရည်မွန်ပုံရတယ်ဗျ စာရေးရဲ့။ အဲဒီနေ့ကျရင် အဲဒီကောင်ပါ ထည့်လွှတ် လိုက်ဗျာ။ သူဌေးကိုဖေယံက ရည်ရည်မွန်မွန်ပြောမှ သဘောကျတာဗျို့"

"သြော် ... ဒီလိုလား။ စိတ်ချပါ ဆရာ။ အားလုံး စီစဉ်ထား လိုက်ပါ့မယ်"

"ကဲ ... ဒါဆိုရင်လည်း လက်မှတ်ဖြတ်ဗျာ။ ငွေအတွက် ကတော့ အားမနာနဲ့ဗျာ။ ဘယ်လောက်ကျကျ ယူသာထားလိုက်ပါ"

"ဟာ ... မဟုတ်တာ ဆရာရယ်၊ ထုံးစံအတိုင်းပါပဲ။ ဘယ့် နှယ် ပိုယူလို့ ဖြစ်မလဲဗျာ။ ကျွန်တော်တို့ စက်လှေကြီးကို သူဌေးကိုဖေ ယံလို ပုဂ္ဂိုလ်က လိုက်စီးတာပဲ။ ကျေနပ်နေပါပြီဗျာ"

ဟု ဝိဇ္ဇာအေးစက်လှေ၏ စာရေးက ပြောပြောဆိုဆိုနှင့် ပထမ တန်းစား စက်လှေလက်မှတ်တစ်စောင်ကို ဖြတ်၍ပေးလေ၏။ ကျွန်ုပ် လည်း ကျသင့်သော ငွေကို ပေးခဲ့ကာ စာရေးအား နှုတ်ဆက်၍ တက် လာခဲ့လေ၏။

"ဟာ ... မိတ်ဆွေပြန်ပြီလား"

ဟု နှုတ်ဆက်သံကြားသဖြင့် နောက်သို့ လှည့်၍ ကြည့်လိုက် သောအခါ ပုဆိုးခေါင်းမြီးခြုံထားသည့် ကုလီက ကျွန်ုပ်အား နှုတ်ဆက်နေ သည်ကို တွေ့ရလေ၏။

"ဟာ ပြန်ပြီဗျို့၊ မိတ်ဆွေရေ။ ကျေးဇူးပဲဗျာ"

ဟု ကျွန်ုပ်က ပြန်၍ နှုတ်ဆက်ကာ ကုန်းပေါ်သို့ တက်လာခဲ့လေ ၏။ ကုန်းပေါ်သို့ ရောက်သောအခါ ဂိုထောင်တစ်ခု၏ အကွယ်မှ စောင့်နေ သော ကိုသံပတ်ကို တွေ့ရလေ၏။

"ဘယ့်နှယ့်လဲ မောင်တောအုပ်ရဲ့ နေရာကျခဲ့ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကိုသံဟိတ်က ကျွန်ုပ်အား မေးလေ၏။ ကျွန်ုပ်ကလည်း အကြောင်းစုံကို ပြောပြလိုက်ရလေ၏။ ထိုအခါ ကိုသံဟိတ်သည် ကျေနပ်သွားကာ –

"မောင်တောအုပ်လည်း အပုံကြီးကို တိုးတက်လာပြီပဲကိုး"

ဟု ပြော၍ ကျွန်ုပ်အား ချီးမွမ်းစကား ဆိုလေ၏။ ထို့နောက် ရထားတစ်စီးငှားကာ ဆိပ်ကမ်းသာလမ်းသို့ ပြန်ခဲ့ကြလေ၏။

နောက်တစ်နေ့တွင် ကိုသံဟိတ်သည် ကိုဘခင်နှင့် ကိုထွန်းသောင်ကို အကြောင်းကြားကာ အသေးစိတ် အစီအစဉ်များကို ပြုလုပ်လေ၏။

ကိုသံဟိတ်၏ အစီအစဉ်အရ ထိုနေ့တွင် ကိုထွန်းသောင်က အရပ်ဝတ် ဝတ်ကာ စက်လှေဆိပ်မှ ကြို၍ စောင့်နေရမည်ဖြစ်ပြီး ကျွန်ုပ်နှင့် ကိုသံဟိတ်က ရထားနှင့် ဆင်းလာကြရပေမည်။

အသေးစိတ် အချက်အလက်များကို စီစဉ်ပြီးသောအခါ ကိုဘခင်တို့လည်း ပြန်၍ သွားကြလေ၏။

နောက်တစ်နေ့တွင် ကိုဘခင်သည် အဝတ်အစား ခပ်နွမ်းနွမ်းကို ဝတ်ကာ ကျွန်ုပ်တို့ဆီသို့ ရောက်လာလေ၏။ လွယ်အိတ်အဟောင်းကြီးတစ်လုံးကိုလည်း စလွယ်သိုင်း၍ လွယ်ထားလိုက်လေ၏။

"ဟင် . . . ကိုဘခင် ဘယ်လိုဖြစ်လာတာလဲ"

ဟု ကျွန်ုပ်က မေးလိုက်သောအခါ ကိုသံဟိတ်က ဝင်၍ ဖြေလေ၏။

"ကိုဘခင်က ရထားမောင်းရမှာလေကွယ်"

"သြော် . . . ဒီလိုကိုး တူပါပေရဲ့ဗျာ။ တကယ့်ရထားသမားကြီး ကျနေတာပါပဲ"

ဟု ကျွန်ုပ်က သဘောကျစွာဖြင့် ရယ်မောပြောလိုက်လေ၏။





နံနက် ၁၁ နာရီခွဲသောအခါ ကိုသံဟိတ်သည် တကယ့်သူဌေးတစ်ယောက်၏ ပုံစံအတိုင်း ပြင်ဆင်ပြီးသား ဖြစ်နေကာ အိမ်မှ ထွက်လာခဲ့လေတော့၏။ ကျွန်ုပ်တို့ သုံးယောက်လည်း ၃၈ လမ်းထောင့်ရှိ ပိတောက်ပင်ကြီးအောက်တွင် ရပ်ထားသော ရထားပေါ်သို့ တက်ကြလေ၏။

"အလို . . . ဒီရထားက ဘယ်လိုဖြစ်လို့ အဆင်သင့် ဖြစ်နေရတာလဲဗျ"

မေးလိုက်သောအခါ ကိုဘခင်ကား ရယ်မောလျက် ပြောလေ၏။

"ကျုပ်လာတုန်းကတည်းက မောင်းလာကလေ ကိုတောအုပ်ရဲ့"

"သြော် . . . အကွက်ကတော့ အတော့်ကို စေ့တဲ့လူတွေပါပဲဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ ကိုသံဟိတ်ရော၊ ကိုဘခင်ကပါ ရယ်ကြလေ၏။ ပြီးလျှင် ကိုဘခင်က ရထားမောင်းသူ၏ နေရာသို့ တက်၍ ထိုင်လိုက်ကာ ရထားကို မောင်းလေ၏။ ကိုသံဟိတ်ကလည်း သယ်ယူလာသည့် ခနီးခေါင်သေတ္တာလေးလေးကြီးကို ကျွန်ုပ်တို့နှစ်ယောက်၏ အလယ်တွင် ချထားလေ၏။

မိနစ်နှစ်ဆယ်ခန့်မောင်းလိုက်သောအခါ စက်လှေဆိပ်သို့ ရောက်လာလေတော့၏။ ကိုဘခင်လည်း ဝိဇ္ဇာအေးစက်လှေကို ငှား၍ ရထားကို စက်လှေဆိပ်သို့ မောင်းလေတော့၏။ ပြီးလျှင် ရထားကို ရှင်းသောနေရာတွင် ရပ်လိုက်လေ၏။ ကျွန်ုပ်လည်း ရထားအပေါက်မှအပြင်သို့ လှမ်း၍ အကဲခတ် ကြည့်လိုက်သောအခါ ခရီးသည်များကြားတွင် ရော၍ ခတ်တတ်ရပ်နေသော ကိုထွန်းသောင်ကို တွေ့ရလေ၏။

ကျွန်ုပ်တို့ ရထားဆိုက်လိုက်သောအခါ ကိုထွန်းသောင်သည် သိမသာ ကြည့်နေလေ၏။ ထိုအချိန်တွင် ကျွန်ုပ်လည်း ရထားမှ ခပ်



www.burmeseclassic.com

www.burmeseclassic.com



သုတ်သုတ် ဆင်းလိုက်ကာ စက်လှေဆီသို့ လှမ်း၍ ကြည့်လိုက်ရာ အသင့်စောင့်ဆိုင်းနေသော ဝိဇ္ဇာအေးစာရေးကို တွေ့ရလေ၏။

စာရေးသည် ကျွန်ုပ်ကို လှမ်း၍ မြင်သောအခါ လက်ကို မြှောက်၍ ပြလေ၏။ ပြီးလျှင် စက်လှေထဲသို့ လှည့်၍ တစ်စုံတစ်ခုအား ပြောလိုက်သည်ကို တွေ့ရလေ၏။

ထိုအခါ စက်လှေထဲမှ ကုလီနှစ်ယောက်ပြေး၍ တက်လာလေ၏။ တစ်ယောက်က ပုဆိုးခေါင်းမြီးခြုံထားသော ကုလီဖြစ်လေရာ စာရေး၏ လေးစားပုံကို ကျွန်ုပ်၏ စိတ်ထဲမှ ချီးကျူးလိုက်လေ၏။

ထိုအချိန်တွင် ကိုသံဟိတ်သည် ရထားဘေးတွင် ရပ်၍ သူဌေးတစ်ယောက်၏ ဂိုဏ်းကို အပြည့်အဝဖမ်းထားသည်ကို တွေ့ရလေ၏။ ခေါင်းမြီးခြုံ ကုလီနှင့် အခြားကုလီတစ်ယောက်သည် ရိုကျိုးသော အမူအရာ ဖြင့် ကိုသံဟိတ်၏ အနီးသို့ ကပ်၍လာကာ –

"ဘာတွေ သယ်ပေးရမယ်ဆိုတာ အမိန့်ရှိပါ"

ဟု ပြောလေ၏။ ထိုအခါ ကိုသံဟိတ်က ရထားထဲမှ သေတ္တာကြီးကို ဟန့်ပါပါဖြင့် လက်ညွှန်၍ ပြလိုက်လေ၏။ ထိုအခါ ကုလီနှစ်ယောက်က ရထားပေါ်မှ သေတ္တာကို မခုန်ချလေ၏။

သေတ္တာကြီးကို အောက်သို့ချပြီးသောအခါ ခေါင်းမြီးခြုံထားသော ကုလီက အောက်သို့ ကုန်း၍ လက်နှစ်ဖက်နှင့် သေတ္တာကို မ,ကာ ပခုံးတွင် ထမ်းရန် ပြင်လေ၏။ သို့သော် သေတ္တာကို မ,ယူနေစဉ်မှာပင်။

"ချောက်"

ဟူသော အသံထွက်ပေါ်လာကာ ခေါင်းမြီးခြုံထားသော ကုလီ၏ လက်နှစ်ဖက်တွင် လက်ထိပ်တန်းလန်းကြီး ခတ်ပြီးသားရှိနေလေတော့၏။





"သရဲကြီး မိုးမှောင်၊ တက်ခေါင်ကို သတ်တဲ့အမှုနဲ့ မင်းကို ဖမ်းလိုက်ပြီ"

ဟု ကိုသံဟိတ်က ကြည်လင်ပိုသသော အသံဖြင့် ပြောလိုက်သောအခါ သရဲကြီးမိုးမှောင်ဆိုသူ ခေါင်းမြီးခြုံထားသည်။ ကုလီသည် လန့်၍ နောက်သို့ ခုံထွက်လိုက်လေ၏။

"ကလစ်"

ထိုအချိန်တွင် ရထားမောင်းလာသော ကိုတခင်က ခြောက်လုံးပြူးကို ကလစ်ခနဲ မောင်းတင်လိုက်ကာ သရဲကြီးမိုးမှောင်ကို ချိန်၍ ထားလိုက်လေ၏။ ထိုအချိန်မှာပင် လူကြားထဲမှ တိုးထွက်လာသော ကိုထွန်းသောင်ကြီးကလည်း အနီးသို့ ရောက်လာလေတော့၏။

"သရဲကြီးမိုးမှောင် မင်းကို သေနတ်နဲ့ ချိန်ထားတဲ့လူက ရထားသမား မဟုတ်ဘူးကွ။ စီအိုင်ဒီက ပုလိပ်အင်စပိတ်တော်ကိုဘခင်တဲ့။ မင်း နောက်မှာ ရပ်နေတဲ့သူကတော့ ပုလိပ်အင်စပိတ်တော်ကိုထွန်းသောင်တဲ့"

ထိုသို့ ပြောသောအခါ မိုးမှောင်ကနောက်သို့ ဆတ်ခနဲ လှည့်၍ ကြည့်လေ၏။ ကိုထွန်းသောင်ကြီးကလည်း ပြုံးပြုံးကြီး လုပ်ကာ မိုးမှောင်ကို ကြည့်နေလေတော့၏။

"ကျုပ်ကတော့ လက်ဖတင်နှင်သံဟိတ်ပါ။ ဟောဒါက ကျုပ်မိတ်ဆွေ မောင်တောအုပ်တဲ့။ ဘာပဲဖြစ်ဖြစ်၊ ဘင်္ဂလားပင်လယ်ကြီးကို ဖြတ်ပြီး ရန်ကုန်ကို ရောက်အောင် ပြန်လာနိုင်တဲ့ မင်းရဲ့ သတ္တိကိုတော့ ချီးကျူးပါတယ် သရဲကြီးမိုးမှောင်"

ဟု ကိုသံဟိတ်က ပြောလိုက်လေရာ –

"သြော် ... ခင်ဗျားတို့က ဒါတွေကိုတောင် သိနေကြပြီကိုး။ တော်ကြပါပေရဲ့ဗျာ။ စိတ်ချပါဗျာ။ ကျုပ်ဘယ်တော့မှ ထွက်မပြေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အရှင်ဘဝတို့ ဖျက်ဆီးခဲ့တဲ့ အကောင်ကို လက်စားချေလိုက်ရပြီဆိုတော့ ကြိုးစင်တက်ဖို့ကိုလည်း ဝန်မလေးတော့ပါဘူးဗျာ''

ဟု သရဲကြီးမိုးမှောင်က ပြောလိုက်စဉ်မှာပင် ကိုသံဟိတ်သည် မိုးမှောင်၏ ခေါင်းမှ ပုဆိုးခြုံကြီးကို လှန်၍ ကြည့်လိုက်လေ၏။

''ဟာ''

ဟု ကျွန်ုပ်ရော ကိုဘခင်ပါ ပြိုင်တူအော်လိုက်မိကြလေ၏။

''ဒါကြောင့်လည်း သရဲကြီး မိုးမှောင်လို့ ခေါ်ကြပေတာကိုး''

ဟု ကျွန်ုပ်၏ စိတ်ထဲက ပြောလိုက်မိလေတော့၏။ ပြီးလျှင် ကိုဘခင်နှင့် ကိုထွန်းသောင်က မိုးမှောင်ကို ဆီဒင်ကားအနီကလေးပေါ်သို့ တင်၍ ခေါ်သွားလေတော့၏။

စက်လှေဆိပ်တွင် အဆင်သင့်စောင့်နေသော ရထားသမား အစ်ကို ပြေးလာကာ သူ့ရထားကို တက်၍ မောင်းလေ၏။ ဤသို့ဖြင့် ကျွန်ုပ်တို့ နှစ်ယောက်လည်း ဆိပ်ကမ်းသာလမ်းသို့ ပြန်၍ ရောက်လာခဲ့ကြလေတော့၏။

''သရဲကြီးမိုးမှောင်က သူများနဲ့မတူတဲ့ ရုပ်ကြီးရှိနေတော့ ဖမ်းရဆီးရတာ လွယ်သွားတာပေါ့ကွယ်''

ဟု ကိုသံဟိတ်က ပြောလေ၏။

''သရဲကြီးကို ဖမ်းရတာတော့ လွယ်ပါရဲ့ဗျာ။ ဒါပေမယ့် ကျွန်တော့် မျက်စိထဲမှာတော့ ဒူးကြီးသောက်ပြီး သေနေတဲ့ တက်ခေါင်ရဲ့ ပုံကြီးနဲ့ မိုးမှောင်ရဲ့ မျက်နှာကြီးကို မေ့ပစ်နိုင်အောင်တော့ အတော့်ကို ကြိုးစားရဦး တော့မယ်ဗျို့''

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ ကိုသံဟိတ်သည် သဘောကျစွာနှင့် ရယ်မောလေတော့၏။

■

ကျွန်ုပ်သည် သရဲကြီးမိုးမှောင်ခေါ် ကျွန်းပြေးငမိုးအား စစ်ဆေး၍ ဖြောင့်ချက်ယူနေသော အချိန်တွင် ကိုဘခင်၏ အကူအညီဖြင့် သွားရောက် နားထောင်ခွင့်ရခဲ့လေ၏။

သရဲကြီးမိုးမှောင်၏ ဖြောင့်ချက်ကို အစမှ အဆုံးအထိ နားထောင်ခဲ့ရပြီးနောက် ကျွန်ုပ်သည် ထုံးစံအတိုင်း မှတ်တမ်း တစ်စောင် ရေးသားခဲ့လေတော့၏။

ရေးသား၍ ပြီးသွားသောအခါ မှတ်တမ်း၏ အမည်ကို 'ရုပ်ဆိုးကြီး မိုးမှောင်' ဟု ရေးထိုးလိုက်လေတော့၏။

မောင်တောအုပ်

www.burmeseclassic.com

www.burmeseclassic.com

ချစ်သောစာဖတ်သူ

ကျွန်ုပ် ဝေမင်းအိမ်သည် ဦးတောအုပ်၏ မှတ်တမ်းကြီးများကို ရရှိခဲ့သည့်အကြောင်းကား ကျွန်ုပ်၏ ပထမဆုံးဝတ္ထုဖြစ်သည့် 'ဟိမဝန္တာသခင်မ' တွင် အသေးစိတ် ဖော်ပြခဲ့ပြီး ဖြစ်လေ၏။

ယခုတွင်လည်း ယခင်မှတ်တမ်းများနည်းတူ စာဖတ်သူများ ခံစားမှုရစေရန် ဝတ္ထုသဖွယ်ပြင်ဆင်ရေးသားသည်မှလွဲ၍ ဦးတောအုပ်၏ မှတ်တမ်းကို ပြင်ဆင်ခြင်း ဖြတ်တောက်ခြင်း အရှင်းမပြုလုပ်ဘဲ ဖော်ပြလိုက်ကြောင်းကို ရိုးသားစွာ အသိပေးအပ်ပါသည်။

**ဝေမင်းအိမ်**

# အခန်း(၁)
## ဝါဂွမ်းသူဌေး ဦးတောင်ဝေး

ဘဝတွင် မျှော်လင့်ထားသည့်အကြောင်းအရာတို့သည် ဖြစ်လာရန် ခဲယဉ်းသော်လည်း မျှော်လင့်မထားသည့် အကြောင်းအရာတို့သည် ဖြစ်တတ် လှလေ၏။

ကံကြမ္မာသည် ရဟတ်ပမာ လည်ပတ်တတ်သည့် သဘောရှိ ကြောင်းကို အခြားသူများအနေနှင့် ယုံချင်မှ ယုံကြမည်ဖြစ်သော်လည်း ကျွန်ုပ်အဖို့တွင် အကြွင်းမဲ့ ယုံကြည်မိလေ၏။

မလှိုင်(ဝမ်းတွင်း) ဟံဇားနယ်တစ်ဝိုက်တွင် ကျွန်ုပ်၏ ဖခင် တောင်ဝေးသည် နာမည်ကြီးဝါဂွမ်းသူဌေးတစ်ယောက် ဖြစ်လေ၏။ င်ကြီးသည် မိတ္ထီလာ နယ်တဝိုက်ကြော်မှ ထွက်သမျှ ဝါဂွမ်းများ၏ တစ် ခန့်ကို အမြဲပင် ဝယ်ယူ၍ သုံးပုံတစ်ပုံကို အခြားနယ်များသို့ ချက်ချ ရောက် ရောင်းချတတ်သော်လည်း ကျန်သုံးပုံနှစ်ပုံကို ဂိုထော များ ဆောက်ကာ လှောင်ထားလေ့ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ ဖခင်ဦးတောင်ဝေးသည် ပိုက်ဆံရှိသလောက် အလှူ အတန်းလည်း ရက်ရောသူတစ်ယောက် ဖြစ်လေရာ ကျွန်ုပ်တို့ရွာတွင် ပင်မကဘဲ အနီးအနားရွာကပင် ယခင်ကြီးကို သိကြလေ၏။

တစ်ခုသော နွေရာသီတွင်တော့ ကျွန်ုပ်တို့ ရွာကြီးတွင် အကုသိုလ် ဝင်ခဲ့လေ၏။ ရွာမြောက်ပိုင်းမှ ထန်းပိုင်ရှင်၊ ဦးဘအုန်းတစ် ယောက် ဝမ်းရောဂါ ဖြစ်၍ ချက်ချင်း သေဆုံးခဲ့လေ၏။

ရွာသူရွာသားများလည်း ဦးဘအုန်းအား ရွာပြင်ရှိ သုသာန်တွင် ချက်ချင်း သဂြိုလ်ကြလေ၏။ သို့သော် အသိဉာဏ်နုံနဲ့သော တောသူ တောင် သားများ ဖြစ်ကြသည့်အလျောက် ကူးစက်တတ်သော ရောဂါမှန်း မသိကြဘဲ ခပ်ပေါ့ပေါ့ပင် နေကြလေရာ မကြာမီမှာပင် ရွာထဲ၌ ဝမ်းရောဂါ ကူးစက်လေတော့၏။

တစ်ရက်တည်း သုံးယောက်၊ လေးယောက် သေဆုံးသောအခါ တွင်မှ အားလုံး မျက်လုံးပြူးကြရလေတော့၏။ သို့သော် အသိနောက်ကျ လေ၏။ တစ်ရက်လျှင် တစ်ယောက်နှစ်ယောက် သေနေကြသည်ဖြစ်ရာ တစ်ပတ်ခန့်အကြာတွင် ကြောက်စရာ ကောင်းလှသော ထိုရောဂါဆိုးကြီး သည် ကျွန်ုပ်၏ ဖခင်ကြီးအား ကူးခတ်လေတော့၏။

ကျွန်ုပ်တို့လည်း ရွာရှိ ဆေးဆရာများအပြင် အနီးအနားရွာများ မှ ဆေးဆရာများကိုပါ ပင့်၍ကုသသော်လည်း မည်သို့မျှ ကယ်တင်နိုင်ခြင်း မရှိခဲ့ပေ။ ဒုတိယမြောက်နေ့မှာပင် ကျွန်ုပ်၏ ဖခင် ဦးတောင်ဝေးတစ် ယောက် အနိစ္စသို့ ရောက်ခဲ့လေတော့၏။

ဝမ်းရောဂါကြောင့် သေဆုံးခဲ့ရသော ရွာသား ဆယ့်တစ်ယောက် တွင် ကျွန်ုပ်၏ ဖခင်ကြီးပါ ပါသွားခဲ့ရလေတော့၏။

ဘဝ၏ ကံကြမ္မာသည် လွန်စွာမှ ထူးဆန်းလှပေ၏။ ဖခင်ကြီး သေဆုံးပြီး ရက်လည်သည့်နေ့တွင် ကျွန်ုပ်၏ မိခင် ဒေါ်ငွက်သည်





ရဟန်း သံဃာများအား ဆွမ်းကပ်ကာ ရေစက်ချအမျှဝေခဲ့လေ၏။

ထိုညမှာပင် လုံးဝ မျှော်လင့်မထားသော အရာတို့ဖြစ်လာခဲ့လေ တော့၏။ ဖခင်ကြီးပိုင်သော ဝါဂွမ်းဂိုထောင်များ မီးလောင်ကျွမ်းလေတော့ ၏။ မည်သို့ စ၍လောင်ကျွမ်းခဲ့သည်ကို ယနေ့တိုင်အောင် ကျွန်ုပ် မသိ ခဲ့ပေ။

ဝါဂွမ်းများသည် မီးလောင်ရန် အကောင်းဆုံးလောင်စာများ ဖြစ်လေရာ၊ တစ်ရွာလုံးရှိ လူအကုန် ထွက်၍ ငြိမ်းသော်လည်း မည်သို့မျှ မနိုင်ခဲ့တော့ပေ။ နောက်ဆုံးတွင် ဝါဂွမ်းဂိုထောင်များမှတစ်ဆင့် ကျွန်ုပ်တို့ နေသော ကျွန်းအိမ်ကြီးကိုပါ မီးကူးစက်လောင်ကျွမ်းလေတော့၏။

ကျွန်ုပ်နှင့် မိခင်ကြီးဒေါ်ငွက်လည်း မည်သည့်ပစ္စည်းကိုမျှ မယူ နိုင်တော့ဘဲ၊ အိမ်ပေါ်မှ ကျောကော့၍ ဆင်းပြေးခဲ့ရလေတော့၏။ မီးကား အညွှန်းကြီးစွာ လောင်ကျွမ်းပြီးမှ ယတိပြတ်ငြိမ်းသွားခဲ့လေ၏။

အံ့ဩဖွယ်ကောင်းလှလေ၏။ ဤမျှကြောက်မက်ဖွယ်လောင် ကျွမ်းသည်။ မီးကြီးသည် ဂိုထောင်ကြီးများနှင့် အိမ်ကြီးကို ဝါးမျိုပြီးသော အခါ ချက်ချင်း မီးညွှန်ကျိုး၍ ငြိမ်းသွားခဲ့လေ၏။ အခြားအိမ်တစ်အိမ်ကိုမျှ ကူးစက်လောင်ကျွမ်းခြင်း မရှိခဲ့ပေ။ ဤအဖြစ်အပျက်ကို ကြည့်၍ တစ်ရွာ လုံး အံ့ဩကြလေတော့၏။

ထို့ထက်ပို၍ ထူးဆန်းသည်မှာ ကျွန်ုပ်တို့၏ ဝါဂွမ်းဂိုထောင်ကြီး များနှင့် အိမ်ကြီးကိုမီးလောင်ခံရပြီးနောက် တစ်ရွာလုံး ကူးစက်ဖြစ်ပွားနေ သည့် ဝမ်းရောဂါသည်လည်း ယတိပြတ် ပျောက်ကွယ်သွားလေတော့၏။

ရွာသူရွာသားများအဖို့ ကာလဝမ်းရောဂါကြီး ပပျောက်သွား သဖြင့် ဝမ်းသာနေကြသော်လည်း ကျွန်ုပ်တို့သားအမိမှာ နေစရာပင်မရှိ တော့အောင် ချက်ချင်း ဆင်းရဲမွဲတေခဲ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ကျွန်ုပ်၏ အသက်မှာ ကိုးနှစ်သာ ရှိသေးသည်ဖြစ်ရာ မည်သို့မျှ မတတ်နိုင်အောင် ရှိလေတော့၏။

ကျွန်ုပ်တို့သားအမိလည်း အမေညီမဝမ်းကွဲ၏ အိမ်တွင် ကပ်၍ နေကြရလေတော့၏။ သို့သော် ကျွန်ုပ်၏ မိခင် ဒေါ်ငွက်သည် ဖခင်ကြီး၏ စိတ်နှင့် မမျှော်လင့်ဘဲ ကြုံလိုက်ရသော လောကဓံတရား၏ ရိုက်ပုတ်မှု ဒဏ်တို့ကြောင့် အိပ်ရာတွင် ဘုံးဘုံးလဲလေတော့၏။

တစ်လခန့်၊ စိတ်ဝေဒနာကို ခံစားရပြီးလျှင် မိခင်ကြီးလည်း လူ့လောကမှ ထွက်ခွာသွားပြန်လေတော့၏။

အသက်ကိုးနှစ်သာရှိသေးသည့် ကျွန်ုပ် မိုးမှောင်တစ်ယောက်တည်းသာ လူ့လောကတွင် ကျန်ရစ်ခဲ့ရလေတော့၏။ ကျွန်ုပ်အား မွေးဖွားသည့်အချိန်တွင် ထူးထူးခြားခြား မိုးမှောင်ကြီးကျနေသည်ကို အကြောင်းပြုကာ ဖခင်ကြီးကိုယ်တိုင် ကျွန်ုပ်အား မိုးမှောင်ဟု မှည့်ခေါ်ခဲ့ခြင်း ဖြစ်လေ၏။

ကျွန်ုပ်လည်း ဓါဂွမ်းသူဌေးဦးတောင်ဝေး၏သားဘဝမှ နေ့ချင်းညချင်း မိဘမဲ့ဘဝသို့ ရောက်ရှိကာ သူများအိမ်တွင် ကပ်၍နေရသည့် အဖြစ်သို့ ရောက်ခဲ့ရလေတော့၏။

ကျွန်ုပ် ကပ်ရပ်နေရသော အမေညီမဝမ်းကွဲတော်သူသည် ကျွန်ုပ်အပေါ်တွင် ကောင်းမွန်သော်လည်း အဒေါ်၏ ယောကျ်ားဖြစ်သူနှင့် အဒေါ်၏ သားဖြစ်သူ အောင်ပွားတို့သည် ကျွန်ုပ်အား လိုလားပုံမရချေ။

အောင်ပွားသည် ကျွန်ုပ်၏ အစ်ကိုဝမ်းကွဲတစ်ယောက်ပင် ဖြစ်သော်လည်း ကျွန်ုပ်အား အမျိုးမျိုး ခိုင်းစေကာ ကြိုးနိုင်ငယ်ညှင်းလှန်စွာ လုပ်သူဖြစ်လေ၏။

ကျွန်ုပ်လည်း နေ့စဉ်နှင့်အမျှ အောင်ပွား၏ နှိပ်စက်ကလူပြုခြင်းကို ခံနေရလေရာ တစ်နေ့တခြား စိတ်ကုန်၍ လာလေတော့၏။ သို့သော်





မည်သို့လုပ်ရမည်ကို မသိသဖြင့် ပေ၍သာ ခံနေရလေတော့၏။

နောက်ဆုံးတွင်တော့ အောင်ပွား၏ ညှင်းပန်းအနိုင်ကျင့်မှုကို မည်သို့မျှ မခံနိုင်တော့သည့်အတွက် ကျွန်ုပ်သည် အဒေါ်၏ အိမ်မှ ထွက်သွားရန် လုံးဝ ဆုံးဖြတ်လိုက်မိလေတော့၏။

ထို့နောက်တွင်တော့ ကျွန်ုပ်၏ ခြေလှမ်းများသည် စာပို့ရထားရပ်လေ့ရှိပါသည့် ကျွန်ုပ်တို့ရွာမှ ဘူတာရုံကလေးဆီသို့ ဦးတည်လိုက်မိလေတော့၏။

■

www.burmeseclassic.com

## အခန်း(၂)
## သံသရာ ရထားပေါ်မှ မိုးမှောင်

တစ်ဘူတာကြီးတစ်ဘူတာ ဆိုက်ရောက်ခဲ့သော ရထားကြီးပေါ်မှ ဆင်းသူကဆင်း၍ တက်သူက တက်ခဲ့လေ၏။

ဤရထားသည် မည်သည့်အရပ်သို့ ဦးတည်၍ ခုတ်မောင်းနေသည်ကို ကျွန်ုပ်မသိခဲ့ပါ။ ကျွန်ုပ်၏ စိတ်ထဲတွင် အဒေါ်ဝမ်းကွဲ၏ အိမ်တွင်၌ ဆက်လက်၍ မနေရရေးကိုသာ သိနေလေတော့၏။ မည်သည့်အရပ်သို့ပင် ရောက်ရောက် ကျွန်ုပ်ကနေနှင့် လိုက်ပါသွားမည်သာ ဖြစ်၏။ ကျွန်ုပ်ထံတွင် ငွေကြေးဟူ၍လည်း တခြားတစ်ချပ်မျှ ပါလာခြင်းမရှိခဲ့ပေ။

တစ်ဘူတာဝင် တစ်ဘူတာ ထွက်နှင့် ခုတ်မောင်းလာခဲ့သော စာပို့ရထားကြီးသည် ငါးဘူတာခန့် ရောက်သောအခါ လက်မှတ်စစ်သူများ ရထားတွဲပေါ်သို့ တက်လာကြလေတော့၏။ ကျွန်ုပ်လည်း တစ်ခါမျှ ရထားစီးဖူးခြင်း မရှိသောကြောင့် ဘာမှန်းမသိဘဲ ငေး၍သာ ကြည့်နေမိလေ၏။

"ဟေ့ ... ကလေး၊ မင်းလက်မှတ်ရော"

ဟု ကုလားကပြားပုံရှိသူ လက်မှတ်စစ်တစ်ယောက်က ကျွန်ုပ်ကို မေးလေ၏။

"လက်မှတ် ဘာလက်မှတ်လဲ၊ ကျုပ်မှာ ဘာလက်မှတ်မှ မပါဘူးဗျ"





ဟု ကျွန်ုပ်က ပြန်၍ ပြောလိုက်သည်။

"ဟေ့ ... ရထားစီးတယ်ဆိုတာ လက်မှတ်ဝယ်ပြီးမှ စီးရတယ်ကွ။ အလကား မစီးရဘူး"

"ဟုတ်လား။ ကျုပ်မှ မသိဘဲ"

ဟု ကျွန်ုပ်က ပြန်၍ ပြောလေ၏။

"ဒါဆိုရင် မင်းဒဏ်ငွေ ဆောင်ရမယ်"

ဟု လက်မှတ်စစ်က ပြောလေ၏။ ကျွန်ုပ်ကလည်း ခပ်တည်တည်ပင် ကြည့်၍ –

"ဒဏ်ငွေ ဟုတ်လား ဒဏ်ငွေ ဆောင်ဖို့နေနေသာ ကျုပ်မှာ ပိုက်ဆံနဲ့တူတာဆိုလို့ ကုက္ကိုရွက်တောင် မပါဘူးဗျ"

ဟု ပြောလိုက်လေရာ –

"ဟာ ... ဒါဆိုရင်တော့ ခက်တော့တာပဲ၊ မင်းဘယ်က ထွက်လာတာလဲ"

ဟု လက်မှတ်စစ်က မေးလေ၏။

"ဟံဇားက"

ဟု ကျွန်ုပ်က ဖြေလိုက်သောအခါ –

"ဒါဆိုရင်တော့ မင်းကို ဖမ်းရတော့မှာပဲ"

"ဖမ်းလေ"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်သောအခါ –

"မင်း အဖမ်းခံရ မကြောက်ဘူးလား"

"မကြောက်ဘူး၊ ဖမ်းပါ"

"ဘာကွ၊ ဖမ်းမှာကိုတောင် မကြောက်ရအောင် မင်းက ဘာမှ ...ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု လက်မှတ်စစ်ကြီးက ဒေါသဖြင့် အော်ပြောလေ၏။ တွဲထဲတွင် ပါလာကြသော ခရီးသည်များအားလုံးက ကျွန်ုပ်နှင့် လက်မှတ်စစ်တို့ကို ဝိုင်း၍ကြည့်နေကြလေတော့၏။

"ကျုပ်က ဘာမှ မဟုတ်ပါဘူး။ ကြောက်တာက ဖြစ်ချင်ရာဖြစ် ဆိုပြီး၊ ကျုပ် စိတ်က တွေးထားလို့ပါ"

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ လက်မှတ်စစ်ကြီးလည်း တွေသွားလေတော့၏။

"ဒါဆိုရင် မင်းက ဘယ်အထိသွားမှာလဲ"

"မသိဘူးဗျ"

"ဟေ"

"ဒီရထားက ဘယ်ကို သွားနေတယ်ဆိုတာရော မင်းသိလား"

"မသိဘူးဗျ"

"ဟော့ ... ဒုက္ခပါပဲကွာ"

ဟု လက်မှတ်စစ်ကြီးက ညည်းတွားရင်း ထပ်၍ မေးပြန်လေ၏။

"မင်းအသက်ဘယ်လောက်ရှိပြီလဲ"

"ဆယ်နှစ်"

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"မိုးမှောင်"

"မင်းကို ငါ ဖမ်းရတော့မယ် မိုးမှောင်"

"ဖမ်းပါ"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်စဉ်မှာပင် ကျွန်ုပ်နှင့် မလှမ်းမကမ်း ထိုင်ခုံမှ ရုပ်ရည်သန့်သန့်ပုံ့ပုံ့နှင့် လူကြီးတစ်ယောက်က -

"ဒီမှာ လက်မှတ်စစ်ကြီး ဒီလိုလုပ်ပါဗျာ"





ဟု လှမ်း၍ပြောလိုက်လေရာ ဝိုင်း၍ကြည့်နေသော လူများနှင့် လက်မှတ်စစ်ကြီး၏ မျက်စိများအားလုံး ထိုလူကြီးထံသို့ ရောက်သွားလေတော့၏။

"ဘာလဲ၊ ဘယ်လိုလုပ်ရမှာလဲ။ ဖမ်းရုံပဲ ရှိတော့တယ်"

ဟု လက်မှတ်စစ်က ခပ်ကျယ်ကျယ်အော်၍ ပြောလိုက်သောအခါ အချို့ခရီးသည်များသည် လန့်ပြီး မျက်နှာလွှဲသွားကြလေ၏။

"ဒီကလေးအတွက် လက်မှတ်ခရော၊ ဒဏ်ကြေးရော ကျွန်တော် ပေးပါ့မယ်ဗျာ။ ဒီကလေးကို မဖမ်းပါနဲ့"

ဟု ထိုသူက ပြောလိုက်သောအခါ -

"ဩော် ... ဒီလိုလား၊ ဒါဆိုရင်တော့ ပြီးတာပေါ့ဗျာ"

ဟု လက်မှတ်စစ်က ပြောပြောဆိုဆိုနှင့် ထိုလူကြီး၏ အနီးသို့ သွားကာ ဖြတ်ပိုင်းရေးလေ၏။ ထိုလူကြီးလည်း ကျသင့်သည့် ငွေကြေးကို ထုတ်၍ ပေးလိုက်သောအခါ လက်မှတ်စစ်လည်း ကျေနပ်သွားလေတော့၏။

"မင်း ကံကောင်းသွားတာပေါ့ မိုးမှောင်ရာ၊ နောင်ကို မင်းမိဘတွေ မပါဘဲ ရထားမစီးနဲ့ ကြားလား"

ဟု ကျွန်ုပ်ကို ကြည့်ကာ လက်မှတ်စစ်ကြီးက ပြောလေ၏။

"ကျုပ်မှာ ရထားအတူတူ စီးဖို့ မိဘမရှိတော့ဘူးဗျ"

"ဟေ"

ဟု လက်မှတ်စစ်ကြီးက ပြောဆိုရင်း သူ့ခေါင်းကို တဖျင်းဖျင်းခါကာ အခြားတွဲတစ်တွဲသို့ ကူးသွားလေတော့၏။

"မိုးမှောင် လာကွ၊ ဒီနားကို"

ဟု စောစောက ကျွန်ုပ်အရွယ် လက်မှတ်ခ စိုက်ထုတ်ပေးသော လူကြီးက ကျွန်ုပ်အား ခေါ်လေ၏။ ကျွန်ုပ်လည်း ကျွန်ုပ်လည်း အဖမ်းမခံ



www.burmeseclassic.com

www.burmeseclassic.com



ရအောင် ကယ်တင်လိုက်သော ဘိုလူကြီး၏ အနားသို့ သွားလိုက်ရလေ၏။

"မိုးမှောင် မင်းမှာ မိဘတွေ မရှိတော့ဘူးလား"

ဟု ကျွန်ုပ်အား ကြင်ကြင်နာနာ မေးလေ၏။

"မရှိတော့ဘူး ဦးကြီးရ"

"ဩော် ... ဩော် မင်းအခု ဘယ်ကိုသွားမှာလဲ"

ဟု ထပ်၍ မေးပြန်လေ၏။ ကျွန်ုပ်လည်း ခဏစဉ်းစားပြီးမှ–

"ကျုပ် မသိပါဘူး ဦးကြီး"

ဟု ဖြေလိုက်မိလေ၏။

"ဒီရထားက ရန်ကုန်ကို သွားမှာကွ။ မင်း ရန်ကုန်ကို ရောက်ဖူးလို့လား။ ဟိုမှာ ဆွေမျိုးရှိသလား"

ဟု ကျွန်ုပ်အား စိုးရိမ်တကြီးဖြင့် မေးလေ၏။

"ရန်ကုန်ဆိုတာ ကျုပ် အခုမှ ကြားဖူးတာ ဦးကြီးရဲ့။ ဒါထက် ရန်ကုန်ဆိုတာ ရွာကြီးတစ်ရွာပဲလား"

ဟု ကျွန်ုပ်က ပြန်၍ မေးလိုက်သောအခါ ဘေးဘက်ခုံမှ လူများက ဝိုင်း၍ ရယ်ကြလေ၏။

"ရန်ကုန်ဆိုတာ မြို့ကြီးအကြီးကြီးကွ မိုးမှောင်ရဲ့။ ရွာမဟုတ်ဘူး တစ်ခါမှ မရောက်ဖူးဘဲ မင်း ဘယ့်နှယ်လုပ်သွားမလဲ။ ဒါထက် မင်းက ဘာဖြစ်လို့ ဒီရထားကို တက်စီးရတာလဲ"

ဟု ကျွန်ုပ်၏ ကယ်တင်ရှင်ကြီးက မေးလေရာ –

"ကျုပ်က မိဘတွေသေကုန်တော့၊ အဒေါ်အိမ်မှာ နေရတာဗျ။ အဒေါ်ယောကျ်ားနဲ့အဒေါ်သားက ကျုပ်ကို မနေစေချင်ဘူး။ အောင်ပွားက သိပ်ညှင်းတာဗျ။ ဒါနဲ့ပဲ ရောက်ချင်ရာ ရောက်ဆိုပြီး ဒီရထားပေါ်ကို တက်လိုက်ခဲ့တာ ဦးကြီးရ"

ဟု ကျွန်ုပ်က ပြောပြလိုက်လျှင် –





"ဩော် ... ဒီလိုကိုး၊ အောင်ပွားဆိုတာ ဘယ်သူလဲကွ"

ဟု ဦးကြီးက မေးပြန်လေရာ –

"အောင်ပွားဆိုတာ အဒေါ်သားပေါ့ဗျ။ ကျုပ်ဆို လွှတ်ညှင်းတဲ့ အကောင်၊ ကျုပ်နဲ့ညီအစ်ကို ဝမ်းကွဲတော့ တော်တာပေါ့ဗျာ။ ဒါပေမဲ့ လွှတ်ဆိုးတဲ့ ကောင်ဗျ။ စိတ်ကောင်းကလည်း နည်းနည်းမျှ မရှိတဲ့ ကောင်းပါဗျာ"

ဟု ကျွန်ုပ်ပြောသော စကားကို ကြားရသောအခါ ဦးကြီးသည် မျက်နှာညှိုးသွားကာ ခဏကြာအောင် ငြိမ်၍စဉ်းစားနေလေ၏။

"ကဲ ... မိုးမှောင် မင်း ဘာမှ မပူနဲ့၊ ငါနဲ့သာ လိုက်ခဲ့ပေတော့။ ငါက ရန်ကုန်မှာနေတာ။ မင်းကို ငါခေါ်ပြီး စောင့်ရှောက်ထားမယ်။ ပြီးတော့ မင်းကို ငါစာတွေ ဘာတွေ သင်ပေးမယ်။ ကဲ ... ကဲ မင်း ဘာမှ မစားရ သေးဘူးမို့လား။ ရော့ ... ဒီအထုပ်ကို ဖြည်စား၊ အထဲမှာ ဆီထမင်းနဲ့ ကြက်သားကွ၊ စား အားဝအောင် စား မိုးမှောင်"

ဟု ဦးကြီးက ပြောပြောဆိုဆို ဆီထမင်းထုပ်အား ကျွန်ုပ်ကို လှမ်း၍ ပေးလေ၏။ ကျွန်ုပ်လည်း ဗိုက်ဆာဆာနှင့် ထဝစားလေတော့၏။ ဘေးမှ လူများသည် ကျွန်ုပ်ကို တစ်လှည့်၊ ဦးကြီးကိုတစ်လှည့် ကြည့်ကာ ဦးကြီးကို ချီးမွမ်းစကားဆိုကြကာ 'သာဓု' ခေါ်ကြလေ၏။

"ကျွန်တော်တို့တွေဟာ မြန်မာတွေပဲဗျာ။ တစ်ယောက်ကိုတစ်ယောက် စောင့်ရှောက်ရမှာ ဓမ္မတာပဲပေါ့"

ဟု ဦးကြီးက ပြောလိုက်လေရာ –

"ဟုတ်ပါတယ် သူတော်ကောင်းကြီးရယ်၊ ဟုတ်ပါလေရဲ့ဗျာ"

ဟု ခရီးသည်အချို့က ခေါင်းတညိတ်ညိတ်နှင့် ပြောကြလေတော့၏။ ကျွန်ုပ်လည်း ဆီထမင်းနှင့် ကြက်သားကို ပြောင်စင်အောင် စားလိုက်လေ၏။ ကျွန်ုပ်စားသောက်ပြီးသွားသောအခါ ဦးကြီးက သူ့တွင်



www.burmeseclassic.com

www.burmeseclassic.com



ပါလာသည့် ရေဗူးထဲမှ ရေကို ငှဲ၍ တိုက်ပြန်လေ၏။ ကျွန်ုပ်လည်း ဦးကြီး တိုက်သည့် ရေကို တစ်ဝသောက်ကာ ဗိုက်လေးသွားပြီး ထိုင်ခုံကို မှီ၍ ငိုက်မြဲနေလေတော့၏။

■

## အခန်း (၃)
## လှူပျံတော် ဆရာမွေး

"လူကလေး မိုးမှောင် ထ၊ ထ ရန်ကုန် ရောက်ပြီ"

ဟု ဦးကြီးက ကျွန်ုပ်အား လှုပ်၍ နှိုးသောအခါတွင်မှ ကျွန်ုပ် သည်း နိုးလာခဲ့လေ၏။

"ဟာ ... ရန်ကုန် ရောက်ပြီ ဟုတ်လား ဦးကြီး"

"အေး ... ရောက်ပြီကွယ့် မိုးမှောင်ရဲ့။ ကွမ်းခြံဘူတာကို သား ဝင်နေပြီ"

ဟု ပြောသောအခါ ကျွန်ုပ်လည်း လူးလဲ၍ ထလိုက်လေ၏။ ထားတွဲပေါ်တွင် ပါလာသော ခရီးသည်များလည်း သူတို့၏ ပစ္စည်းပစ္စယ ကို သိမ်းကြဆည်းကြနှင့် လှုပ်လှုပ်ရွရွ ဖြစ်လာကြလေတော့၏။

စာပို့ရထားကြီး အရှိန်သပ်လိုက်သောအခါတွင် –

"ကဲ ... ထတော့ မိုးမှောင်ရေ ငါက ကန်တော်လေးမှာနေတာ နီးနီးလေး သွားရမှာ လာ"

ဟု ပြောပြောဆိုဆိုနှင့် ကျွန်ုပ်၏လက်ကို ဆွဲ၍ ရထားပေါ်မှ လာ၏။ ကြီးမားလှသော ဘူတာအဆောက်အဦကြီးကို တွေ့ရသော ကျွန်ုပ်သည် လွန်စွာ အံ့ဩသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဘူတာရုံကြီးက အကြီးကြီးပါလား ဦးကြီးရ"

ဟု ကျွန်ုပ်က အံ့သြမှုကို ဖွင့်၍ ပြောလိုက်မိလေရာ –

"အေးပေါ့ကွ မိုးမှောင်ရ၊ ဒါ ရန်ကုန်လေကွာ၊ ရန်ကုန်ဆိုတာ မြို့ကြီးအကြီးကြီးကွ"

ဟု ဦးကြီးက ပြန်၍ ပြောလေ၏။

"ဟုတ်မယ်ဗျ။ ကျုပ်တို့ ရွာထက်တော့ အပုံကြီးကြီးမယ့် ပုံပဲ"

ဟု ကျွန်ုပ်က ပြောသောအခါ ဦးကြီးက သဘောကျပြီး ပြုံးလေ၏။ ကျွန်ုပ်လည်း လူကြားထဲသို့ တိုးမဝင်ခင် ကျွန်ုပ်၏ ပုဆိုးနွမ်းနွမ်းကလေးကို ပြန်၍ စီးလိုက်လေ၏။ အပေါ်မှ ဝတ်ထားသော ဖျင်ကြမ်းအင်္ကျီမှာလည်း မည်းညစ်ညစ် ဖြစ်နေပြီး ခေါင်းမှ ဆံပင်မှာလည်း ဆီမှန်မှန် လိမ်းကျံရခြင်း မရှိသဖြင့် သျှောင်တစ်စောင်းထုံးထားရသော်လည်း ပွယောင်းယောင်း ဖြစ်နေလေ၏။

ဦးကြီးကတော့ ကျွန်ုပ်ကဲ့သို့ သျှောင်ထုံးမရှိဘဲ ဘိုကေဟု ခေါ်ကြသည့် ဆံပင်ပုံမျိုး ဖြစ်လေ၏။ မွှေးကြိုင်သော ဆီတစ်မျိုးကို ခပ်ရွှဲရွဲ လိမ်း၍ သေသေသပ်သပ် ဖြီးထားလေရာ ဦးကြီး၏ အသားဖြူဖြူ ရုပ်ရည်သန့်သန့် ပုံသဏ္ဌာန်သည် ပို၍ ပေါ်လွင်နေလေတော့၏။ ဦးကြီးသည် အသက်ငါးဆယ် ခန့်ရှိပြီဖြစ်သော်လည်း ပဒုမ္မာရုပ်အင်္ကျီတိုက်ပုံ နံ့သာရောင်၊ ယောလုံချည်တို့ကို ဝတ်ဆင်၍ ခါးတွင်လည်း သားရေခါးပတ်တစ်ခုကို ကျကျနန ပတ်ထားလေရာ လွန်စွာမှ ကြည့်၍ကောင်းလေ၏။

ဘူတာရုံအပြင်ဘက်သို့ ရောက်သောအခါ –

"ဟေ့ လန်ချားဝါလား အားလား"

ဟု ဦးကြီးက လန်ချားသမားကို မေးလေ၏။ ကျွန်ုပ်မှာ လူဆွဲ၍ ပြေးသော လန်ချားဆိုသည်ကို ထိုအခါကျတော့မှ မြင်ဖူးခြင်းဖြစ်လေ၏။





ကျွန်ုပ်တို့ရွာတွင် နွားဆွဲသော လှည်းများသာ ရှိလေရာ ကျွန်ုပ်အနေနှင့် အထူးအဆန်းသဖွယ် ဖြစ်ရလေတော့၏။

"အားပါတယ် ဘရားဆပ်၊ ဘယ်ကို ပို့ပေးရမလဲ"

ဟု လန်ချားဝါလားက ပြန်၍ မေးသောအခါ –

"ကန်တော်ကလေး ၁၀၁ လမ်းကို ပို့ပေး"

ဟု ဦးကြီးက ပြောလျှင် –

"တက်ပါ ဘရားဆပ်"

ဟု လန်ချားဝါလားကြီးက ပြောလေ၏။ ဦးကြီးသည် ကျွန်ုပ်အား အရင်တက်စေပြီးမှ သူပါ တက်လေ၏။ အထက်ပန်းဆိုးတန်းလမ်းကို ဖြတ်၍ လူအိုရုံလမ်းသို့ ဆွဲသွားကာ ကန်တော်ကလေးထဲသို့ ဝင်ခဲ့လေ၏။

"အေး . . . ရောက်ပြီဟေ့ ရပ်တော့"

ဟု ဦးကြီးက ပြောလိုက်သောအခါ လန်ချားသမားက သူ၏ ပြေးခြင်းကို ရပ်လိုက်လေ၏။

"ကဲ . . . လာဟေ့ မိုးမှောင်၊ ငါတို့ အိမ်ကို ရောက်ပြီကွ"

ဟု ပြောပြောဆိုဆိုနှင့် ဦးကြီးက ဆင်းသောအခါ ကျွန်ုပ်လည်း နောက်မှ လိုက်၍ ဆင်းခဲ့ရလေ၏။ တစ်လမ်းလုံးတွင် မြင်ခဲ့သမျှ တိုက်တာကြီးများသည် ကျွန်ုပ်အတွက် အံ့သြစရာချည်း ဖြစ်ခဲ့ရလေ၏။

ကျွန်ုပ်မှာ အဒေါ်၏ အိမ်တွင် ဆက်၍ မနေချင်တော့သဖြင့်သာ ဖြစ်လိုရာ ဖြစ်စေတော့ဟု သဘောထားကာ စာပို့ရထားကြီးနှင့် တက်လိုက်ခဲ့သော်လည်း အရှေ့အနောက် တောင်မြောက်ကိုပင် သိသူ မဟုတ်ပေ။

ယခုကဲ့သို့ မြို့ကြီးပြကြီးကို ရောက်ဖူးရန် ဝေးစွ၊ ရွာအပြင်ကိုပင် သွားကျောင်းရင်းသာ ရောက်ဖူးသူဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သွပ်မိုးပြင်ထောင်နှစ်ထပ်အိမ်တစ်လုံးအတွင်းသို့ ဦးကြီးက ရှေ့မှ ဝင်သွားလေရာ ကျွန်ုပ်လည်း နောက်မှလိုက်ခဲ့ရလေတော့၏။

အိမ်ထဲမှ အသက်လေးဆယ်ကျော်အရွယ်ခန့်ရှိသော မိန်းမတစ်ယောက်က အိမ်တံခါးကို ထ၍ ဖွင့်ပေးကာ ဦးကြီးကို ပြုံးပြုံးရွှင်ရွှင်ဖြင့် ကြိုဆိုလေ၏။ ပြီးလျှင် ကျွန်ုပ်ကို အကဲခတ်သလို ကြည့်လေ၏။

"မလှရှင်၊ မင်း နေကောင်းရဲ့နော်"

ဟု ဦးကြီးက နှုတ်ဆက်လေရာ –

"ဟုတ်ကဲ့ ကောင်းပါတယ် ကိုမြို့သာ။ ရှင် ဒီတစ်ခေါက် တော် တော် ကြာသွားတယ်နော်။ တစ်လတောင် နည်းနည်းကျော်သွားပြီ"

ဦးကြီး၏ မိန်းမဒေါ်လှရှင်က ပြောလေ၏။

"ကြာဆို မလှရှင်ရေ၊ ကျုပ်မှာထားတဲ့ ကုန်တွေက လိုချင်သလောက် မရတဲ့အခါကျတော့ နည်းနည်းစောင့်နေရလို့ကွယ့်"

"နို ... ဒီကလေးက ဘယ်သူတုန်း"

ဟု ကျွန်ုပ်တို့ ထိုင်ခုံတွင် ထိုင်ချလိုက်သည်နှင့် တစ်ပြိုင်နက် ဦးကြီးဦးမြို့သာ၏ ဇနီးဒေါ်လှရှင်က မေးလေ၏။

"အင်း ... ဒီကလေးက မိုးမှောင်တဲ့ကွ။ မိဘတွေ မရှိတော့ဘူးတဲ့ မလှရှင်ရေ။ အဒေါ်အိမ်မှာ နေရတော့ အစ်ကိုဝမ်းကွဲက သိပ်ပြီး နှိပ်စက်ဆိုပဲ။ ဒါနဲ့ မိုးမှောင်က ဖြစ်ချင်ရာဖြစ်တော့ဆိုပြီး ဟံဖားကနေ ရထားပေါ်ကို တက်လိုက်လာခဲ့သကွ။ ရထားပေါ်မှာ လက်မှတ်စစ်က ဖမ်းမယ်ဆီးမယ်လုပ်တာနဲ့ ကျုပ်က မေးစမ်းပြီး ခေါ်လာခဲ့တာကွယ့်။ ကျုပ်တို့မှာလည်း သားသမီး မှ မရှိတာ၊ ဒီတော့ မိုးမှောင်ကိုပဲ သားအဖြစ် မွေးကြတာပေါ့ကွယ်"

ဟု ဦးကြီးက ပြောလေရာ –





"အင်း ... ကောင်းသားပဲ ကိုမြို့သာရဲ့။ ရှင်တို့ ကျုပ်တို့ အတွက် ဆေးပေးမီးယူရတာပေါ့တော်။ ဒါပေမယ့် ဒီကလေးနာမည်က မိုးမှောင်ဆိုတော့ ခေါ်လို့ သိပ်မကောင်းဘူးထင်တယ် ကိုမြို့သာရဲ့"

"အေး ... ငါလည်း မင်းတွေးသလို တွေးမိသား မလှရှင်ရဲ့။ အင်း ... ဒီလိုလုပ်ကွာ။ သူ့နာမည်ကလေးလည်း မပျောက်အောင် မောင်မိုးလို့ပဲ ခေါ်ကြတာပေါ့"

ဟု ဦးကြီးက ပြောလျှင် ဒေါ်လှရှင်က ပြုံး၍ –

"ဟာ ... ကောင်းသားပဲ၊ မောင်မိုး ... မောင်မိုး။ အင်း ခေါ်လို့တော့ အကောင်းသားတော့ ကိုမြို့သာရဲ့"

ဟု ပြောလေ၏။

"ကဲ ... မောင်မိုး၊ မင်းဟာ အခုအချိန်ကစပြီး ငါတို့ လင်မယားရဲ့သား ဖြစ်သွားပြီ။ မင်း ကျေနပ်ရဲ့လား"

ဟု ဦးကြီးက ကျွန်ုပ်က ကြည့်၍ မေးလိုက်လေရာ –

"ဟာ ... ကျေနပ်ပါဘိတော့ ဦးကြီးရယ်၊ ကျုပ်ကို လက်ခံတဲ့ ဟောဒီက ကြီးတော်ကိုလည်း ကျုပ် ခင်တယ်ဗျာ"

ဟု ကျွန်ုပ်က ပြောလေရာ ဒေါ်လှရှင်က ရယ်မော၍ ပြောလေ၏။

"ကိုမြို့သာရေ ကလေးက အပြောအဆိုတော့ တော်တော်ကလေး တောကျတယ်နော်"

"သြော် ... မလှရှင်ရယ်၊ တောကျဆို တောသားကလေးကိုးကွယ့်။ မြို့ကြီးသားတွေလို ပြောတယ်ဆိုတတ်လာအောင် မင်းက သင်သင်ပေးပေါ့ကွယ်"

ဟု ဦးကြီးက ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက်တော့ စိတ်ချပါတော်၊ ကျွန်မ သင်ကြားပေးမှာပေါ့။ ဒါထက် မောင်မိုး ရွာမှာနေတော့ စာလေးပေလေးများရော တတ်ခဲ့ရဲ့လား"

ဟု ဒေါ်လှရှင်က ကျုပ်ကို မေးလေ၏။

"ကျုပ် တစ်ခါမှ စာမသင်ဖူးဘူးဗျ။ ဘာစာမှလည်း ကျုပ် မတတ်ဘူး။ ကျုပ်တတ်တာက နွားကျောင်းတာရယ်၊ နွားလှည်းနဲ့ ရေစည်တိုက်တာရယ်၊ နွားစာစဉ်းတာရယ် ဒါပဲ တတ်တယ်ဗျ"

ဟု ကျွန်ုပ်က ပြန်၍ပြောသောအခါ ဦးကြီးရော ဒေါ်လှရှင်ကပါ ခေါင်းညိတ်နေကြလေတော့၏။

"အေးပေါ့ကွယ်။ သူ ဒီမှာနေလို့ အတော်ကလေး နေသားကျပြီဆိုမှ လူအိုရုံလမ်းက လူပျံတော်ဆရာမွေးကျောင်းကို ပို့ပေးရမှာပေါ့ မလှရှင်ရယ်"

ဟု ဦးကြီးက ပြောလိုက်ပြီးနောက် ကျွန်ုပ်ကို လှမ်းကြည့်ကာ

"မောင်မိုးကို ဦးကြီးတို့က သားလိုမွေးမှာဆိုတော့ မောင်မိုးက ဦးကြီးတို့ကို အဖေ၊ အမေလို့ပဲ ခေါ်ပေါ့ကွယ်။ ဦးကြီးတို့က မွေးတဲ့မိဘတွေ မဟုတ်ကြပေမယ့် မောင်မိုးကို လူဖြစ်အောင် ကျွေးမွေးစောင့်ရှောက်မယ့် မိဘတွေ မဟုတ်လားကွယ့်"

ဟု ပြောလိုက်လေရာ ကျွန်ုပ်လည်း ခေါင်းညိတ်ပြလိုက်ရလေတော့၏။ သည့်နောက်တွင်တော့ ကျွန်ုပ်သည် ကုန်သည်ကြီး ဦးမြို့သာနှင့် ဒေါ်လှရှင်တို့၏ သားတစ်ယောက် ဖြစ်လာကာ နံနက်လင်းလျှင် ဒေါ်လှရှင်နှင့် ဈေးဝယ်လိုက်ရခြင်း အိမ်မှုကိစ္စများကို ကူညီလုပ်ရခြင်း၊ လက်တိုလက်တောင်း ကိစ္စများ လုပ်ပေးရခြင်းဖြင့် ရန်ကုန်မြို့ကြီး၏ ကန်တော်ကလေးရပ်တွင် နေထိုင်ရလေတော့၏။





ဤသို့ဖြင့် ကျွန်ုပ်သည် ခြောက်လခန့် နေထိုင်ခဲ့ပြီးနောက် ရန်ကုန်တွင် အသားကျလာပြီဖြစ်ရာ ကျွန်ုပ်၏ မွေးစားဖခင်ကြီး ဦးမြို့သာက ကျွန်ုပ်အား လက်ဆွဲခေါ်သွားကာ ဘုန်းကြီးလူထွက်ကြီးတစ်ယောက်ဖြစ်သည့် လူပျံတော်ဆရာမွေး၏ ကျောင်းတွင် လိုက်၍အပ်ပေးလေ၏။

အရပ်ပုပုသေးသေးညှက်ညှက်၊ သျှောင်တစောင်းကလေး ထုံးထားသော ဆရာမွေးသည် လွန်စွာ သွက်လက်သူတစ်ယောက်ဖြစ်၍ စာတတ်ပုဂ္ဂိုလ် တစ်ယောက် ဖြစ်လေ၏။

ကျွန်ုပ်သည် မွေးစားဖခင်ကြီး၏ ပုံသွင်းထားသည့်အတိုင်း ဘိုကေနှင့် ဖြစ်နေပြီဖြစ်ရာ တဖြည်းဖြည်း တောပုံစံပျောက်၍ လာလေတော့၏။ ဆရာမွေးသည် ကျွန်ုပ်တို့ကို သဒ္ဒါ၊ သင်္ဂြိုဟ်၊ ပရိတ်ကြီးမှ စ၍ မြန်မာစာကို စနစ်တကျ သင်ပေးသည့်အပြင် အင်္ဂလိပ်စာကိုပါ အနည်းအကျဉ်း သင်ပေးလေ၏။

ထိုစဉ်အခါက ဆရာမွေးတပည့်ဟုဆိုလျှင် စာတတ်ပေတတ်တွေဟု အသိအမှတ်ပြုကာ ချီးမွမ်းစကားဆိုကြလေ၏။ ကျွန်ုပ်လည်း ဆရာမွေးကျောင်းတွင် တစ်နှစ်ပြီးတစ်နှစ် တက်ကာ သုံးနှစ်မြောက်သောအခါတွင် စာပေကို အတော်ကလေး ဖတ်နိုင်ရေးနိုင်ရှိလာလေတော့၏။ ကျွန်ုပ်၏ မွေးစားမိဘများကလည်း ကျွန်ုပ် စာတတ်လာသဖြင့် ဝမ်းသာကြလေ၏။

ဤသို့ဖြင့် ဆရာမွေးကျောင်းတွင် ငါးနှစ်ခန့်နေပြီးသောအခါ ကျွန်ုပ်၏ ဖခင်ကြီးဦးမြို့သာက ကျွန်ုပ်အား တန်းကျောင်းသို့ ပြောင်း၍ထားလေ၏။

ကျွန်ုပ်သည် ဆရာမွေးကျောင်းတွင် စာလိုက်ရသည်ကို ပျော်သော်လည်း တန်းကျောင်းတွင် အရှင်းမပျော်ပိုက်ပေ။ ထို့ကြောင့် တန်းကျောင်းတွင် တစ်နှစ်ပြည့်အောင်ပင် မနေတော့ဘဲ ဖခင်ကြီးကို ပြော၍ ကျောင်းထွက်လိုက်လေတော့၏။ ဖခင်ကြီးလည်း လူပျိုအရွယ်ရောက်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော ကျွန်ုပ်ကို သူ၏ ကုန်ရောင်းကုန်ဝယ် အလုပ်တွင် ဝင်ရောက်လုပ်ကိုင်ခွင့် ပြုလိုက်လေ၏။

ဤသို့ဖြင့် ကျွန်ုပ်သည် ဖခင်ကြီးနှင့်အတူ လိုက်ကာ မြစ်ဝကျွန်းပေါ်ဒေသမှ ဆန်များကို ဝယ်ယူ၍ အညာဒေသသို့ ရွက်လှေကြီးများနှင့် တင်ပို့ရခြင်း အထက်အညာမှ ထွက်သော ငရုပ်၊ ကြက်သွန်များကို အောက်ပြည်သို့ ပြန်သယ်ရခြင်းများကို ဝင်ရောက်လုပ်ကိုင်ရလေတော့၏။

ကုန်သည်၏ သဘာဝအရ မြတ်သည့်အခါလည်း မြတ်၍ ရှုံးသည့်အခါလည်း ရှုံးလေ၏။ သို့သော် ကျွန်ုပ်၏ ဖခင် ဦးမြို့သာမှာ ရှုံးသည်ဖြစ်စေ မြတ်သည်ဖြစ်စေ အမြဲတမ်း ပြုံးနေနိုင်သူဖြစ်သည်ကို ကျွန်ုပ် ထူးဆန်းစွာ တွေ့ရလေ၏။

''အဖေ ဒီတစ်ခေါက် ဆန်တွေ ရှုံးတာ မနည်းဘူးဗျ။ အဲဒီအတွက် အဖေ စိတ်မကောင်း မဖြစ်ဖူးလား''

ဟု ကျွန်ုပ်က ဖခင်ကြီးကို မေးလိုက်မိလေတော့၏။ ထိုအခါ ဖခင်ကြီးသည် ကျွန်ုပ်အား စိုက်ကြည့်ကာ ပြုံးနေလေ၏။ ပြီးမှ –

''ဒီမှာ ငါ့သား မောင်မိုး၊ အဖေက ကုန်ကူးတဲ့အလုပ်ကို နည်းနည်းမှ စိတ်ဝင်စားတာ မဟုတ်ဘူးကွ။ စွန့်စွန့်စားစား လုပ်ရတဲ့ အလုပ်တွေကို ပျော်ပိုက်တာ။ အခုလို ကုန်သည်ကြီးတစ်ယောက် လုပ်နေတာဟာ လူတွေ အမြင်ကောင်းအောင် လုပ်နေတာပါ။ အဖေ တကယ်လုပ်နေတာက ကုန်သည် မဟုတ်ဘူး မောင်မိုးရဲ့''

''ဗျာ''

ဖခင်ကြီး၏ စကားကို ကြားသောအခါ ကျွန်ုပ်သည် လွန်စွာ အံ့သြသွားမိလေတော့၏။

''ကျွန်တော် နားမလည်ဘူး အဖေ''





ဟု ကျွန်ုပ်က ပြောလိုက်လေရာ ဖခင်ကြီးက ပြုံးမြဲ ပြုံးနေကာ

''အဖေ အလုပ်ကို ငါ့သား သိသင့်တဲ့ အရွယ်ရောက်ပြီလို့ ထင်လို့ အဖေ ဖွင့်ပြောပြတော့မယ်။ ဒါကို မင်းအမေ မလှရှင်တောင် တစ်သက်လုံး မသိခဲ့ဘူးကွ။ ယောက်ျားဆိုတာ အဲဒီလို လျှို့ဝှက်နိုင်မှ ယောက်ျားကောင်းကွ။ ဒါထက် မင်းအသက် အခု ဘယ်လောက်ရှိပြီလဲ''

ဟု ဖခင်ကြီးက ကျွန်ုပ်ကို မေးလေရာ –

''ကျွန်တော် နှစ်ဆယ်ပြည့်သွားပြီလေ''

ဟု ကျွန်ုပ်က ပြန်၍ ဖြေလိုက်လေ၏။

''အင်း ... ဒါဆိုရင်တော့ ဖွင့်ပြောပြရတော့မှာပေါ့''

ဟု ဖခင်ကြီး ဦးမြို့သာက ခေါင်းတညိတ်ညိတ်နှင့် ပြောလေ၏။ ကျွန်ုပ်လည်း ဖခင်ကြီး ပြောနေသည်များကို ဘာတစ်ခုမျှ နားလည်ခြင်း မရှိခဲ့ပေ။ ဖွင့်ပြောမည်ဟုသာ ဆိုသော်လည်း ထိုနေ့က ဖခင်ကြီးသည် ဘာမျှမပြောခဲ့ပေ။ ကျွန်ုပ် အထင်ပြောရလျှင်တော့ ဖခင်ကြီးမှာ ကျွန်ုပ်အား ပြောသင့်မပြောသင့်ကို ချင့်ချိန်နေပုံရလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)
## ဖခင်ကြီးပေးသော အမွေ

တစ်နေ့သ၌ ကျွန်ုပ်၏ မွေးစားဖခင်ကြီး ဦးမြို့သာသည် ကျွန်ုပ်အား သူ၏ စာကြည့်ခန်းထဲသို့ ခေါ်သွားကာ အတွင်းမှ တံခါးပိတ်လိုက်လေ၏။ ထိုနေ့က ကျွန်ုပ်၏ မွေးစားမိခင်ကြီး ဒေါ်လှရှင်သည် သူ၏ ဆွေမျိုးတစ်ယောက် အလှူသို့သွားနေလေရာ အိမ်တွင် ဖခင်ကြီးနှင့် ကျွန်ုပ်သာ ရှိနေကြလေ၏။

ဖခင်ကြီးသည် စာကြည့်ခန်းထဲရှိ သစ်သားသေတ္တာကြီးကို ဖွင့်လိုက်ပြီးလျှင် အတွင်းမှ သော့ခလောက်ပေါင်းများစွာကို ထုတ်ယူကာ သော့ခလောက်များ၏ ပြုလုပ်တည်ဆောက်ထားပုံကို သင်ပေးလေ၏။ ပြီးလျှင် သံချောင်းရှည်ရှည်ကလေးတစ်ချောင်းကို ပလယ်ယာအသေး ကလေးတစ်ခုနှင့် လိုသလို ပြုပြင်ကာ ပိတ်ထားသော သော့ခလောက်များကို တစ်လုံးပြီးတစ်လုံး ဖွင့်ပြလေ၏။

ကျွန်ုပ်လည်း ဖခင်ကြီး၏ အစွမ်းကို ကြည့်ကာ အံ့သြမိလေ၏။

"ဒီလောက်တောင် တော်တာပဲနော် အဖေ"

ဟု ကျွန်ုပ်က ပြောလိုက်လေရာ –





"တော်တာတော့ ပြောမနေနဲ့တော့ မောင်မိုးရေ။ ဒီတုန်းကဆိုရင် ဒီရန်ကုန်မှာ 'သော့မရှိရင် ကီးယူခဲ့' လို့တောင် ပြောစမှတ်ပြုရတာကွ။ အင်္ဂလိပ်လို သော့ကို ကီးလို့ခေါ်သမို့လားကွယ်။ သော့မရှိလည်း မစ္စတာကီးပါလာရင် ဖြစ်ပါတယ်လို့ ပြောတဲ့ သဘောပေါ့ကွယ်"

ကျွန်ုပ်လည်း ဖခင်ကြီး ဘာကိုပြောချင်နေမှန်းကို အခုအချိန်အထိ သဘောမပေါက်သေးသဖြင့် ငြိမ်၍ နားထောင်နေလိုက်လေတော့၏။

"အေး ... အဖေက အဲဒီမစ္စတာကီးရဲ့ တပည့်ရင်းပဲ လူကလေးရဲ့"

"ဗျာ"

ကျွန်ုပ် လွန်စွာ အံ့သြသွားရလေတော့၏။ အခုမှပင် ဖခင်ကြီး သော့များကို ဖွင့်၊ ပိတ်ပြနေသည့်အကြောင်းကို သဘောပေါက်သွားလေတော့၏။

"ဟုတ်တယ် ... အဖေက အဲဒီမစ္စတာကီးရဲ့ တပည့်ရင်းပဲ"

"အဖေ ဆယ်နှစ်သားမှာ မင်းလိုပဲ အဖေရော အမေရော ဆုံးသွားတော့ အဒေါ်တွေ ဦးလေးတွေ အိမ်မှာ လှည့်ပတ်နေခဲ့ရတာ မင်းလိုပဲပေါ့။ ဒါကြောင့် ရထားပေါ်မှာ မင်းကို တွေ့တော့ အဖေ မင်းဘဝကို နားလည်တယ်။ ခံစားလို့ရတယ်။ ဒါကြောင့် မင်းကို အဖေ တစ်ခါတည်း ခေါ်လာခဲ့တာပေါ့"

"ဟုတ်ပါတယ် အဖေ၊ အဖေ ကျေးဇူးတွေကို ကျွန်တော့် တစ်သက်မှာ ဘယ်လိုမှ ဆပ်လို့ ကြေမှာ မဟုတ်တော့ပါဘူးဗျာ"

"အေးပေါ့ လူလေးရာ၊ ဒီလို ကျေးဇူးတရားသိတတ်တာ အလွန် ကောင်းတာပေါ့ကွာ"

"နို ... နေပါဦး အဖေရဲ့၊ အဖေက ဘယ်လိုဖြစ်ပြီး ပန်းချပ်ကြီးဆီကို ရောက်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က မေးလိုက်သောအခါ အဖေက ပြုံး၍ ပြောလေ၏။

"အမိအဖမရှိတဲ့ လူဆိုတော့ ဟိုအလုပ်မှာ ဝင်ကပ်ပြီးလုပ်ရ၊ ဒီအလုပ်မှာ ဝင်ကပ်ပြီး လုပ်ရနဲ့ ချာလည်ပတ်လည် ဖြစ်နေတော့တာပေါ့ကွာ။ ဒီလိုနဲ့ အလုပ်တွေမှာ သူများခိုင်းတာကို လုပ်နေရင်းကနေ မစ္စတာကီးရဲ့ သော့ခလောက်ဆိုင်ကြီးကို ရောက်သွားတော့တာပေါ့။ မစ္စတာကီးက သော့ခလောက်မျိုးစုံကို ရောင်းလည်း ရောင်း၊ ပြင်လည်း ပြင်တယ်ကွ။ အဖေက သူ သော့ပြင်တဲ့နေရာမှာ ဝင်လုပ်ရတယ်။ ဒီတုန်းက အဖေ့အသက်ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်လောက်ပဲ ရှိသေးတာပေါ့။ မစ္စတာကီးက နေတော့သာ တာမွေမှာနေတာကွ။ သူ့ဆိုင်က လမ်း ၃၀ မှာ ဖွင့်ထားတာ။ အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်၊ အီတလီယံ၊ ဂျာမန်တွေကစပြီး မစ္စတာကီးကို မသိတဲ့သူ မရှိပါဘူး လူကလေးရာ။ အဖေ သူ့ဆီမှာ တပည့်အဖြစ်နဲ့ အလုပ်လုပ်ခဲ့တာ ဆယ်နှစ်ကြာတယ်။ ဆယ်နှစ်ဆိုတာ နည်းတာမှ မဟုတ်တာကွာ။ ပြီးတော့ သူ့ဆီမှာ အလုပ် စလုပ်တဲ့အချိန်ကတည်းက မစ္စတာ ကီးက အဖေ့ကို သိပ်ချစ်တာကွ။ အဖေ နာမည် မြို့သာဆိုတာကို ပီအောင် မခေါ်တတ်တော့ မြို့သားမြို့သားလို့ ခေါ်တယ်ကွ။

"ပြီးတော့ သော့ခလောက်တွေရဲ့ လျှို့ဝှက်ချက်တွေကို အသေးစိတ် သင်ပေးတယ်။ မီးခံသေတ္တာအမျိုးမျိုးကိုလည်း ဖွင့်တတ် ပိတ်တတ်အောင် သင်ပေးတယ်။ နောက်ဆုံး ကုန်ကုန်ပြောရရင်တော့ မစ္စတာကီးဟာ သူ့ရဲ့ပညာတွေကို ဆရာစားမချန်ဘဲ အဖေ့ကို အကုန်ပေးလိုက်တယ်။

"သူ့ဆိုင်မှာ ပြင်သမျှ သော့ခလောက်တွေအားလုံးဟာ သူက နာမည်သာခံတာ အစအဆုံး ပြင်ပေးတာက အဖေက ပြင်ပေးတာကွ"





ဟု ဖခင်ကြီးဦးမြို့သာက သူငယ်ဘဝကို ပြောပြလေရာ ကျွန်ုပ်လည်း စိတ်ဝင်စားစွာ နားထောင်မိလေ၏။

"ဒါထက်နေပါဦး အဖေရဲ့။ အဖေ့ဆရာ မစ္စတာကီးက အိန္ဒိယ ပြန်သွားတာလား။ ဒီမှာတင် သေတာလား"

ဟု ကျွန်ုပ်က မေးလိုက်လေရာ –

"အင်း . . . ဒီအကြောင်းကို အစက ပြောချင်တာ မောင်မိုးရဲ့။ ဒီလိုကွ၊ တစ်ညှ မစ္စတာကီး တာမွေကို အပြန်မှာ လမ်းကနေပြီး လူဆိုး သုံးယောက်က ဖမ်းသွားတယ်ကွ။ ပြီးတော့ ပန်းဆိုးတန်းက အင်္ဂလိပ်ပိုင် ဘဏ်တစ်ခုကို ဖောက်ခိုင်းတယ်။ သေနတ်နဲ့ တော့ပြီး ခိုင်းတာဆိုတော့ အဖေ့ ဆရာလည်း မငြင်းသာဘဲ ဖောက်ပေးရတာပေါ့။ ဘဏ်ပွင့်သွားတော့ လူဆိုးတွေက အတွင်းက ငွေတွေကို ရသလောက်ယူသွားပြီး မစ္စတာကီးကို သတိမေ့အောင် လုပ်ပစ်ခဲ့ကြတယ်။ ပုလိပ်တွေ ရောက်လာတော့ မစ္စတာကီးကို ဖမ်းတော့တာပေါ့ကွာ။ ဒီလိုနဲ့ အမှုတွေဖြစ်ပြီး ဘယ်လိုမှ ရှင်းလို့မရတော့ဘဲ နောက်ဆုံး ထောင်ကျတော့တာပေါ့"

"ဟာ ဖြစ်မှဖြစ်ရလေဗျာ"

ဟု ကျွန်ုပ်က စိတ်မကောင်းစွာနဲ့ ပြောလိုက်လေ၏။

"အင်း . . . အဲဒီတုန်းက အဖေတောင်မှ ပုလိပ်စစ်တာခံခဲ့ရသေးတယ်။ အဖေ့ဆရာ ဘယ်လောက်ရိုးသားတယ်ဆိုတာ အဖေ အသိဆုံးပဲလေ၊ ဒါပေမယ့် အဖေလည်း ဘာမှ မတတ်နိုင်ခဲ့ဘူးပေါ့ကွာ"

"နေပါဦး အဖေရ။ အဲဒီနောက် မစ္စတာကီး ဘာဖြစ်သွားလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေရာ –

"ထောင်ထဲမှာတင် သေသွားတယ် လူကလေး"

"ဗျာ ဖြစ်ရလေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မောင်မိုးရဲ့။ ဒီလောကကြီးလည်း အတော်ကို ဆန်းသားကလား။ ကိုယ်က ဘယ်လောက်ပဲ ရိုးသားနေပေမယ့် အမှုက လာပြီး ပတ်ချဉ်ပတ်တာကွ။ အဖေလည်း လောကကြီးကို အတော်ကလေး စိတ်နာသွားမိတယ်။ အဖေ့ဆရာ သော့ဝိဇ္ဇာကြီး သင်ပေးခဲ့တဲ့ ပညာတွေကို အဖေ့အနေနဲ့ တစ်ဖက်ကမ်းခတ်အောင် တတ်လည်းနေပြီဆိုတော့ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်တယ်။ ငါ့ဆရာဟာ ရိုးရိုးသားသား လုပ်ကိုင်စားသောက်ပါလျက်နဲ့ ထောင်ကျပြီး ထောင်ထဲမှာ သေသွားခဲ့ရတယ်။ ဒီတော့ ငါ့အနေနဲ့ ဆရာ သင်ပေးတဲ့ ပညာနဲ့ ရိုးရိုးသားသား လုပ်ကိုင်စားနေရင် ဆရာ့လိုပဲ လူ့အနိုင်ကျင့်ခံရမှာပဲ။ ဒီတော့ သူများ အနိုင်ကျင့်လို့ ထောင်ကျခံရမယ့်အတူတူ ငါဟာငါပဲ ဖောက်ထွင်းဝိဇ္ဇာလုပ်တော့မယ်လို့ ဆုံးဖြတ်ခဲ့တယ် လူကလေး"

"ဗျာ ဒါဆိုရင် အဖေက"

"ဟုတ်တယ် မောင်မိုး။ အဖေ ကုန်သည်လုပ်တယ်ဆိုတာ ဟန်ပြလုပ်တာ။ တကယ်က မြန်မာပြည်အနှံ့သွားပြီး စိတ်တိုင်းကျ ဖောက်ထွင်းဝိဇ္ဇာ လုပ်နေတာကွ။ ဒီကနေ့အထိ အဖေ့မှာ ဘာအန္တရာယ်မှ မရှိသလို လူစော်ကားတာလည်း မခံခဲ့ရဘူးကွ",

"ဗြော်"

ဟု ကျွန်ုပ်က တစ်ခွန်းသာ ပြောလိုက်နိုင်ပြီး ဖခင်ကြီးကို အံ့ဩစွာ ကြည့်နေမိလေတော့၏။

"အဖေကိုယ်တိုင် ပြောလို့သာ ကျွန်တော် ယုံရတာ အဖေရဲ့။ မဟုတ်ရင်တော့ ဘယ်လိုမှ ယုံလို့ ရမှာ မဟုတ်ပါဘူးဗျာ"

ဟု ကျွန်ုပ်က ပြောရင်းမှ ဖခင်ကြီးသည် ထိုစကားများကို ပြောရန် အခန်းတံခါးများကို လုံခြုံအောင် ပိတ်ခဲ့သည်ကို တွေးလိုက်မိကာ အကြွင်းမဲ့ ယုံလိုက်ရလေတော့၏။





"မင်းကို အဖေ ဒီအကြောင်းတွေ ပြောတာက တခြားကြောင့် မဟုတ်ဘူး မောင်မိုးရဲ့။ မစ္စတာကီးရဲ့ ပညာတွေကို ကုန်စင်အောင် ရလိုက်တာ အဖေတစ်ယောက်ပဲ ရှိတာကွ။ အဖေ့ပညာကို လက်ဆင့်ကမ်းပေးဖို့က မင်းတစ်ယောက်ပဲ ရှိတာ။ အဖေ မင်းကို ဒီပညာသင်ပေးချင်တယ်။ ဒါပေမဲ့ မင်း စိတ်ဆန္ဒရှိမှ ယူပါ။ မင်းဆန္ဒ မရှိဘဲနဲ့တော့ အဖေ သင်မပေးပါဘူး"

ဟု ဖခင်ကြီးက ပြောလေရာ ကျွန်ုပ်လည်း ခေတ္တမျှ တွေသွားလေတော့၏။ ပြီးမှ –

"အဖေ ကျွန်တော် ဆုံးဖြတ်လိုက်ပြီ။ အဖေ့ပညာကို ကျွန်တော် အမွေယူမယ်"

ဟု ကျွန်ုပ်က ခပ်ပြတ်ပြတ်ပင် ပြောလိုက်ရာ ဖခင်ကြီးသည် ဝမ်းသာလွန်းသဖြင့် ထိုင်နေရာမှ 'ဝုန်း'ခနဲ ခုန်ထလိုက်ကာ ကျွန်ုပ်အား ဖက်ထားလေတော့၏။

"ဒါမှ အဖေ့သားကွ။ အဖေ့ပညာကို အမွေခံမယ့် သားကွ'

ဟု ဝမ်းသာအားရ အသံကြီးဖြင့် ပြောလေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)
## အရိပ်မဲ့ ညဏ်မာယာ

ထိုအချိန်မှစ၍ ဖခင်ကြီးသည် ကျွန်ုပ်အား အချိန်ရလျှင် ရသလို သင်ကြားပေးလေတော့၏။ ကမ္ဘာပေါ်တွင် ရှိသည့် သော့အမျိုးမျိုးနှင့် ယင်းတို့၏ တည်ဆောက်ပုံ၊ ယင်းတို့၏ လျှို့ဝှက်သော့ချက်ကို ဖြုတ်ချပုံ၊ မီးခံသေတ္တာတွင် တပ်ဆင်ထားသော သော့များ၏ လျှို့ဝှက်ချက်များမှစ၍ ယင်းတို့ကို ဖွင့်ပုံမှစ၍ အိမ်ဝင်းအိမ်ထွက်၊ ခြေသံလုံအောင် နင်းလျှောက်ပုံ၊ ရန်သူနှင့် တွေ့လျှင် လျင်မြန်စွာ ပုန်းအောင်းပုံများပါ မကျန်အောင် သင်ကြားပေးလေတော့၏။

ကျွန်ုပ်လည်း ဖခင်ကြီး သင်ကြားပြသပေးသော သော့ပညာများကို စနစ်တကျ သင်ယူတတ်မြောက်ခဲ့သော်လည်း ဖခင်ကြီးမှာ ကျွန်ုပ်ကို စိတ်မချအောင် ရှိနေလေတော့၏။

တစ်နေ့သ၌ ဖခင်ကြီးသည် ကျွန်ုပ်ကို ခေါ်၍ –

"မောင်မိုး၊ ဒီညတော့ မင်းရဲ့ ပညာစွမ်းကို စမ်းရတော့မှာပဲ လူကလေးရေ။ စာမေးပွဲစစ်တဲ့ သဘောလည်း ပါတယ်၊ မြက်မြက်စွက်





စွက် ရမယ့် သဘောလည်း ပါတယ်ကွာ။ အဖေ သေသေချာချာ ထောက်လှမ်းထားတဲ့ သတင်းတစ်ခုကို ပြောပြမယ်"

ဟု ပြောလေ၏။

"ဟုတ်ကဲ့ ပြောပါ အဖေ။ ကျွန်တော်လည်း တစ်ပွဲလောက် စမ်းကြည့်ချင်နေတာနဲ့ အတော်ပဲ"

ဟု ကျွန်ုပ်က ပြောလိုက်လေရာ –

"ဒီလိုကွ။ ခရီလမ်း (ဗိုလ်မြတ်ထွန်းလမ်း) မှာ ဘိုကပြားမကြီး တစ်ယောက် နေတယ်။ အဲဒီမိန်းမကြီးက တော်တော်ကလေး ချမ်းသာတယ်ကွ။ သူ့လင် ဘိုက အင်္ဂလန်ပြန်သွားတော့ တိုက်ရော၊ ကားရော၊ အတွင်းပစ္စည်းတွေရော ဒီမိန်းမကြီးကို ပေးခဲ့တာ။ ဒါပေမဲ့ လွယ်လိမ့်မယ်တော့ မထင်နဲ့မောင်ရေ။ မုဆိုးမတို့ရဲ့ ထုံးစံအတိုင်း တိုက်ကိုလည်း သော့ခလောက်အကောင်းစားနဲ့ ခတ်ပြီး မီးခံသေတ္တာနဲ့ ပစ္စည်းတွေကို သိမ်းထားတာတဲ့။ မီးခံသေတ္တာထားတဲ့ အခန်းကလည်း သူ့အိပ်ခန်းနဲ့ ကပ်လျက်မှာဆိုပဲ။ ညရေးညတာမှာလည်း မုဆိုးမကြီးက သိပ်ပြီး အိပ်တယ်လို့ မရှိဘူးဆိုပဲ။

"ဒါပေမဲ့ အဖေက ထမင်းချက်တဲ့ မိန်းမနဲ့ ပေါင်းထားတော့ တိုက်အပေါ်ထပ်က ပြတင်းပေါက်ကို ပိတ်ဖို့ မေ့သလိုနဲ့ ဟထားလိမ့်မယ်။ အဲဒီပြတင်းပေါက်နားမှာ သရက်ပင်ကြီးတစ်ပင်ရှိနေတော့ အဲဒီသရက်ပင်ကြီးက တက်ပြီး ဝင်သွားရုံပဲ။ အဲဒီအိမ်ထဲရောက်တော့မှ မီးခံသေတ္တာကို ရှာပြီး ရအောင် ဖွင့်ရလိမ့်မယ်။ ရွှေထည်တွေ စိန်ထည်တွေ အတော်များများ ရှိဆိုပဲ"

"ဒါပေမဲ့ လူကလေးရဲ့ တစ်သက်မှာ အဖေ မှာတာကို မမေ့စေနဲ့။ ဘယ်တော့မှ ပစ္စည်းကို အကုန်မယူခဲ့ရဘူး။ ထိုက်သင့်သလောက်သာ ယူခဲ့ရမယ် ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖခင်ကြီးက ပြောလေရာ –

"ဟာ ... စိတ်ချပါအဖေ။ ကျွန်တော် အဖေ့စကားကို ဘယ်တော့မှ မမေ့ပါဘူး"

ဟု ကျွန်ုပ်က ပြောလိုက်ရလေ၏။ ဤသို့ဖြင့် ကျွန်ုပ်သည် ညကို ရင်ခုန်လျက် စောင့်နေရလေတော့၏။ မှတ်မှတ်ရရပြောရလျှင် ထိုနေ့သည် တော်သလင်းလကွယ်နေ့ ဖြစ်လေ၏။

ည ၁၂ နာရီမထိုးမီမှာပင် ကျွန်ုပ်နှင့် ဖခင်ကြီးသည် ခရီးလမ်းသို့ ရောက်ရှိလာကာ ဘိုကပြားမကြီး၏ အိမ်နှင့် မလှမ်းမကမ်းရှိ သရက်ပင်အုပ်အုပ်များအောက်တွင် ငြိမ်၍နေကြလေ၏။ ကျွန်ုပ်တို့နှစ်ယောက်စလုံးသည် ဘောင်းဘီအနက်၊ အကျီအနက်များ ဝတ်ထားကြသည်ဖြစ်ရာ ညနှင့် တစ်သားတည်းကျနေလေတော့၏။

ဖခင်ကြီးနှင့် ကျွန်ုပ်သည် ညောင်တုံးဘက်သို့ ခရီးထွက်မည်ဟု မိခင်ကြီးဒေါ်လှရှင်ကို ပြောခဲ့ကာ လွန်ခဲ့သော နှစ်ရက်ကပင် အိမ်က ထွက်လာကြပြီးလျှင် ရေကျော်ရပ်မှ တည်းခိုအိမ်တစ်ခုတွင် ငွေပေး၍ တည်းခိုနေကြလေ၏။ တည်းခိုအိမ်တွင် တည်းသောအခါတွင် ဖခင်ကြီး၏ အမည်မှာ ဦးစိန်ခိုဟုခေါ်၍ ကျွန်ုပ်၏အမည်မှာ မောင်မြသာဟု မှည့်ခေါ်ထားကြလေ၏။ ညောင်တုံးမှလာသော ဆန်ကုန်သည်များဟု ပြောထားလေရာ တည်းခိုအိမ်ပိုင်ရှင် ရုလတီလင်မယားက ကျွန်ုပ်တို့အား လွန်စွာ အထင်ကြီးလေးစားကြလေ၏။ ကျွန်ုပ်တို့လည်း ဇနေ့ဘက်တွင် မြို့ထဲသို့ လှည့်လည်ကာ လိုအပ်သော ပစ္စည်းများကို ဝယ်ယူကြရလေ၏။

အလုပ်လုပ်မည့်ညသို့ ရောက်သောအခါ တည်းခိုအိမ်ပိုင်ရှင် ရုလတီလင်မယားအား ယခုညပြန်တော့မည့်အကြောင်း ကုန်သည်များ အသင်းတိုက်တွင် ကုန်သည်များနှင့် စကားစမြည်ပြော၍ ယင်းတိုက်မှာပင် ညအိပ်၍ မနက်စောစော ပြန်ရမည့်အကြောင်း ပြောထားရလေ၏။





ကျွန်ုပ်နှင့် ဖခင်ကြီးလည်း သရက်ပင်ကြီးများ၏ ပင်စည်ကို ကွယ်၍ ရပ်နေကြကာ အခြေအနေကို စောင့်၍ကြည့်နေရလေ၏။ ဘိုကပြားမကြီးနေသော နှစ်ထပ်အိမ်ကြီးကို နှစ်ရက်ကြို၍ လေ့လာထားပြီးဖြစ်လေရာ ကျွန်ုပ်အဖို့ အလွန်ရင်းနှီးနေပြီ ဖြစ်လေ၏။

"ပတ်တရောင် လှည့်တဲ့ ပုလိပ်တွေလာအောင် စောင့်ရမယ် လူကလေး"

ဟု ဖခင်ကြီးက လေသံကလေးဖြင့် ပြောလေရာ –

"ဗျာ ဘာကြောင့်လဲအဖေ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ဒီလိုကွ၊ ပတ်တရောင်လှည့်တဲ့ ပုလိပ်တွေဟာ ဒီနေရာကို တစ်ခါရောက်သွားပြီးရင် နောက်ထပ်တစ်နာရီကျော်မှ တစ်ခါ ရောက်လာတော့မှာကွ။ ဒီအတွင်းမှ မင်းက စိတ်ချလက်ချ အလုပ်လုပ်နိုင်တာပေါ့"

ဟု ဖခင်ကြီး ပြောမှ ကျွန်ုပ်လည်း သဘောပေါက်သွားလေတော့၏။ ကျွန်ုပ်တို့လည်း နောက်ထပ် စကားမပြောတော့ဘဲ ငြိမ်နေလိုက်ကြလေရာ ကော်မရှင်နာလမ်း(ဗိုလ်ချုပ်အောင်ဆန်းလမ်း) ဘက်မှ ဗိုလ်မြွတ်ထွန်းလမ်းသို့ ချိုးဝင်လာသော ပုလိပ်သားများကို လှမ်း၍ မြင်ရလေ၏။

ပုလိပ်သားသုံးယောက်သည် နံပတ်တုတ်များ ကိုယ်စီကိုင်ကာ စကားတီးတိုးပြော၍ လျှောက်လာရင်း လမ်းပေါ်တွင် တင်နေသော ရေအိုင်များကို ကွေ့ဝိုက်၍ လျှောက်နေကြလေ၏။ ရေအိုင်များကို သတိထား၍ လျှောက်နေသည်ဖြစ်ရာ ဘေးဘီသို့ ကြည့်ရှုသည့် အာရုံ လျော့သွားကြလေတော့၏။ မကြာမီမှာပင် ကျွန်ုပ်တို့ ကွယ်၍ရပ်နေသော သရက်ပင်အုပ်ကို ကျော်ဖြတ်သွားကြကာ ဖရေဇာလမ်း (အနော်ရထာလမ်း) ဘက်သို့ ချိုးဝင်သွားကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . မောင်မိုး ဒါဟာ မင်းရဲ့ ပွဲဦးထွက်ပဲ။ ပွဲဦးကောင်းအောင် လုပ်ပေတော့"

ဟု ဖခင်ကြီးက ပြောလိုက်လေရာ ကျွန်ုပ်လည်း အဆင်သင့်ပြင်ကာ လမ်းတစ်ဘက်သို့ ကူးလိုက်လေတော့၏။ ပြီးလျှင် ဘိုကပြားမကြီး၏ ခြံဝင်းသို့ ပြေးကပ်လိုက်ကာ နေ့လယ်က သေသေချာချာ ကြည့်ထားသော သံဆူးကြိုးပြတ်နေသည့် အပေါက်ကို ရှာလိုက်ရလေ၏။ ပြီးလျှင် အရိပ်အခြေကို ကြည့်၍ ဖခင်ကြီး သင်ပေးထားသဖြင့် ကျွန်ုပ်အကြိမ်ကြိမ် လေ့ကျင့်ထားသော အာရုဖြင့် ခံစားနည်းကို သုံး၍ အန္တရာယ်ကင်းမကင်းကို ကြည့်လိုက်ရလေ၏။ ကျွန်ုပ် စိတ်တွင် သံသယဖြစ်စရာဘာမှ မရှိသဖြင့် ခြံဝင်းအတွင်းသို့ အသာကလေး တိုးဝင်လိုက်လေ၏။

ပြီးလျှင် ပြတင်းပေါက်အနီးမှ သရက်ပင်ကြီး၏ ပင်ခြေသို့ လှစ်ခနဲ ပြေးကပ်လိုက်ကာ တွယ်တတ်သွားရလေ၏။ ပြတင်းပေါက်အနီးမှ သစ်ကိုင်းကြီးသို့ အသံမမြည်အောင် ဖြည်းဖြည်းကလေး လျှောက်သွားပြီးလျှင် ပြတင်းပေါက်ကို အသာကလေး ဆွဲလိုက်လေရာ အလိုက်သင့်ပွင့်လာလေ၏။

ဖခင်ကြီး ငွေပေးထားသဖြင့် ထမင်းချက်သည့် မိန်းမက သူ့တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ထားသည်ကို တွေ့ရခြင်း ဖြစ်လေ၏။ ကျွန်ုပ်လည်း ကိုယ်ကို ဖော့၍ ပြတင်းပေါက်ဘောင်ပေါ်သို့ လှမ်း၍တက်ကာ အိမ်ထဲသို့ ဝင်လိုက်လေ၏။

ပြီးလျှင် မီးခံသေတ္တာထားသော အခန်းသို့ မှန်း၍ သွားကာ အခြေအနေကို အကဲခတ်လိုက်လေကာ ထိုအချိန်တွင် ကပ်လျက် အခန်းမှ အချက်မှန်မှန်ဖြင့် ဟောက်နေသည့် အသံကို ကြားရလေရာ ဘိုကပြားမကြီး အိပ်ခန်းဖြစ်မည်ဟု တွက်ဆလိုက်ပြီးလျက် ကျွန်ုပ် ရပ်နေသောအခန်း၏ သော့ခလောက်ကို လက်ဖြင့် စမ်း၍ကြည့်လိုက်ကာ အသင့်ပါ





လာသော သံချောင်းကလေးကို သော့ပေါက်မှ ထည့်၍ လှည့်ပေးလိုက်လေ၏။

တစ်ချက်။ နှစ်ချက်။ ပြီးတော့ နောက်တစ်ချက်။

"ချောက်"

ပွင့်သွားပြီ။ ကျွန်ုပ် ပြုံးလိုက်မိသည်။ တံခါးကို အသံမမြည်အောင် ဖွင့်၍ အတွင်းမှ ပြန်ပိတ်လိုက်သည်။ ပြီးလျှင် အဝတ်နှင့်အုပ်စီးထားသော ဓာတ်မီးကို ထုတ်ယူကာ အခန်းထဲသို့ ထိုးကြည့်လိုက်သည်။ ဗီရိုကြီးသုံးလုံးနှင့် မီးခံသေတ္တာကို တွေ့လိုက်ရလေ၏။ ကျွန်ုပ်အနေနှင့် အချိန်ဖြုန်းရန်အကြောင်း မရှိသဖြင့် မီးခံသေတ္တာအနီးသို့ ကပျာကယာကပ်လိုက်ကာ သော့ အနေအထားကို စစ်ဆေးကြည့်လိုက်မိလေ၏။

တော်ပါသေးရဲ့။ အမေရိကန်က ဝင်လာတဲ့ နံပါတ်သော့ခလောက်မျိုး မဟုတ်ပေလို့ နံပါတ်သော့သာဆိုလျှင် ချွေးဒီးဒီးကျအောင် ဖွင့်ရပေလိမ့်မည်။ သည်သော့ခလောက်မျိုးဆိုလျှင်တော့ ကျွန်ုပ်အတွက် သိပ်ပြီး ခက်ခဲလိမ့်မည် မဟုတ်ပေ။

ကျွန်ုပ်တွင် အဆင်သင့် ပါလာသော ပစ္စည်းများကို ထုတ်၍ကြိုးစားလိုက်ရာ သိပ်မကြာမီမှာပင် မီးခံသေတ္တာ ပွင့်သွားလေတော့၏။

"ဟာ"

တံခါးဖွင့်၍ အတွင်းသို့ ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သောအခါ စိန်ထည်ပစ္စည်းများ၊ ရွှေထည်ပစ္စည်းများမှာ ကျွန်ုပ်တစ်သက် တစ်ခါမျှပင် မမြင်ဖူးလောက်အောင် များပြားလှလေ၏။ ပြီးလျှင် အောက်ထပ်၌ ငွေစက္ကူအနည်းငယ်ကိုလည်း တွေ့ရလေ၏။

ကျွန်ုပ်လည်း ပါလာသော အိတ်ကို ထုတ်ကာ ပစ္စည်းအချို့ကို လျင်မြန်စွာ ယူ၍ ထည့်လေ၏။ ဖခင်ကြီး မှာထားသည့်အတိုင်း အကုန်ယူ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ခြင်း မပြုဘဲ တစ်ဝက်ခန့်သာ မှန်းတန်ယူလိုက်လေ၏။ နောက်ဆုံး တွင် ငွေစက္ကူ အနည်းငယ်ကိုပါ ယူ၍ မီးခံသေတ္တာကို ပြန်၍ ပိတ်လိုက်လေ၏။

ထို့နောက်တော့ လာလမ်းအတိုင်း ပြန်၍ ထွက်လာကာ ပြတင်း ပေါက်ဘောင်မှတစ်ဆင့် သရက်ပင်ပေါ်သို့တက်ကာ အခြေအနေကို အကဲခတ်ပြီးမှ ဆင်းလာခဲ့လေ၏။

ကျွန်ုပ် ဗိုလ်မြတ်ထွန်းလမ်းမှ သရက်ပင်အုပ်များအောက်သို့ ပြန်ရောက်သောအခါ –

"မောင်မိုး အဆင်ပြေရဲ့လား"

ဟု ဖခင်ကြီးက စိုးရိမ်တကြီး မေးလေရာ –

"အားလုံး အဆင်ပြေတယ်၊ သွားကြစို့ အဖေ"

ဟု ပြောလိုက်သောအခါ ဖခင်ကြီးက –

"နေဦးကွ၊ အပေါ်က အင်္ကျီအနက်တွေ ချွတ်ပြီး ဟော အင်္ကျီတွေ လဲလိုက်ကြရအောင်"

ဟုပြောကာ အဆင်သင့် ပြင်ထားသော အင်္ကျီများကို လဲ ဝတ်ကြရလေ၏။

နှစ်ယောက်စလုံး အနက်များနှင့် လူမြင်လျှင် မသင်္ကာစရာ မည်စိုးသဖြင့် ဖခင်ကြီးက အဝတ်လဲခိုင်းခြင်းဖြစ်ကြောင်း ကျွန်ုပ် ရိပ် လေ၏။

နံနက် (၃) နာရီခန့်တွင် အစုံလော်ကယ်တစ်စီး ဝင်လာလေ ရထားမှ တက်လာသော ခရီးသည်များနှင့်ရော၍ ကျွန်ုပ်တို့သားအ ပါ ထွက်လာခဲ့ကြလေ၏။ ပြီးလျှင် အမှောင်ရိပ်ကလေးမှကပ်ကာ ဆ တော်ကလေးသို့ ပြန်ခဲ့ကြလေ၏။





အိမ်သို့ရောက်သောအခါ မိခင်ကြီးကို နှိုး၍ တံခါးဖွင့်ခိုင်းရလေ၏။ ကျွန်ုပ်တို့သားအဖသည် ကုန်သည်များဖြစ်ကြလေရာ ယခုကဲ့သို့ အချိန်မရွေး ဝင်ထွက်သွားလာနေကြသည်ကို ဘေးအိမ်များကလည်း သိပြီးသား ဖြစ်ကြသည့်အတွက် ကျွန်ုပ်တို့မှာ စိုးရိမ်ခြင်း မရှိကြပေ။

မိခင်ကြီးအား နှုတ်ဆက်ကြပြီးလျှင် အလုပ်အကိုင် အဆင်ပြေကြောင်း ပြောရလေ၏။ မိခင်ကြီးလည်း ပြန်၍ မအိပ်တော့ဘဲ ကျွန်ုပ်တို့ သားအဖ စားသောက်ရန် မီးဖိုခန်းသို့ ဝင်၍ ရေနွေးကြိုခြင်း၊ ကော်ဖီ ဖျော်ခြင်း၊ ထမင်းကြော်ခြင်းများ ပြုလုပ်တော့၏။

ကျွန်ုပ်လည်း ဖခင်ကြီးအား ပစ္စည်းအားလုံးကို အပ်လိုက်လေရာ ဖခင်ကြီးသည် မီးရောင်အောက်တွင် အိတ်ကို မသိမသာ ယူကြည့်ပြီး ပြုံးရွှင်သွားလေတော့၏။

"လူ●လေး မောင်မိုးရေ၊ မင်းကတော့ ပွဲဦးအောင် သွားပြီ ကွယ့်"

ဟု ကျွန်ုပ်၏ ပခုံးကို ပုတ်ကာ ချီးမွမ်းလေ၏။ ကျွန်ုပ်လည်း ဝမ်းသာပီတိ ဖြစ်သွားလေတော့သတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)
## ကုန်သည်ကလေး ကိုမိုး

ကျွန်ုပ်အနေနှင့် ဖောက်ထွင်းပိဇ္ဇာတစ်ယောက် ပီပီပြင်ပြင် ဖြစ်လာသောအခါတွင် ဖခင်ကြီးလည်း အသက်ကြီးလာပြီဖြစ်သဖြင့် ဘာမှ မလုပ်တော့ဘဲ အနားယူနေလေတော့၏။

ဖခင်ကြီးသည် ယခင်ကတည်းက ဖောက်ထွင်းမှုများ ပြုလုပ်ရာတွင် များများရမည့်အချက်ကောင်းကို စောင့်ဆိုင်းရှာဖွေပြီးမှ ပိုင်ပိုင်နိုင်နိုင်လုပ်လေ့ရှိသူဖြစ်ရာ တစ်နှစ်မှ တစ်ကြိမ် နှစ်နှစ်မှ တစ်ကြိမ်သာ ဖောက်ထွင်းတတ်လေ၏။

ကျွန်ုပ်သည် အချိန်တွင် ကုန်ရောင်းကုန်ဝယ် အလုပ်ကိုသာ ပြုလုပ်နေတတ်လေ၏။ ကုန်ရောင်းကုန်ဝယ်ပြုလုပ်ရင်းမှ ရောက်ရာ မြို့ရွာများတွင် အချက်ကောင်းကို အမြဲရှာဖွေနေတတ်လေ၏။ အချက်ကိုက်ပြီဆိုသောအခါမှ တစ်ချက်ကောင်း ဖောက်ထွင်းယူလေတော့၏။

ကျွန်ုပ်၏ အလှည့်သို့ရောက်သောအခါတွင်လည်း ဖခင်ကြီး၏ မူအတိုင်း လူမျိုးခြားများကို ပထမဆုံး ဦးတည်၍ ပြုလုပ်လေ၏။ မြန်မာ အချင်းချင်းဆိုလျှင်လည်း မတရား စီးပွားရှာသောသူများကိုသာ ပစ်မှတ်ထားပြုလုပ်လေ့ရှိလေ၏။





တစ်နေ့သ၌ ကျွန်ုပ်သည် စပါးကုန်သည်များနှင့် စကားပြောရန် ကန္နားဘက်သို့ ထွက်လာခဲ့လေ၏။ ကျွန်ုပ်၏ ပုံစံမှာလည်း ထိုခေတ်က ကုန်သည်များ ဝတ်သကဲ့သို့ အကျအန ဝတ်ဆင်ကာ ကန္နားတန်း၌ လျှောက်၍ မိတ်ဆွေဆန်ကုန်သည်များ စပါးကုန်သည်များကို လိုက်၍ ရှာရလေ၏။

"ဝိုင်းထားဟေ့၊ ဝိုင်းထား မှတ်လောက်သားလောက်အောင် ဆော်လွှတ်လိုက်စမ်းကွာ"

ဟူသော အသံများ ဆူဆူညံညံ ထွက်ပေါ်လာလေရာ ကျွန်ုပ်လည်း နောက်သို့ လှည့်ကြည့်လိုက်မိလေ၏။ လူအုပ်စုတစ်စုသည် ဘုံကျောင်းနှင့် မနီးမဝေးနေရာတွင် တစ်ယောက်ယောက်ကို ဝိုင်းဝန်းထိုးကြိတ်နေသည်ကို တွေ့ရလေရာ ကျွန်ုပ်လည်း ထိုနေရာသို့ လျှောက်သွားတာ ကြည့်လိုက်မိလေ၏။

"အောင်မလေးဗျ ကြောက်ပါပြီဗျ"

"ဖုံး၊ ခွပ်၊ ခွပ်"

ဟူသော အသံများနှင့် အော်သံဟစ်သံများ ဆူညံနေသည်ကို တွေ့ရလေရာ –

"ဘယ်လိုကြောင့် ဝိုင်းပြီး ထိုးကြိတ်နေတာတုန်းဗျ"

ဟု ကျွန်ုပ်က လူတစ်ယောက်ကို မေးလိုက်မိလေ၏။

"သူခိုးဗျ၊ ခါးပိုက်နှိုက်ကောင်၊ စပါးပွဲစားကြီးလွယ်အိတ်ထဲက ငွေကို အလစ်မှ ဝင်နှိုက်တာကို လက်ပူးလက်ကြပ်မိလို့ ဝိုင်းပြီး တွယ်နေကြတာဗျို့"

ဟု ပြောပြလေ၏။

"တွယ်တော့လည်း တွယ်ပေါ့ဗျာ၊ တော်တော်ကြာ လက်လွန်သွားလို့ လူသတ်မှုနဲ့ ထောင်နန်းစံ ကုန်ရဦးမယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ပြောလိုက်ကာ –

"ဟိုး ဆရာတို့ ဟိုး ဟိုး"

ဟု ကျွန်ုပ်က အော်လိုက်လျှင် ထိုးကြိတ်နေကြသော လူများသည် ရပ်သွားကြပြီးလျှင် ကျွန်ုပ်အား လှည့်၍ ကြည့်လေ၏။

"ဟာ ... ကိုမိုးပါလား"

ဟု အချို့က ပြောကြလေရာ –

"ဩော် ... ကိုညိုတို့၊ ကိုပေါတို့ပါလား၊ အတန်ကြာဦးတော့ ကိုယ့်လူတို့ တော်တော်ကြာ လက်လွန်ချေလွန်ဖြစ်လို့ အရှင်းရခက်နေဦးမယ်။ ပုလိပ်လက်သာ အပ်လိုက်ကြပါဗျာ"

ဟု ကျွန်ုပ်က ပြောသောအခါတွင်မှ ဖူးရောင်ကိုင်းနေသော သူခိုးကို တစ်ဘက်တစ်ချက်မှ ချုပ်ကာ ဘုန်းကြီးလမ်းဂတ်တဲသို့ ခေါ်သွားကြလေတော့၏။

ကျွန်ုပ်လည်း ထိုနေ့က စပါးကုန်သည်များ၊ ဆန်ကုန်သည်များနှင့် အလုပ်ကိစ္စပြောဆိုကာ ညနေစောင်းမှ အိမ်သို့ ပြန်လာခဲ့လေ၏။

ကျွန်ုပ် အိမ်သို့ ပြန်ရောက်သောအချိန်တွင် ကျွန်ုပ်တို့ အိမ်ရှေ့တွင် လူများ ဝိုင်းအုံနေကြသည်ကို တွေ့လိုက်ရလေရာ ကျွန်ုပ်မှာ ပူလူသွားလေတော့၏။

"အလို ... ဘာများ ဖြစ်လို့တုန်း ဘကြီးအောင်မောင်းရဲ့"

ဟု ကျွန်ုပ်က ခရီးရောက်မဆိုက် မေးလိုက်လေရာ အိမ်ရှေ့တွင် အုံနေသော လူစုအတွင်းမှ ဘကြီးအောင်မောင်းက နောက်သို့ လှည့်ကြည့်ကာ –

"ဟာ ... မောင်မိုး ပြန်လာပြီကွယ့်၊ မောင်မိုးရေ မင်းအဖေကိုမြို့သာတစ်ယောက်တော့ ဆုံးရှာပေါ့၊ ရုတ်တရက် လေဖြတ်သွားတယ်ထင်ပါရဲ့ လူကလေးရယ်။ ကဲ ... ကဲ မင်းအမေ မလှရှင်ကို ဖြောင်းဖျ





လိုက်ချေဦး။ သူကလည်း ကောင်းကောင်း ကျန်းမာတာ မဟုတ်ဘူးမို့ လား"

ဟု ပြောလေ၏။

"အို ... ဖြစ်မှဖြစ်ရလေ အဖေရယ်"

ဟု ကျွန်ုပ်က ပြောရင်း အိမ်ပေါ်သို့ တက်လာလေရာ လမ်းထဲမှ အိမ်နီးချင်းများက လမ်းဖယ်၍ ပေးကြလေတော့၏။ မိခင်ကြီး ခေါ်လှရှင်လည်း ကျွန်တော့်ကို တွေ့သွားလေရာ –

"သားရေ မင်းအဖေကို ကြည့်ပါဦးကွယ့်"

ဟု ပြော၍ ငိုလေ၏။ ကျွန်ုပ်လည်း ကျွန်ုပ်အား သားအရင်းတမျှ ချစ်သည့် ဖခင်ကြီးအား ကြည့်ကာ မျက်ရည်များ တစ်ပေါက်ပေါက် ကျမိလေတော့၏။

"ကဲ ... မောင်မိုးရေ၊ သတိထားကွယ်။ အသုဘ မြေကျဖို့ ကိစ္စက ရှိသေးတယ်ကွယ့် လူကလေးရဲ့"

ဟု လူကြီးများက သတိပေးတော့မှ မျက်ရည်စများကို သိမ်းကာ အသုဘကိစ္စကို စတင်စီရင်ရလေတော့၏။

ဤသို့ဖြင့် ဖခင်ကြီး အသုဘကိစ္စပြီး၍ ရက်လည်ဆွမ်းသွပ်ခြင်း၊ သလည်ဆွမ်းသွပ်ခြင်းများ ပြုလုပ်ပြီးနောက်တွင် ကျွန်ုပ်သည် အရောင်းအဝယ်ကိစ္စများကို ခေတ္တရပ်ထားရလေတော့၏။ အဘယ်ကြောင့်ဆိုသော် မိခင်ကြီးသည် ဖခင်အတွက် စိတ်ထိခိုက်သွားလေရာ နဂိုကတည်းက မမာနေသည့်အတွက် အိပ်ရာထဲတွင် ဘုန်းဘုန်းလဲလေတော့၏။

ကျွန်ုပ်လည်း၊ အလုပ်များကို ရပ်ဆိုင်းထားလိုက်ကာ အိမ်မှာပင် နေ၍ မိခင်ကြီးကို ပြုစုနေရလေတော့၏။ မအူကုန်း၊ သာယာကုန်း၊ ကုန်း၊ ပျားရည်ကုန်းတို့တွင်ရှိသော ဆေးဆရာအကျော်အမော်များ လည်း ကုန်သလောက် ရှိခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မိခင်ကြီး၏ ရောဂါသည် သက်သာပျောက်ကင်းသွားသည်ဟူ၍ မရှိဘဲ တဖြည်းဖြည်းနှင့် အစားအသောက်ပါ ပျက်လာပြီးလျှင် နောက်ဆုံး တိမ်းပါးသွားခဲ့လေတော့၏။

ဖခင်ကြီးဆုံး၍ တစ်နှစ်ပင် မပြည့်သေးသော အချိန်မှာပင် မိခင်ကြီးလည်း ဆုံးပါးသွားခဲ့လေ၏။ ကျွန်ုပ်လည်း လောကအလယ်တွင် တစ်ကောင်ကြွက်အဖြစ် ဒုတိယအကြိမ် ရောက်ခဲ့ရလေတော့၏။

ကျွန်ုပ်သည် မည်သည့် အလုပ်မှ မလုပ်ဘဲနေခဲ့သည်မှာ တစ်နှစ်ခန့်ပင်ရှိပြီဖြစ်ရာ အလုပ်များကို မည်သို့ပြန်စရမှန်းပင် မသိအောင်ရှိရလေတော့၏။

တစ်နေ့သ၌ ကျွန်ုပ်သည် ပျင်းပျင်းရှိသည်နှင့် ရထားငှားစီးကာ ဟောင်ကောင်ပျော်ပွဲစားရုံသို့ ထွက်လာခဲ့လေ၏။ အင်္ဂလန်ဘီယာနှစ်လုံးနှင့် ဘဲကင်တစ်ခြမ်းကို မှာယူလိုက်လေ၏။ ပြီးလျှင် ရေခဲတောင်တံဆိပ် ဂလေစီယာစီးကရက်တစ်ဘူးကိုလည်း မှာယူလိုက်ကာ ဘီယာကို ဖိမ်ခံ၍ သောက်၍ ကျွန်ုပ်၏ဘဝကို ပြန်ပြောင်းစဉ်းစားနေမိလေ၏။ ကျွန်ုပ်လည်း ညနေစောင်းချိန်ရောက်မှ အိမ်ပြန်ရန် လက်စသပ်လိုက်ပြီးလျှင် ဘွိုင်ပေါက်ဖော်ကလေးကို ခေါ်လိုက်လေ၏။

"ပေါက်ဖော် ငါဘယ်လောက်ကျသလဲ"

ဟု ကျွန်ုပ်က မေးလိုက်သောအခါ ပေါက်ဖော်ကလေးက ပြုံး၍ အရိုအသေ ပေးကာ

"ဆရာကြီးအတွက် ငွေရှင်းပြီးပါပြီ"

ဟု ပြောလေရာ ကျွန်ုပ်လည်း အံ့ဩသွားမိလေ၏။

"ဟ ပေါက်ဖော် မင်း ထောင်ကဲကို မေးပါဦး။ ငါ ငွေ မရှင်းသေးပါဘူး"

ဟု ကျွန်ုပ်က ပြန်၍ပြောသောအခါ





"မိမေးရပါဘူး ဆရာကြီး။ ဆရာကြီးရဲ့ မိတ်ဆွေက ဆရာကြီးအတွက် ရှင်းသွားပါတယ်။ ဟိုဝိုင်းမှာ ထိုင်ပြီး အီရက်နည်းနည်း သောက်သွားတဲ့ လူပါ"

"ဟ . . . ဘယ်သူများပါလိမ့်။ ငါလည်း သတိမထားမိလိုက်ပါလား။ မိတ်ဆွေဆိုရင်လည်း ငါ့ကို နှုတ်ကလေးပါလေး ဆက်သွားသင့်တာပေါ့"

ဟု ကျွန်ုပ်က တစ်ယောက်တည်း ပြောလိုက်သောအခါ –

"သူ့နာမည် တက်ခေါင်လို့ ပြောလိုက်ပါတဲ့ ဆရာကြီး"

"ဟေ . . . တက်ခေါင်၊ ဟာ . . . ငါ့အသိထဲမှာ ဒီနာမည် မရှိပါလား"

"ဒါလော့ ဝ မိစ်ဘူးလေ ဆရာကြီး။ သူ မှာသွားလဲအတိုင်း ဝ ပြုံးပြလာပါ"

"ဩော် . . . အေး . . . အေး။ ရှင်းပြီးပြီဆိုတော့လည်း ပြီးရောပေါ့ကွာ။ ကဲ . . . ကဲ ဒါဆိုရင် ငါသွားပြီဟေ့ ပေါက်ဖော်"

ဟု ကျွန်ုပ်က နှုတ်ဆက်ကာ ထွက်လာခဲ့လေ၏။ အပြန်လမ်းတစ်လျှောက်တွင်တော့ တက်ခေါင်ဆိုသော နာမည်ကိုသာ စဉ်းစား၍ လာခဲ့လေတော့၏။

သို့သော် နောက်တစ်နေ့တွင်တော့ ဤအဖြစ်အပျက်ကို ကျွန်ုပ်သည်း မေ့လျော့သွားလေတော့၏။ ဖခင်ကြီး အမွေပေးခဲ့သော ဖောက်ထွင်းဝိဇ္ဇာအတတ်ကို အသုံးမချရသည်မှာ ကြာပြီဖြစ်သဖြင့် ကျွန်ုပ်လည်း တစ်ခါလောက် မိမိရရ အလုပ်လုပ်ရန် စတင်လှုပ်ရှားမှုများ ပြုလုပ်ရလေတော့၏။

ကျွန်ုပ်တို့၏ ထုံးစံအတိုင်း သတင်းများကို ဦးစွာ ထောက်လှမ်းရလေ၏။ တရုတ်သိန်းစားများနှင့် လမ်းကြိုလမ်းကြားသို့ အနှံ့သွားနေသော



www.burmeseclassic.com

www.burmeseclassic.com



ကုလားကလေးများသည် ကျွန်ုပ်တို့အတွက် အကောင်းဆုံးသော သတင်းသမားများ ဖြစ်လေ၏။

ယခုလည်း ဘိန်းစားပုတ်ပွေဆီမှ ရသော သတင်းသည် ကျွန်ုပ်အတွက် စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်လေ၏။ လမ်းမတော်မှ နှစ်ထပ်တိုက်တစ်လုံးတွင် တရုတ်လောင်းကစားဝိုင်းကြီး တစ်ခုရှိသည်ဆို၏။ ထိုလောင်းကစားဝိုင်းကြီးတွင် ဂျင်ဝိုင်း၊ ဖဲဝိုင်း၊ ကိုးမီးဝိုင်းများ အစုံရှိသည့်အတွက် အကောက်ချည်း တစ်ညကို ထောင်ဂဏန်းအထိရကြောင်း သိရလေ၏။ ည ၃ နာရီထိုးလျှင် လောင်းကစားဝိုင်းများအားလုံး အပြီးသပ်ကာ အားလုံး ပြန်သွားကြသည်ဆို၏။ ထိုအချိန်တွင် လောင်းကစားဝိုင်းထောင်သော လော်ပန်တရုတ်ကြီးသည် ထောင်ကြီးကွေ့တွင်နေသော မယားငယ်အိမ်သို့ သွားကာ အိပ်လေတော့၏။ ပုတ်ပွေဆီမှ ရသော သတင်းအရဆိုလျှင်တော့ တရုတ်ကြီး၏ မီးခံသေတ္တာထဲတွင် အပေါင်ဆုံး ရွှေထည်ပစ္စည်းများ အတော်များများ ရှိသည်ဟုဆို၏။

ကျွန်ုပ်လည်း ပုတ်ပွေပေးသော သတင်းကို အလွန်စိတ်ဝင်စားသည်ဖြစ်ရာ ဆန်ကုန်သည် တရုတ်များထံတွင် ထပ်မံစုံစမ်း၍ လမ်းမတော်မှ တရုတ်ကြီး၏တိုက်သို့ ဝင်ရောက်ကာ ဖဲကစားခြင်း ပြုရလေ၏။

တစ်လခန့် ထိုသို့ ဖဲသွား၍ ကစားသောအခါ တရုတ်ကြီး၏ အိမ်သို့ ဝင်ရန် ထွက်ရန် လမ်းကို တွေ့လာလေတော့၏။ မီးခံသေတ္တာထားသော အခန်းကိုလည်း သိပြီဖြစ်ရာ ကျွန်ုပ်လည်း အလုပ်စရန် ပြင်ဆင်ရလေတော့၏။

လောင်းကစားဝိုင်းများ ပြီးဆုံးသော သုံးနာရီကျော်ကျော်တွင် အိမ်ထဲသို့ ဝင်၍ ငါးနာရီမထိုးမီ ပြန်၍ ထွက်နိုင်ရမည်ဟု ကျွန်ုပ် သတ်မှတ်လိုက်ရလေ၏။





ဖခင်ကြီး ဦးမြို့သာ အမွေပေးခဲ့သော မစ္စတာကီး၏ လျှို့ဝှက်ပညာများကို အသုံးပြုရပေဦးတော့မည်။ သုံးနာရီကျော်သောအခါ တရုတ်ကြီးသည် မီးများအားလုံး ပိတ်ကာ တိုက်တံခါးကို သော့ခတ်၍ သူ၏ ဘေဘီအော်စတင်ကားကလေးကို စက်နှိုးပြီး မောင်းထွက်သွားလေ၏။ အမှောင်ရပိတွင် ခို၍ကြည့်နေသော ကျွန်ုပ်က သူ၏လှုပ်ရှားမှုများကို အားလုံး မြင်နေရလေ၏။

အချိန်ကြာပြီဖြစ်သဖြင့် ကျွန်ုပ်လည်း တိုက်တံခါးဝသို့ ပြေး၍ကပ်လိုက်ပြီးလျှင် သော့ခလောက်ကို ဖွင့်လေ၏။ အလွယ်တကူပင် ပွင့်သွားလေရာ ကျွန်ုပ်သည် အတွင်းတံခါးသော့ခလောက်ကို ဖွင့်ရပြန်၏။ အလွယ်တကူပင် ပွင့်ပြန်လေ၏။

ကျွန်ုပ်သည် အမှောင်ထဲသို့ အဝတ်အုပ်စီးထားသော ဓာတ်မီးကလေးနှင့် ခပ်အုပ်အုပ် ထိုးကာ အပေါ်ထပ်သို့ တက်လာခဲ့လေ၏။ ပြီးလျှင် မီးခံသေတ္တာထားသော စခန်းသို့ဝင်၍ သော့ကို ကြိုးစား၍ ဖွင့်ရလေ၏။ ဆယ့်ငါးမိနစ်ခန့်ကြာသောအခါ မီးခံသေတ္တာသော့လည်း 'ဒေါက်' ခနဲ မြည်ကာ ပွင့်လေ၏။ တံခါးကို ဖွင့်၍ အတွင်းသို့ မီးထိုးကြည့်လိုက်သောအခါ –

"ဟာ မနည်းပါလား ပုတ်ပွေစကား မှန်ပါပေတယ်"

ဟု ကျွန်ုပ်တစ်ယောက်တည်း ပြောလိုက်၊ ပါလာသော အိတ်ထဲသို့ ရွှေထည်ပစ္စည်းများကို ကျုံး၍ထည့်လေ၏။ သို့သော် အကုန်တော့မယူဘဲ ချန်သင့်သလောက် ချန်ထားလိုက်လေ၏။ ပြီးလျှင် အထပ်လိုက်ထားသော ငွေစက္ကူအစည်းများကိုလည်း အိတ်ထဲသို့ အပြည့်သိပ်ထည့်လိုက်၏။

ပြီးပြီ။ ခြေရာလက်ရာ မကျန်အောင် စစ်ဆေးလိုက်ရသည်။ စိတ်ချရပြီဆိုတော့မှ လာလမ်းအတိုင်း ဆင်းလာခဲ့သည်။ အတွင်းတံခါး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖွင့်၊ သော့ပြန်ပိတ်၊ အပြင်တံခါး ပြန်ဖွင့်၊ အပြင်ရောက်တော့ သော့ပြန်ပိတ်၊ သော့ပေါ်တွင် လက်ရာမထင်အောင် ရေဆွတ်ထားသော အဝတ်နှင့် ပွတ်ပစ်ခဲ့ရသေး၏။

ပြီးမှ မှောင်ရိပ်ခိုကာ ခပ်သုတ်သုတ် ထွက်လာခဲ့ရလေ၏။ စုရပ်ပေါင်းမှ နာရီဝက်တောင် မကြာဘဲ ကိစ္စပြီးသွားခဲ့လေတော့၏။ ကျွန်ုပ်သည် လမ်းမတော်အတိုင်း လျှောက်လာခဲ့ပြီးနောက် ကယ်နယ်စထရိ (ကျုံးကြီးလမ်း)သို့ ချိုးဝင်လိုက်သောအခါ ကျွန်ုပ်၏နောက်မှ ရထားတစ်စီး လိုက်ပါလာသည်ကို သတိထားလိုက်မိလေ၏။ ကျွန်ုပ်လည်း ရထားကျော်တက်သွားစေရန် ခြေလှမ်းကို နှေး၍ လျှောက်လိုက်လေ၏။

သို့သော် ရထားသည် ကျွန်ုပ်ကို ကျော်တက်လိုက်ပြီးလျှင် ရှေ့သို့ ဆက်မသွားဘဲ ရပ်လိုက်လေ၏။ ကျွန်ုပ်လည်း လန့်သွားကာ သတိထား၍ ကြည့်လိုက်မိလေ၏။

"ကိုမိုး မဟုတ်လား၊ လာ ... လာ ရထားပေါ်တက်၊ ဟို နောက်မှာ ပတ်တရောင်တွေ လှည့်လာနေပြီ"

ဟု ရထားသမားက ကျွန်ုပ်ကို လှမ်း၍ ပြောလိုက်လေရာ ကျွန်ုပ်လည်း လွန်စွာ အံ့ဩသွားလေ၏။

"မင်း ဘယ်သူလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေရာ –

"ကျွန်တော် တက်ခေါင်ပါ။ ဟိုတစ်ခါ ကမ်းနားမှာ လူတွေ ဝိုင်းထိုးကြ ကြိတ်ကြတုန်းက ကိုမိုး ကယ်လိုက်တဲ့ ခါးပိုက်နှိုက်လေ"

ဟု ရထားသမားက ပြောလိုက်သောအခါ ကျွန်ုပ်လည်း ချက်ချင်း မှတ်မိသွားလေတော့၏။ ပြီးလျှင် ရထားပေါ်သို့ တက်သင့်မတက်သင့် စဉ်းစားနေစဉ်မှာပင် နောက်ဖက်ဆီမှ ခွာပေါင်သံများကို ကြားလိုက်ရသဖြင့် လှည့်၍ကြည့်လိုက်သောအခါ လက်နှိပ်ဓာတ်မီးအရောင်များကို





တွေ့ရလေရာ ရထားသမားတက်ခေါင်ဆိုသူ ပြောသည့်အတိုင်း ပုလိပ်များ ပတ်တရောင်လှည့်လာသည်ဟု သိလိုက်ရသဖြင့် ဘာမှ ထပ်ပြီး စဉ်းစားမနေတော့ဘဲ ရထားပေါ်သို့ တက်လိုက်လေ၏။ ကျွန်ုပ် တက်ပြီးသည်နှင့် တက်ခေါင်သည် မြင်းကို ကြိမ်တို့ကာ အပြင်းမောင်းလေတော့၏။

ပုလိပ်များ၏ မီးရောင်တဖြည်းဖြည်း ဝေး၍ ကျန်ရစ်ခဲ့သောအခါတွင်မှ ကျွန်ုပ်လည်း စိတ်အေးသွားခဲ့လေတော့သည်။

ရထားသည် ကျွန်ုပ်၏ လမ်းညွှန်မှုဖြင့် ပန်းဆိုးတန်းမှ ကွေ့ကာ မောင်းလေ၏။

ဘူတာအနီးသို့ ရောက်သောအခါ ကျွန်ုပ်သည် ရထားကို ရပ်ခိုင်း၍ တက်ခေါင်အား ရထားခပေးလေ၏။ တက်ခေါင်က ရထားခ မယူဘဲ နောက်နေ့တွင် ဟောင်ကောင်ပျော်ပွဲစားရုံ၌ ဘီယာ တိုက်ပါဟု ဆိုသဖြင့် ကျွန်ုပ်လည်း ချိန်းလိုက်ရလေ၏။

ပြီးလျှင် အမှောင်ရိပ်ခိုကာ ကန်တော်ကလေးဘက်သို့ ကျွန်ုပ် ပြန်လာခဲ့လေတော့၏။ အိမ်သို့ရောက်သောအခါ အိမ်တံခါးကို ဖွင့်၍ ဝင်ခဲ့ပြီးလျှင် ရလာသော ပစ္စည်းများကို ထုတ်ကြည့်မိလေ၏။

"အင်း ... အတော်များတာပဲ"

ကျွန်ုပ် ယူလာသော ရွှေထည်ပစ္စည်းများမှာ များလွန်းနေသဖြင့် ကျွန်ုပ်ကိုယ်တိုင်ပင် အံ့ဩသွားမိလေတော့၏။

နောက်တစ်နေ့တွင်တော့ ကျွန်ုပ်သည် တက်ခေါင်နှင့် ချိန်းထားသည့်အတိုင်း ဟောင်ကောင်ပျော်ပွဲစားရုံသို့ ရောက်ခဲ့လေ၏။

"ကိုမိုးကျွန်တော် ဒီမှာဗျ"

ဟု စားပွဲတစ်လုံးတွင် ထိုင်နေသော တက်ခေါင်က ဆီးကြိုနှုတ်ဆက်လေရာ ကျွန်ုပ်လည်း သူ ထိုင်နေသော စားပွဲတွင် ဝင်၍ ထိုင်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲကွ။ မင်း ဒီနေ့ ရထားမထွက်ဘူးလား"

ဟု ကျွန်ုပ်က စတင်၍ မေးလိုက်လေရာ တက်ခေါင်က ပြုံး၍

"ကျွန်တော်က ရထားမောင်းတာ မဟုတ်ပါဘူး ကိုမိုးရ။ တစ်ခါတလေ ကျွန်တော် အသိတစ်ယောက်ရဲ့ ရထားကို ညဘက်ယူပြီး လျှောက်မောင်းတာပါ။ ကျွန်တော် အလုပ်လုပ်ဖို့ ယူထားတာ။ ရှင်းရှင်း ပြောရရင်တော့ ရထားမောင်းချင်ဟန်ဆောင်ပြီး လစ်ရင်လစ်သလို အလစ် သုတ်ခေပါ့ဗျာ။ ညဈေးတန်းတွေမှာ ခါးပိုက်နှိုက်တယ်၊ တရုတ်တန်းကနေ မူးပြီး ပြန်လာတဲ့သူတွေကို ရထားပေါ်ဆွဲတင်ပေးပြီး ပါလာတာတွေကို နှိုက်ယူတယ်"

"ဩော် ... ဒီလိုလား။ ဒါထက် မနေ့ကညတုန်းက ငါ့ကို ဘယ်မှာ မြင်လိုက်လို့ လိုက်လာတာလဲ"

ဟု ကျွန်ုပ်က အကဲစမ်း၍ မေးလိုက်လေ၏။

"ကျွန်တော် ကိုမိုး အိမ်ထဲကို ဝင်သွားကတည်းက တွေ့လိုက်တယ်။ ကျွန်တော်က အဲဒီဂျင်ဝိုင်းက ပြန်လာတဲ့လူတွေကို စောင့်ပြီး လိုက်ပို့တာဗျ။ တစ်ခါတလေမှာ ဂျင်နိုင်လာတဲ့လူတွေက မူးရူးနေတော့ ကျွန်တော် အလုပ်လုပ်လို့ရတာပေါ့ဗျာ။ ရထားပေါ်ကို တွဲတင်ပေးရင် နှိုက်ထားလိုက်တာပေါ့။ မနေ့က ညကတော့ ဂျင်ဝိုင်းက နည်းနည်းစောပြီး ပြီးသွားပုံရတယ်။ ကျွန်တော်ကတော့ လော်ပန်ကြီးတောင် ကားမောင်းပြီး ထွက်သွားပြီး အဲဒီမှာ ကိုမိုး တိုက်တံခါးကို ကပ်သွားတာ ကျွန်တော် တွေ့လိုက်တယ်။ ဒါနဲ့ ကျွန်တော်လည်း မှောင်ရိပ်မှာ ရထားရပ်ပြီး အခြေအနေကို စောင့်ကြည့်နေတာဗျ"

"မှောင်ကြီးထဲမှာ ငါမှန်း မင်းသိလို့လား"

"အစကတော့ မသိဘူးလေဗျာ။ နာရီဝက်လောက်ကြာတော့ ကိုမိုး ပြန်ထွက်လာပြီး ကျုံးကြီးလမ်းဘက်ကို ထွက်သွားတာ တွေ့တော့





ကျွန်တော်က နောက်ဖက် ခပ်လှမ်းလှမ်းကနေ ရထားကို မောင်းပြီးလိုက်လာတာ။ မီးတိုင်အောက်မှာ ကိုမိုးက နောက်ကို တစ်ချက်လှမ်းကြည့်လိုက်တယ် မဟုတ်လား။ ဒီတော့မှ ကိုမိုးမှန်း သိသွားတာ။ ကျွန်တော်တို့ သူခိုးတွေရဲ့ မျက်လုံးက ညဘက်ဆိုရင် ပိုပြီးကောင်းတာ ကိုမိုးလည်း သိသားပဲ။ ပထမတော့ ကျွန်တော် အရမ်းအံ့ဩသွားတယ်။ ကိုမိုးကို ကျွန်တော် သိဘာကက ကိုမိုးဟာ စပါးကုန်သည်တွေက လေးစားရတဲ့ ကုန်သည်တစ်ယောက်လို့လေ။ ကျွန်တော့်ကို ကိုမိုးက ဆက်မထိုးဖို့ ပြောတော့ အားလုံးက ရယ်လိုက်ပြီး ပုလိပ်လက်ကို အပ်လိုက်ကြတယ်။ အဲဒီတုန်းက ကိုမိုးသာမကယ်ရင် ကျွန်တော် သေသွားနိုင်တယ်"

"အေး ... ဒါနဲ့ နေပါဦး။ ပုလိပ်လက်ထဲ ရောက်တော့ မင်း ထောင်ကျရောလား"

ဟု ကျွန်ုပ်က ဖြတ်၍ မေးလိုက်လေရာ –

"ကျတာပေါ့ ကိုမိုးရဲ့။ ဒါပေမယ့် တစ်လတည်းပါ"

"ဩော် ... တော်သေးတာပေါ့။ ထောင်က လွတ်တော့ ဒါပဲ ဆက်လုပ်တာလား"

"ဒါပဲ လုပ်ရတာပေါ့ ကိုမိုးရဲ့။ သူခိုးအလုပ်ဆိုတာ ကျွန်တော်ရဲ့ အသက်မွေးဝမ်းကြောင်း အလုပ်ပဲမို့လား"

"ဒါထက် မင်း ငါ့ကို ဘယ်လို ထင်သလဲ။ အဲဒီတိုက်ထဲကို ငါ ဘာဝင်လုပ်တယ်လို့ ထင်သလဲ"

ဟု ကျွန်ုပ်က ထပ်ပြီးမေးလိုက်သောအခါ တက်ခေါင်က ပြုံးလိုက်ပြီးလျှင် –

"ကိုမိုးရာ တက်ခေါင်တို့က ကိုမိုးလို ပညာမတတ်လို့ နှိုက်စားနေရတာပေါ့ဗျာ။ ကိုမိုးလိုသာ သော့တွေကို အရာမထင်အောင် ဖွင့်တတ်လို့ကတော့ ဘာပြောကောင်းလိမ့်မလဲဗျာ။ ဒါပေမယ့် သူခိုး



www.burmeseclassic.com

www.burmeseclassic.com



တက်ခေါင်ဟာ လူညံ့တော့ မဟုတ်ဘူး ကိုမိုး။ ဒီမနက်ပဲ လမ်းမတော်ဘက်မှာ စုံစမ်းပြီးပြီ။ တရုတ်လော်ပန်က သူ့တိုက်ဖောက်ထွင်းခံရတာကို မနက် ကိုးနာရီလောက်မှ သိတယ်ဗျ။ ပုလိပ်ကို ချက်ချင်း တိုင်လိုက်လို့ ပုလိပ်တွေ အဲဒီတိုက်ရှေ့မှာ ခြေခြင်းကို လိမ်နေတာပဲ။ ရွှေတွေရော၊ ငွေတွေရော တော်တော်ကို ပါသွားတယ်လို့ လူတွေပြောနေကြတာ ကြားခဲ့တယ်ဗျ''

ကျွန်ုပ်လည်း တက်ခေါင်စကားကို ကြားသောအခါ မျက်လုံးပြူးသွားပြီး တက်ခေါင်ကိုလည်း လျှာ၍ မထွက်ရဲတော့ပေ။

''နေပါဦး တက်ခေါင်ရ။ မင်းက ငါ့ကို အကြပ်ကိုင်ပြီး ငွေညှစ်ချင်လို့လား။ ဒါဆိုလည်း ပွင့်ပွင့်လင်းလင်း ပြောလေကွာ''

ဟု ကျွန်ုပ်က ပြောလိုက်လေရာ –

''ဟာ . . . မဟုတ်ရပါဘူး ကိုမိုးရာ။ ကျွန်တော်က ငွေညှစ်ချင်လို့ ပြောနေတာ မဟုတ်ပါဘူးဗျ။ ကိုမိုးရဲ့ တပည့်ခံချင်လို့ ပြောနေတာပေါ့ဗျာ''

ဟု တက်ခေါင်က ပြောလေရာ ကျွန်ုပ်လည်း တွေသွားလေတော့၏။

''ဖြည်းဖြည်းစဉ်းစားပါဗျာ။ ဖြစ်နိုင်ရင် ကျွန်တော့်ကိုလည်း အဖြစ်လက်ခံပါ''

ဟုပြောရင်း တက်ခေါင်က ကြမ်းပြင်သို့ ဖျတ်ခနဲ ဆင်းကာ ဒူးထောက်လေ၏။

''ဟာ . . . ဟောကောင် တက်ခေါင် ထစမ်း။ မြန်မြန် လူမြင်ရင် တစ်မျိုး ထင်ကုန်လိမ့်မယ်။ ထစမ်း''

ဟု ကျွန်ုပ်က ခပ်ငေါက်ငေါက် ပြောလိုက်တော့မှ တက်ခေါင်လည်း ကုလားထိုင်တွင် ပြန်၍ ထိုင်လေ၏။ ပြီးမှ အကျိုးအကြောင်း





မေးကြည့်သောအခါ တက်ခေါင်သည် အိမ်ထောင်မရှိဘဲ ကြံသလို နေထိုင်စားသောက်နေရကြောင်းကို သိရလေ၏။ ကျွန်ုပ်လည်း မွေးစားမိဘများ မရှိတော့သည့်အခါ အိမ်တွင် တစ်ယောက်တည်း ဖြစ်သလို နေထိုင်စားသောက်နေရသည် ဖြစ်ရာ ဆေးပေးမီးယူ တပည့်တစ်ယောက်လောက် ရှိလျှင် ပို၍ကောင်းမည်ဟု တွေးမိသဖြင့် –

''အေး . . . တပည့်ခံတာတော့ လွယ်တယ် တက်ခေါင်။ ဒါပေမဲ့ ငါတို့အလုပ်တွေဟာ သစ္စာရှိဖို့ သိပ်လိုတယ်ဆိုတာကိုတော့ ငါပြောစရာလိုမယ် မထင်ပါဘူးလေ။ မင်းလည်း ညလူတစ်ယောက်ပဲ မဟုတ်လား''

''ဟုတ်ပါတယ် ကိုမိုးရာ။ ကျွန်တော်ကို ကိုမိုး တပည့်အဖြစ် လက်မခံခင်မှာ အမျိုးမျိုး စမ်းကြည့်နိုင်ပါတယ်၊ စိတ်ကျေနပ်မှ လက်ခံပါဗျာ''

ဟု တက်ခေါင်က ပြောလေရာ ကျွန်ုပ်လည်း ခေါင်းညိတ်ပြလိုက်ပြီးနောက် –

''အေးလေ . . . သစ္စာရှိရင် ပြီးတာပါပဲ၊ သစ္စာမရှိတော့လည်း မရှိသလိုပေါ့ကွာ။ မဟုတ်ဘူးလား''

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

''စိတ်ချပါဗျာ။ ကျွန်တော် သစ္စာမရှိတော့လည်း မရှိသလို စီရင်ပေါ့ဗျာ''

ဟု တက်ခေါင်က ပြောလိုက်လေ၏။ ထိုနေ့က ဟောင်ကောင်ပျော်ပွဲစားရုံတွင် တပျော်တပါး စားသောက်ကြပြီးလျှင် ကျွန်ုပ်လည်း တက်ခေါင်ကို တစ်ပါတည်း ခေါ်ဆောင်၍ အိမ်သို့ ပြန်ခဲ့လေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၇)

## ကန်တော်ကလေး အမေထွေး

ကျွန်ုပ်၏အိမ်သည် ခါတိုင်းကဲ့သို့ ခြောက်သွေ့မနေတော့ဘဲ စကားပြောဖော်တစ်ယောက် ရှိလာပြီဖြစ်သဖြင့် စိုစိုပြေပြေ ဖြစ်လာလေတော့၏။ သို့သော် ကျွန်ုပ်သည် ယခင်ကဲ့သို့ မဟုတ်တော့ဘဲ အနှောင်အဖွဲ့ကလေးတစ်ခု ရှိနေပြီဖြစ်လေ၏။ ကျောက်ဆေးရုံအနီးရှိ အိမ်မကြီးတစ်လုံးတွင် ဖွင့်ထားသော အမေထွေးထမင်းဆိုင်သည် မိဘများ မရှိသည့်အချိန်မှစ၍ ကျွန်ုပ် နေ့စဉ် ထမင်းစားနေကြဆိုင်တစ်ဆိုင် ဖြစ်လေ၏။

ကန်တော်ကလေး အမေထွေးဆိုလျှင် ရထားသမားများ တက္ကစီသမားများ အားလုံးသိကြသည့် ထမင်းဆိုင်ဖြစ်လေ၏။ အမေထွေး၏ အချက်အပြုတ်လက်ရာသည် အလွန်ကောင်းလှသည်ဖြစ်ရာ အနီးပြည့် စားပွဲခုံပြည့်နေသည်ချည်း ဖြစ်လေ၏။

အမေထွေးတွင် လွန်စွာမှ ချောမောလှပသော ပန်းနွယ်ဟုခေါ်သည့် တူမတစ်ယောက် ရှိနေသည့်အတွက်လည်း ထမင်းပို၍ ရောင်းကောင်းခြင်းလည်း ဖြစ်နိုင်လေ၏။





ကျွန်ုပ်၏ အသက်က သုံးဆယ်ခန့်ရှိပြီဖြစ်၍ ပန်းနွယ်၏ အသက်က နှစ်ဆယ်ခန့်သာ ရှိလေရာ ကျွန်ုပ်နှင့်ဆိုလျှင် အသက်ဆယ်နှစ်ခန့်ကွာလေ၏။ ပန်းနွယ်ကို ပိုးပန်းကြသော ယောကျ်ားများမှာ များပြားလှသည်ဖြစ်ရာ အဆင့်အတန်းလည်း အမျိုးမျိုးပါရှိလေ၏။

စာရေးစာချီများမှစ၍ ကုန်သည်များအဆုံး ရထားသမားပါမကျန်အောင် ပန်းနွယ်ကို ပိုးပန်းကြလေ၏။ ထိုသူများအထဲတွင် အမြဲတမ်း တည်တည်တံ့တံ့ နေတတ်သည်။ ကျွန်ုပ်ကိုမှ ရွေး၍ ပန်းနွယ်က မေတ္တာ တုန့်ပြန်ခဲ့လေ၏။

ကျွန်ုပ်နှင့် ပန်းနွယ်သည် သမီးရည်းစားဖြစ်၍ တစ်နှစ်ခန့်ပင်ရှိလာခဲ့လေတော့၏။ ကျွန်ုပ်တို့နှစ်ယောက်၏ သတင်းကို တစ်စတစ်စနှင့် ကြားသိလာကြသောအခါ ပန်းနွယ်အား ပိုးပန်းနေသူများသည် တဖြည်းဖြည်း ရှဲသွားကြလေ၏။

"ဆရာမိုးရော။ ပန်းနွယ် တကယ်လှတာဗျ။ ကျွန်တော် ဆရာနဲ့ဆိုရင်တော့ နေနဲ့လ၊ ရွှေနဲ့မြ ဆိုသလိုပါပဲဗျာ။ သိပ်တော့ အချိန်မဆွဲနဲ့ ဆရာမိုးရော။ မြန်မြန်သာ လက်ထပ်ဖို့ စီစဉ်ပါဗျာ"

ဟု တက်ခေါင်ကလည်း မကြာမကြာ တိုက်တွန်းတတ်လေ၏။

တစ်နေ့သ၌ ကျွန်ုပ်နှင့်တက်ခေါင်တို့ စိန်မိုက်ကယ်ကျောင်းကြီးအနီးတွင် လမ်းလျှောက်နေကြစဉ် ကျွန်ုပ်တို့၏ ရှေ့မှ လူသုံးယောက် ပိတ်၍ ရပ်လိုက်လေ၏။

"ကိုယ့်လူတို့ ဒါဘာလုပ်တာလဲ၊ ဘာသဘောလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေရာ -

"ဘာသဘောလဲဆိုတာ ပြီးရင် သိရမှာပါ။ မင်းတို့နှစ်ယောက်ထဲမှာ ကုန်သည်ကိုမိုးဆိုတာ ဘယ်ကောင်လဲဆိုတာ အရင်ပြော"

ဟု ခေါင်းဆောင်ပုံစံရှိသော လူက မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးဆိုတာ ငါပဲ။ ဘာကိစ္စရှိသလဲ ပြော"

ဟု ကျွန်ုပ်က ခပ်ဆပ်ဆပ် ပြန်၍ မေးလိုက်လေရာ –

"အေး … ပြောမယ်။ ထမင်းဆိုင်က အမေထွေးရဲ့ တူမ ပန်းနွယ်နဲ့ မင်းရဲ့ ရည်းစားဖြစ်နေကြတယ်ဆိုတာ ဟုတ်သလား"

"အောင်မယ် အဲဒါ မင်းတို့အကြောင်းပါသလား"

ဟု ကျွန်ုပ်က ခပ်မာမာ မေးလိုက်လေ၏။

"ပါတယ်ဟေ့ ပါတယ်၊ ငါတို့ ဆရာ စက်သူဌေးသား မောင်နန်း မြိုင်က ကလေးမလေးကို ကြိုက်နေတာ။ မကြာခင်မှာ စိန်တွေ ရွှေတွေ နဲ့ တင်တောင်းဖို့တောင် စဉ်းစားထားတယ်။ သူ့မိဘတွေကို ဖွင့်ပြောဖို့ အခွင့်အခါ စောင့်နေတာ။ မင်းက ကုန်သည်ယောင်ယောင်၊ ပွဲစားယောင် ယောင်နဲ့ ကလေးမလေးကို လှည့်ဖျားဖို့ ကြံမနေနဲ့။ အသက်ပါ ပါသွား မယ်"

"ဩော် … လက်စသတ်တော့ မင်းတို့က စက်သူဌေးသား အမျိုးယုတ်ကောင် ငှားထားတဲ့ လူမိုက်တွေကိုး။ ကဲ … စမ်းကြည့်ကြ လေကွာ"

ဟု ကျွန်ုပ်က ပြောလိုက်လေရာ လူမိုက်သုံးယောက်လည်း ကျွန်ုပ်တို့နှစ်ယောက်ကို ဝင်၍ တိုက်ခိုက်ကြလေတော့၏။

ကျွန်ုပ်တို့ ထိုးသော လက်သီးချက်များသည် သူတို့၏ မျက်နှာ များသို့ ထိကာ သူတို့ထိုးသော လက်သီးချက်များကလည်း ကျွန်ုပ်တို့အား ထိလေ၏။ ခဏကြာသောအခါ တက်ခေါင်သည် နောက်သို့ ခြေနှင့် လှမ်းခန့် ဆုတ်သွားပြီးလျှင် လူမိုက်တစ်ယောက်၏ အရှိက်သို့ ပြေး၍ ကန်လေ၏။

"အင့်"





ဟူသော အသံနှင့်အတူ တက်ခေါင်၏ ခြေကန်ချက်မိသွားသော လူမိုက်သည် ခွေကျသွားလေတော့၏။

ကျွန်ုပ်ကလည်း လူမိုက်တစ်ယောက်၏ မေးရိုးကို လက်သီးနှင့် ကောက်၍ ထိုးသတ်လိုက်ရာ –

"ခွပ်"ခနဲ မြည်၍ နောက်သို့လန်ကျသွားလေတော့၏။ ထိုအချိန် တွင် တက်ခေါင်သည် ကျန်လူမိုက်၏ ငယ်ပါကို ခြေထောက်နှင့် ဆတ်ခနဲ ဆော်လိုက်လေရာ –

"အား"

ဟူသော အော်သံနှင့်အတူ ဒူးထောက်ကျသွားလေ၏။

"ဟေ့ကောင်တွေ မင်းတို့သခင် နေန်းမြိုင်ကို ပြောလိုက်၊ ကိုမိုးဆိုတဲ့ လူက လူဖျင်းလူအ မဟုတ်ဘူးလို့၊ နောက်ထပ် ကြိုက် သလောက် စမ်းလို့ရတယ်လို့။ သေသေချာချာ ပြောလိုက် ကြားလား"

ဟု ကျွန်ုပ်က ပြောကာ လှည့်ထွက်လာခဲ့ကြလေ၏။ လူမိုက် သုံးယောက်လည်း ယိုင်တိယိုင်ထိုးနှင့် ထကာ ထွက်သွားကြလေတော့ ၏။

ကျွန်ုပ်တို့နှစ်ယောက်လည်း ထိုညက အမေထွေးဆိုင်သို့ ညစာ စားရန် မရောက်တော့ဘဲ အိမ်သို့ တန်းပြန်လာကာ မျက်နှာမှာ ဒဏ်ရာ များကို ရေနွေးဖတ် ကပ်ရလေတော့၏။

သို့သော် မိုးချုပ်စအချိန်တွင် ပန်းနွယ်သည် ကျွန်ုပ်တို့ အိမ်သို့ ရောက်လာလေတော့၏။

"ကိုမိုးတို့ အရိုက်ခံရတယ်ဆို"

ဟု ပြာပြာသလဲ မေးလေ၏။ ဝင်းဝါနေသော အသားနှင့် တောင့်စင်းနေသော နှာတံကလေးသည် မြင်သူတကာကို ငေးကြည့်စေ



www.burmeseclassic.com

www.burmeseclassic.com



သည့်အပြင် မျက်ဝန်းနက်နက်ကလေးနှင့် နှင်းဆီဖူးကဲ့သို့ ဖူးဖူးငုံငုံ နှုတ်ခမ်းကလေးများကလည်း မြင်ရသူတိုင်းကို စွဲမက်စေလေ၏။

ကျော့ရှင်းသော ကိုယ်လုံးကလေးသည် ပန်းပုဆရာတစ်ယောက် စိတ်တိုင်းကျ ထုဆစ်ထားသော ပန်းပုလက်ရာသဖွယ် လှချင်တိုင်းလှနေသော ပန်းနွယ်ကို ရယူပိုင်ဆိုင်ချင်ကြသည်မှာလည်း အပစ်မဆိုသာပေ။

"ပန်းနွယ် ဘယ်လိုသိလာတာလဲ"

ဟု ကျွန်ုပ်က မေးလိုက်သောအခါ –

"ဆိုင်မှာ ထမင်းလာစားတဲ့ စာရေးကိုဘဖူး ပြောလို့ သိတာ ကိုမိုးရဲ့။ ဟင် . . . မျက်နှာမှာလည်း ဖူးလို့ပါလား။ အလို . . . ကိုတက်ခေါင်လည်း ဖူးရောင်နေပါလား"

ဟု ပန်းနွယ်က စိုးရိမ်တကြီး ပြောလေ၏။

"ကျွန်တော် နေသာပါတယ် မပန်းနွယ်ရဲ့။ ဆရာမိုးကိုသာ ရေနွေးဖတ်ကလေး ကပ်ပေးရင် ကောင်းမယ်ဗျ"

ဟု တက်ခေါင်ကပါ ခပ်ပင့်ပင့်ကလေး ပြောလိုက်လေသဖြင့် ပန်းနွယ်သည် ကျွန်ုပ်၏ ဘေးတွင် ကြုံ့ကြုံ့ကလေးထိုင်ကာ ကျွန်ုပ်၏ မျက်နှာအား ရေနွေးဖတ်ကလေးဖြင့် ဖွဖွကလေး ကပ်ပေးလေ၏။

ကျွန်ုပ်၏ တစ်သက်တွင် ထိုသို့ ယုယမှုမျိုးကို တစ်ခါမှ မခံရဖူးသဖြင့် ရင်ထဲတွင် အတိုင်းမသိ ကြည်နူးဝမ်းသာမိလေ၏။

"ဘယ်လိုကနေ စဖြစ်တာလဲ ကိုတက်ခေါင်ရယ်"

ဟု ပန်းနွယ်က မေးသောအခါ –

"ဘယ်လိုဖြစ်ရမလဲ မပန်းနွယ်ရယ်။ မပန်းနွယ်ကို လာလာပြီး ရိသဲ့သဲ့ လုပ်နေတဲ့ နန်းမြိုင်ပေါ့ဗျာ။ လူမိုက်တွေ ငှားပြီး ခြိမ်းခြောက်ခိုင်းတာလေ။ ကိုမိုးက မပန်းနွယ်နဲ့ ကိစ္စမှာ နောက်ဆုတ်ပေးဖို့ပေါ့ဗျာ"

ဟု တက်ခေါင်က ရှင်းပြလေ၏။





"အို . . . ဖြစ်မှဖြစ်ရလေ ကိုမိုးရယ်။ လက်စသတ်တော့ ပန်းနွယ်ကြောင့် ဖြစ်တာကိုး"

ဟု ပန်းနွယ်က ဝမ်းနည်းသံကလေးနှင့် ပြောလေ၏။

"ကျွန်တော်တို့နှစ်ယောက် ပြန်ထိုးလိုက်တာလည်း အဲဒီလူမိုက် သုံးယောက် ခွေပြီး ကျန်ရစ်ခဲ့တာပဲ မပန်းနွယ်ရဲ့"

"ဩော် . . . တော်သေးတာပေါ့။ နိုင်အောင် ထိုးနိုင်ခဲ့ကြပေလို့ပေါ့။ နို့မဟုတ်ရင် ဘယ်အထိတောင် အနိုင်ကျင့်ကြမယ် မသိဘူးနော်"

"ကိစ္စ မရှိပါဘူး ပန်းနွယ်ရယ်။ ပန်းနွယ်အတွက် ဖြစ်ရတာကို ကိုမိုး ဂုဏ်ယူပါတယ်။ သုံးယောက်မဟုတ်ဘူး။ သုံးဆယ်လာပါစေ။ ကိုမိုး ရင်ဆိုင်မှာပါ"

ဟု ကျွန်ုပ်က ပြောလိုက်လေရာ –

"ဒီလိုလည်း ဘယ်ဟုတ်မလဲ ကိုမိုးရဲ့။ ဒီနန်းမြိုင်ဆိုတဲ့ လူလာပါစေဦး။ ခွေးပြောသလိုကို ပြောလွှတ်လိုက်မယ်"

ဟု ပန်းနွယ်က ဒေါသသံကလေးနှင့် ပြောလေ၏။ ကျွန်ုပ်လည်း ရေနွေးဖတ်ကပ်ပေးနေသော ပန်းနွယ်၏ လက်ကလေးကို ဆုတ်ကာ

"တော်ပါပြီ ပန်းနွယ်ရယ်။ ကိုမိုး နေသာသွားပါပြီ။ ကိုမိုးလည်း ပန်းနွယ်ကို သိပ်မကြာခင်မှာ လက်ထပ်မှ ဖြစ်မယ် ထင်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ပန်းနွယ်သည် မျက်နှာတွင် ရှက်သွေးကလေး ဖြာသွားကာ ခေါင်းကလေး ငုံ့၍ –

"ကိုမိုး သဘောပါ ကိုမိုးရယ်"

ဟု တိုးတိုးကလေး ပြောလေ၏။ ပန်းနွယ်က တိုးတိုးကလေး ပြောလိုက်သော်လည်း ကျွန်ုပ်၏ ရင်ထဲတွင်တော့ ပဲ့တင်ထပ်၍ ကျန်နေသတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပန်းနွယ် မိုးချုပ်နေပြီ။ ကိုမိုးနဲ့တက်ခေါင် လိုက်ပို့မယ်"

ဟု ပြောကာ ကျွန်ုပ်နှင့် တက်ခေါင်က ပန်းနွယ်ကို အမေထွေးဆီကို အရောက်ပြန်ပို့ ပေးကြလေ၏။ ထိုသတင်းကို ကြားသော အမေထွေးကလည်း စိတ်မကောင်း ဖြစ်သွားကာ –

"မောင်မိုးရယ် နင်တို့နှစ်ယောက် မြန်မြန်သာ လက်ထပ်လိုက်ကြပါတော့ဟယ်။ ကြာလေ ငါ့တူမမှာ ရန်များလေဖြစ်တော့မှာကို ငါ စိုးရိမ်မိတယ်ကွယ်"

ဟု ပြောလေ၏။

"ကျွန်တော် စီစဉ်ပါ့မယ် အမေထွေး။ ဒီတစ်ခါ အရောင်းအဝယ်ကလေး ကောင်းလို့ လက်ထဲမှာ ငွေစကလေး ရှင်တဲ့အချိန်မှာ ကျွန်တော် ပန်းနွယ်ကို တင့်တောင်းတင့်တယ် လက်ထပ်ယူပါ့မယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေရာ –

"အေး ... အေး ... ကောင်းတယ် ကောင်းတယ်။ ကြိုးစားကွယ် ... ကြိုးစား ဝမ်းသာပါတယ်"

ဟု အမေထွေးက ပြောလိုက်လေ၏။ ကျွန်ုပ်နှင့် တက်ခေါင်လည်း အမေထွေးအား နှုတ်ဆက်၍ ပြန်ခဲ့ကြလေတော့၏။

■

(၈)

## သုံးယောက်ပေါင်းသည့်ပွဲ

သူဌေးသားနန်းမြိုင်မှ လူမိုက်ငှား၍ ကျွန်ုပ်အား ရိုက်နှက်ခိုင်းသည့် ကိစ္စဖြစ်ပြီးသောအချိန်မှစကာ ကျွန်ုပ်သည် ပန်းနွယ်ကို မြန်မြန်လက်ထပ်နိုင်ရန် ဆုံးဖြတ်လိုက်လေတော့၏။

ပန်းနွယ်ကို လက်ထပ်ပြီးလျှင် ဖောက်ထွင်းသည့် အလုပ်ကို ကျွန်ုပ် မလုပ်လိုတော့ပါ။ သို့အတွက်ကြောင့် ပန်းနွယ်နှင့် လက်မထပ်မီတွင် နောက်ဆုံးအနေနှင့် မိမိရရ အချက်ပိုင်ပိုင် ဖောက်ထွင်းခြင်း ပြုလိုသည့်ဆန္ဒသည် ကျွန်ုပ်၏ စိတ်ထဲတွင် ပြင်းပြလျက်ရှိလေ၏။

ပန်းနွယ်ကို တင့်တောင့်တင့်တယ် မင်္ဂလာဆောင်ယူရန် ငွေကြေးဥစ္စာများ ကျွန်ုပ်ထံတွင် အလုံအလောက်ရှိလေ၏။ ဖခင်ကြီး လက်ထက်မှ ကျန်ရစ်ခဲ့သော ရွှေထည်၊ စိန်ထည်များအပြင် ကျွန်ုပ် ဖောက်ထွင်းခဲ့သော ရွှေထည်၊ စိန်ထည်များလည်း အတော်များများ ရှိနေလေ၏။ သို့သော် ဖခင်ကြီး သင်ပေးခဲ့သော ပိတ်ဆို့သည့်အရာ မှန်သမျှကို ဖွင့်စေနိုင်သည့် သော့ဝိဇ္ဇာအတတ်ကို လက်မထပ်မီ နောက်ဆုံးအစွမ်းပြလိုသေးသော ဆန္ဒကြောင့်သာ ပန်းနွယ်ကို လက်မထပ်သေးဘဲ အချိန်ဆွဲထားခဲ့ခြင်း ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ စိတ်ကူးမှာ တစ်ကြိမ်မျှ မိမိရရ ဖောက်ထွင်းပြီးလျှင် တက်ခေါင်ကိုလည်း ရင်းနှီးစားသောက်နိုင်လောက်သော ငွေကြေးကို ပေးသည့်အပြင် သူ့အလွန်တတ်မြောက်ချင်နေသော သော့ဝိဇ္ဇာအတတ်ကိုပါ သင်ကြားပေးလိုက်ကာ ကျွန်ုပ်နှင့် လမ်းခွဲလိုက်ရန် ဖြစ်လေ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်နှင့် ပန်းနွယ် လက်ထပ်ပြီးသော အခါ တက်ခေါင်ပါ အတူတူနေရန် မသင့်တော်သည့်အပြင် ကျွန်ုပ်လည်း ဖောက်ထွင်းသည့် အလုပ်ကို ဘယ်သောအခါမျှ လုပ်တော့မည် မဟုတ်သဖြင့် တက်ခေါင်ကို ခေါ်ထားရန် အကြောင်းမရှိတော့သောကြောင့် ဖြစ်လေ၏။

ထို့ကြောင့်ပင် ကျွန်ုပ်သည် အမြန်ဆုံး သတင်းထောက်လှမ်း ရှာဖွေရလေ၏။ အလုပ်လုပ်ရန် အကောင်းဆုံးဖြစ်မည့် အနေအထားကို ရှာဖွေရလေတော့၏။ ထိုသို့ မနားမနေရှာဖွေလိုက်သောအခါ အလွန် အဖိုးတန်သော သတင်းတစ်ခုသည် ကျွန်ုပ်ထံသို့ ရောက်လာခဲ့လေတော့၏။

ကျွန်ုပ်လည်း သေချာအောင် စုံစမ်းရန် အထပ်ထပ် လေ့လာ သုံးသပ်ပြီးသောအခါ တက်ခေါင်ကို ကျွန်ုပ်၏ အစီအစဉ်အား ပြောပြလေတော့၏။

ထိုနေ့က ကျွန်ုပ်သည် ကမ်းနားလမ်းရှိ စထရင်းဟိုတယ်သို့ တက်ခေါင်ကို ခေါ်သွားကာ စားကောင်းသောက်ဖွယ်များကို မှာယူစားသောက်ရင်း စကားပြောရလေ၏။

"ဆရာမိုး ကျွန်တော့်ကို ဒီနေရာခေါ်လာတာကတော့ အရေးတကြီး ပြောစရာတစ်ခုခု ရှိနေပုံရတယ်"

ဟု တက်ခေါင်က စကားကို စလေရာ –





"အေး ... ဟုတ်တယ် တက်ခေါင်။ အင်မတန်ကို အရေးကြီးတဲ့ အကြောင်းကိစ္စတွေ ပြောမလို့ပဲ"

"ဟုတ်ကဲ့ ပြောပါ ဆရာ။ ကျွန်တော် နားထောင်ဖို့ အဆင်သင့်ပါပဲ"

ဟု တက်ခေါင်က ပြောလျှင် ကျွန်ုပ်သည် ဝီစကီကို နည်းနည်းချင်း သောက်၍ စထရင်းဟိုတယ်မှ နာမည်ကျော် အစားအသောက်များကို အရသာခံ စားသောက်လေ၏။

"ကဲ ... သောက်ကွာ တက်ခေါင်။ စားရင်း သောက်ရင်း ဖြည်းဖြည်း ပြောကြတာပေါ့ကွာ။ ကဲ ... စား၊ ငါ့ကို ဘာမှအားမနာနဲ့"

ဟု ကျွန်ုပ်က ပြောပြောဆိုဆို ဂလေစီယာစီးကရက်ကို မီးညှိဖွာရှိုက်လိုက်လေ၏။

"ဒီလိုကွ တက်ခေါင်ရဲ့။ တို့နိုင်ငံမှာ အရှင်နှစ်ပါးပါတော်မူတဲ့ အခါကျတော့ ကာနယ်စလေဒင်ဆိုတဲ့ အင်္ဂလိပ်စစ်ဗိုလ်က စစ်နိုင်သူတို့ရဲ့ ထုံးစံအတိုင်း ထင်တိုင်းကြဲခဲ့တာတွေ ရှိခဲ့တယ်ကွ။ ကုန်းဘောင်ဆက် တစ်လျှောက်လုံး အစဉ်အဆက် ထိန်းသိမ်းခဲ့တဲ့ နန်းစဉ်ရတနာတွေက တန်ဖိုးမဖြတ်နိုင်အောင် ရှိခဲ့တာကွ။

ကာနယ်စလေဒင်က အဲဒီရတနာတွေကို စာရင်းဇယားပြုပြီး သိမ်းတဲ့ဟာ သိမ်းသလို၊ စာရင်းပျောက် အင်းပျောက် သိမ်းခဲ့တာတွေလည်း သိမ်းခဲ့တာတွေလည်း ရှိတယ်ကွ။ စာရင်းထဲမှာ မပါဘဲ ပျောက်နေတဲ့ ရတနာပစ္စည်းတွေအစား ထိုးထည့်ထားတဲ့ ရတနာပစ္စည်းတွေလည်း မနည်းဘူးပေါ့ကွာ"

ဟု ကျွန်ုပ်က ပြောပြလိုက်ရာ –

"ဟာ ... စလေဒင်ကြီးတော့ သူဌေး ဖြစ်သွားမှာပေါ့နော် ဆိုမိုး"



www.burmeseclassic.com

www.burmeseclassic.com



ဟု တက်ခေါင်က မေးလေ၏။ ကျွန်ုပ်လည်း ဝီစကီအရှိန်ကလေးနှင့် စကားပြော၍ ကောင်းလာပြီဖြစ်ရာ စကားကို အမျှင်မပြတ် ပြောချင်လာလေတော့၏။

"ဘယ့်နှယ် ပြောပါလိမ့် တက်ခေါင်ရာ သုဝဏ္ဏမှ သုဝဏ္ဏအကြီးစားကို ဖြစ်မှာပေါ့ကွာ"

"နို့ ... နေပါဦး ကိုမိုးရဲ့။ ဒီအကြောင်းတွေကို ဆရာမိုး ဘယ်ကနေ ဘယ်လိုသိလာတာလဲ"

"ဟကောင် တက်ခေါင်ရဲ့။ ငါက ကုန်သည်လေကွာ။ ကုန်သည်လောကမှာက စာတတ်ပေတတ်တွေ တပုံကြီးကွ။ သူတို့ဆီကတစ်ဆင့်ကြားရ သိရတာတွေပေါ့ကွာ"

"ဩော် ... ဒီလိုကိုး"

ဟု တက်ခေါင်က ပြောလေ၏။ ကျွန်ုပ်လည်း ဝီစကီကလေးကို နှစ်ကြိုက်လောက် ဆက်၍ မော့လိုက်ပြီးမှ –

"ငမောက်ကြီး၊ ငမောက်ကလေး၊ လှော်ကားတင်ကြီး၊ လှော်ကားတင်လေး၊ ဆင်မတော်ကျောက်၊ စံတော်ကျောက်၊ နဂါးမိုလ်ကျောက်ကြီးကျောက်ဆိုတဲ့ ပတ္တမြားတွေကို စာရင်းနဲ့ အသိသက်သေနဲ့ သိမ်းတာပေါ့။ ဒါပေမယ့် ကောင်းလွန်းလို့ စံထားရလောက်တဲ့ စံတော်ကျောက်လို့ ခေါ်တဲ့ ပတ္တမြားကြီးကိုတော့ အစားထိုးထည့်ပေးလိုက်တယ်၊ အစစ်ကတော့ ပျောက်သွားတာပေါ့ကွာ"

"ဟာ ... စလေဒင် တော်တော်လူလည်ကျပါလား ဆရာမိုးရာ"

ဟု တက်ခေါင်က မကျေမနပ်ဖြင့် ပြောလေ၏။

"စလေဒင်ကြီး လူလည်ကျတာတော့ ဟုတ်ချင်မှ ဟုတ်မယ်ကွ။ လူလည်ကျတာတော့ ပုတ်ချင်မှ ပုတ်မယ်ကွ။ စလေဒင်ကြီးထက် ပိုပြီး





လည်တဲ့ အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်ယောက်က လဲယူလိုက်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ကွာ"

"နို့ ... နေပါဦး ဆရာမိုးရဲ့၊ ဒီလောက်အတွင်းကျတဲ့ ကိစ္စကို ဆရာမိုး ဘယ်လိုများ သိလာတာလဲဗျ"

"ဟကောင် တက်ခေါင်ရဲ့၊ လူဆိုတာ နားနဲ့ မျက်စိနဲ့ ပါးစပ်နဲ့ကွ။ ဟောဒီနားက နားထောင်ရတယ်။ ဒီတော့ ကြားသင့်တာတွေ ကြည့်တာပေါ့ကွ။ ဟောဒီ မျက်စိက ကြည့်ရတယ်၊ ဒီတော့ မြင်သင့်တာတွေ မြင်ရတာပေါ့ကွ။ ဟောဒီပါးစပ်ကလည်း မေးရတယ်ကွ။ ဒီတော့မှ ပြောသင့်တာတွေကို ပြောသင့်တာတွေကို ပြောကြတာပေါ့ကွ"

"ဩော် ... ဒါဆိုရင် ဆရာမိုး၊ ပါးစပ်နဲ့ မေးပြီးနားနဲ့ နားထောင်လာတာပေါ့ ဟုတ်စ"

"ဒါပေါ့ကွ တက်ခေါင်ရဲ့"ပြီးမှ ကျွန်ုပ်က ဆက်၍ ပြောပြလေ၏။

"အေး ... အဲဒီပစ္စည်းတွေ အိန္ဒိယကို ရောက်သွားတော့ အိန္ဒိယ ဘုရင်ခံက သိမ်းယူလက်ခံရတယ်။ အဲဒီမှာ ဘုရင်ခံရဲ့ အတွင်းတော်ကနေ ဒီသတင်း ပေါက်ကြားလာတာပေါ့ကွာ"

"အင်း ... ဆက်ပါဦးဆရာမိုးရာ။ တော်တော်ကို စိတ်ဝင်စားဖို့ ကောင်းတာပဲဗျာ"

"အေး ... နောက်ပိုင်းရောက်ရင် ဒါထက်ကို စိတ်ဝင်စားဖို့ ကောင်းလာလိမ့်မယ်ကွ၊ အေး ... အဲဒီစံတော်ပတ္တမြားကြီးဟာ အလေးချိန်က ၈ ရတီရှိသတဲ့ဗျား။ အိန္ဒိယကို စံတော်ကျောက်အဖြစ်နဲ့ ပါသွားတဲ့ ပတ္တမြားက အလေးချိန် ၆ ရတီပဲ ရှိတယ်တဲ့ကွ"

"ဟာ ... ဒါဆိုရင် လဲလိုက်တာ သေချာတာပေါ့ဗျာ"

"အို ... တက်ခေါင်ကလည်း လဲလိုက်ပါတယ်ဆိုမှကွ။ အေး ... အဲဒီစံတော်ပတ္တမြားကြီးဟာ တစ်ဆင့်ပြီးတစ်ဆင့် လက်ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



လာလိုက်တာ။ အခုတော့ ဝင်ဒါမီယာလမ်း(သံလွင်လမ်း) မှာနေတဲ့ ပြင်သစ်ရေတနာကုန်သည်ကြီးတစ်ယောက်ဆီကို ရောက်နေတယ်ကွ။ အဲဒီ ပြင်သစ်ကြီးက စံတော်ပတ္တမြားကြီးမှန်းသိတော့ ပြန်ပြီး မရောင်းတော့ဘဲ သူ့ကိုယ်နဲ့မကွာ သိမ်းထားသတဲ့ မောင်ရဲ့"

"အလို ... တော်တော်ကို တန်မှာပဲ ဆရာမိုးရာ"

"တန်မှာပေါ့ကွာ။ အဲဒါကို ငါရအောင်ယူဖို့ ဆုံးဖြတ်လိုက်ပြီ တက်ခေါင်ရေ"

"ဗျာ"

"မဗျာနဲ့။ ငါက ပိုင်မှ ဆုံးဖြတ်တာ၊ အနေအထားတွေကို လေ့လာနေတာ နှစ်လလောက်တောင် ရှိပြီကွ။ အခုတော့ အိမ်ဝင်အိမ်ထွက်တွေကို အားလုံးသိပြီပေါ့ကွာ"

"ဟာ ... သေချာမှ လုပ်ပါဗျာ။ ဆရာမိုး စိတ်ကူးက ကြားရတာတောင် အသည်းယားစရာပဲဗျာ"

"ဟ ... တက်ခေါင်ရ။ အဲဒါစိတ်ကူး မဟုတ်ဘူးကွ။ ပလန်လို့ခေါ်တယ်။ ပလန်လိုတာက အစီအစဉ်ကွ။ စိတ်ကူးဆိုတာ အင်းမေ့ချင် ရှိတာ၊ ပလန်က အများကြီး အဆင့်မြင့်တာပေါ့ကွာ"

ဟု ကျွန်ုပ်က ပြောလိုက်လေရာ -

"ဟာ ... ဆရာမိုးက ဗဟုသုတတင် စုံတာမှ မဟုတ်တာ အင်္ဂလိပ်လိုလည်း အတော်ကလေး နှံ့စပ်တာကိုးဗျ"

ဟု တက်ခေါင်က ကျွန်ုပ်ကို ချီးမွမ်းလေ၏။

"ဟကောင် တက်ခေါင် ငါက နှယ်နှယ်ရရကောင် မဟုတ်ဘူးကွ။ လူပုံတော်ဆရာမွေးရဲ့ လက်ရင်းတပည့် ဆယ့်တစ်ယောက်ထဲမှာပါတဲ့ကောင်ကွ"





"သြော် ... လူပုံတော်ဆရာမွေး ကျောင်းဆိုတာ ကျွန်တော် ကြားဖူးတယ်ဗျ။ ဆရာမွေးဆိုတာ အတော်ကလေး တော်တဲ့ ဆရာလို့ ပြောကြတယ်ဗျ"

"တော်တာပေါ့ တက်ခေါင်ရာ ပါဠိစာပေ၊ လောကဓာတ်စာပေ တွင်မကဘဲ ဘိုစာပါ သင်ပေးနိုင်တဲ့ ဆရာကွ"

"ဆရာမိုးက ဒါကြောင့် တော်နေတာကိုး။ အေးပေါ့ဗျာ။ ဆရာကောင်းတပည့် ပန်းကောင်းပန်လို့ ဆိုထားသမို့လား"

ဟု တက်ခေါင်က ပြောလိုက်ပြီးလျှင် -

"အေး ... အဲဒီကိစ္စကို လုပ်ဖို့က ငါတစ်ယောက်တည်း မဖြစ်ဖူးကွ။ မင်းပါ လိုက်ရလိမ့်မယ်"

"ဟာ ... ဆရာမိုးရာ အဆင်သင့်ပါဗျာ။ ဆရာတပည့်က ဆရာနဲ့သာဆိုရင် တိမ်ပေါ်ပဲ တက်ရတက်ရပါဗျာ"

"အေး ... ဟုတ်ပြီကွယ့်။ ဒါပေမယ့် ငါက နောက်တစ်ယောက် လိုချင်သေးတယ် တက်ခေါင်ရဲ့။ လူနှစ်ရပ်လောက် မြင့်တဲ့ ဝင်းတံတိုင်းကို ကြိုးပစ်ပြီး တက်ရမှာဆိုတော့ တံတိုင်းအပြင်ကနေ လူသူ အရိပ်အခြေကို ကြည့်ဖို့နဲ့ ကြိုးစောင့်ပေးဖို့ တစ်ယောက် လိုချင်တယ်။ မင်းမှာ သစ္စာရှိမယ့်သူ တစ်ယောက်လောက် မရှိဘူးလားကွယ့်"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။ ကျွန်ုပ်က ထိုသို့ မေးလိုက်သော အခါ တက်ခေါင်သည် ခေတ္တမျှတွေ၍ စဉ်းစားနေပြီးမှ -

"ဟာ ... ရှိတာပေါ့ ဆရာမိုးရဲ့၊ ခွေးညိုဆိုတဲ့ သူခိုးတစ်ယောက် ရှိတယ်။ ဒီကောင်နဲ့ ကျွန်တော် နှစ်ခါလောက် တွဲပြီး အလုပ်လုပ်ဖူးတယ်ဗျ။ လွတ်သစ္စာရှိတဲ့ ကောင်ဗျာ။ သတ္တိကလည်း ရှိလိုက်တာဟာ လွန်ပါရောဗျာ။ တိုက်ရဲခိုက်ရဲတဲ့ စိတ်ကတော့ အပြည့်ပဲဗျို့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒါဆိုရင် ငါ တွေ့ချင်တယ်ကွာ။ ခွေးညိုကို ငါ့ဆီ ခေါ်ခဲ့ပေတော့။ ဒါပေမယ့် ဘာမှတော့ မင်းကြိုပြောမလာနဲ့။ အခြေအနေကြည့်ပြီးမှ ငါ့ဟာ ငါပြောမယ်။ ပြီးတော့ အိမ်ကိုလည်း ခေါ်မလာနဲ့။ ငါတို့ ဘယ်မှာနေတယ်ဆိုတာ ဘယ်သူ့ကိုမှ မပြောနဲ့။ အလုပ်ရုံနားက ပီးပဲရက်စတောရင့်ကိုသာ ခေါ်ခဲ့ကြားလား တက်ခေါင်"

"ဟုတ်ကဲ့ စိတ်ချပါ ဆရာမိုး။ ကျွန်တော် တစ်ရက် နှစ်ရက် အတွင်း ခွေးညိုကို တွေ့အောင် ရှာခဲ့ပါ့မယ်"

ဟု တက်ခေါင်က ပြောလေရာ ကျွန်ုပ်လည်း ခေါင်းညိတ်ပြလိုက်ပြီးလျှင် နှစ်ယောက်သား ဝီစကီ သောက်လိုက် အစားအသောက်များ စားလိုက်နှင့် အတော်ကလေး မိုးချုပ်မှ အိမ်သို့ ပြန်ခဲ့ကြလေတော့၏။

နောက်နှစ်ရက်ကြာသောအခါ တက်ခေါင်သည် သူ့သူငယ်ချင်း ခွေးညိုကို တွေ့လာသဖြင့် ကျွန်ုပ်ထံသို့ ခေါ်လာခဲ့လေ၏။ ကျွန်ုပ်လည်း ပီးပဲရက်စတောရင့်မှ စောင့်ကာ သူတို့နှစ်ယောက်ကို တွေ့ဆုံခဲ့လေ၏။

"ကဲ ... ခွေးညို၊ မင်းရဲ့ သတ္တိ ဗျတ္တိရှိပုံကိုတော့ မင်းသူငယ်ချင်း တက်ခေါင် ပြောထားလို့ သိသင့်သလောက် သိပြီးပြီပေါ့ကွာ။ ကဲ မိတ်ဖြစ် ဆွေဖြစ် သဘောပေါ့ကွာ။ ဘီယာသောက် ဘဲကင်စားကွာ"

ဟု ကျွန်ုပ်က ပြောလိုက်လေရာ ခွေးညိုက ကျွန်ုပ်အား ရှိန့်သေသေပင် ခေါင်းညိတ်ပြလေ၏။ ကျွန်ုပ်လည်း အလာပသလာပ ပြောရင်း ခွေးညို၏ စားသောက်နေထိုင်ပုံကို မသိမသာ အကဲခတ်ကြည့်လေ၏။ ခွေးညိုသည် အရပ်ပုပြတ်ပြတ်နှင့် မေးဦးထောင်ကျကျက ပုံစံရှိသည်။ အပြင်မျက်လုံးနက်နက်၊ နှုတ်ခမ်းပိပိရိရိ ရှိလေရာ သစ္စာရှိသည့်အပြင် သတ္တိပါရှိလိမ့်မည်ကို ကျွန်ုပ် အကဲခတ်မိလေ၏။ တက်ခေါင် ပြောသော စကားများမှာ မှန်ပေသည်ဟု ကျွန်ုပ်တွေးလိုက်မိလေ၏။

"ကဲ ... ခွေးညို၊ ငါ့နာမည်က ကိုမိုးတဲ့"





ဟု ကျွန်ုပ်က စကားစလိုက်လေရာ –

"ဟုတ်ကဲ့ပါ ဆရာမိုး၊ တက်ခေါင် ပြောထားလို့ ဆရာမိုး နာမည်ကိုတော့ သိရပါပြီ။ ခေါင်သော ကိစ္စကိုသာ အမိန့်ရှိပါ ခင်ဗျာ"

ဟု ခွေးညိုက ပြောလေရာ သူခိုးပေမယ့် ယဉ်ကျေးပေသားပဲ ဟု ကျွန်ုပ်က တွေးလိုက်မိလေ၏။

"ဒီလို ခွေးညိုရဲ့။ ငါ အလုပ်ကြီးကြီးတစ်ခု လုပ်မလို့ကွ။ ပြင်သစ်ကြီးတစ်ယောက်ရဲ့ ခြံဝင်းကြီးဆီကို ဝင်ပြီး အိမ်ဖောက်ရမယ်။ အစောင့်တွေရော ခွေးကြီးတွေပါ ရှိတယ်။ အသက်တောင် စွန့်ချင်စွန့်ရမယ်။ ဒါပေမယ့် ရမယ့် အကျိုးအမြတ်ကလည်း နည်းလိမ့်မယ်တော့ မဟုတ်ဘူးကွယ့်။ မင်းအတွက် ငါးသောင်းလောက်တောင် ရနိုင်ပေမယ်"

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ –

"ဗျာ ... ဒီလောက်တောင် ရနိုင်ပေတယ် ဟုတ်စ"

"ဟုတ်ပေတယ် မောင်။ ဒါပေမဲ့ စွန့်စားရမှာတော့ မလွဲကေန်ပဲကွယ့်"

"အို ... ဆရာမိုးရယ်၊ စွန့်စားတယ်ဆိုတာ ယောကျ်ားတွေအတွက် ဆန်းပြားလှတယ် မဟုတ်ပါဘူးဗျာ" ဟု ခွေးညိုက ပြောလေရာ ကျွန်ုပ်လည်း သဘောကျသွားလေတော့၏။

"ကဲ ... ဒါဆိုရင် အခုလာမယ့် လကွယ်နေ့ည ၉ နာရီတိတိမှာ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်တည့်တည့်က ကန်တော်ကြီးစောင်းမှာ စောင့်နေပေတော့"

ဟု ကျွန်ုပ်က တစ်ခါတည်း အချိန်းအချက် လုပ်လိုက်လေတော့၏။

"ကောင်းပါပြီ ဆရာမိုး။ ကျွန်တော် ဘာလက်နက်မျိုး ဆောင်ခဲ့ရမယ်ဆိုတာ အမိန့်ရှိပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူခိုးတို့ ထုံးစံပေါ့ မောင်ခွေးညိုရယ်၊ ခေါ်းမြှောင်ကောင်းကောင်းပေါ့ကွယ်"

ဟု ကျွန်ုပ်က ပြောလေ၏။ ပြီးမှ သတိရသွားကာ –

"အဝတ်အစားကတော့ ကျော်ရလွှားရမှာ ဖြစ်တဲ့အတွက် ဘောင်းဘီပေါ့ကွယ်။ အနက်ရောင်ပဲပေါ့၊ ဒါလောက်တော့ မင်းလည်း သိမှာပါ"

"ဟုတ်ကဲ့ . . . ကျွန်တော့်အတွက် အစစအရာရာ စိတ်ချပေတော့ ဆရာမိုး။ အသက်ပင် ပေးရစေဦးတော့ ကျွန်တော်က နောက်တွန့်မယ့် လူစားမျိုး မဟုတ်ပေဘူးဆိုတာတော့ ပြောပါရစေဗျာ"

"ခွေးညို မြင်တယ်ဆိုကတည်းက မင်းကို ငါ အကဲခတ်ပြီးပါပြီ။ ယုံကြည်လို့ လက်တွဲလိုက်တာပေါ့ကွယ်"

ဟု ကျွန်ုပ်က ပြောလိုက်ကာ သုံးယောက်သား ပျော်ပျော်ပါးပါး စားကြသောက်ကြလေတော့၏။ ညနေစောင်းသောအခါတွင်မှ လူစုခွဲပြီး အိမ်သို့ ပြန်လာခဲ့လေတော့၏။

■

## အခန်း (၉)
## သိန်းခေါင်ယံမှ ပတ္တမြားလုပွဲ

ချိန်းဆိုထားသော ညတွင် ချိန်းဆိုထားသည့်အတိုင်း ကန်တော်ကြီးစောင်းတွင် ခွေးညိုက စောင့်နေလေ၏။ ကျွန်ုပ်နှင့် တက်ခေါင် ရောက်သွားချိန်တွင် ခွေးညိုက ဆီးကြိုနေလေတော့၏။

ကျွန်ုပ်လည်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီးမှ ရထားတစ်စီး ငှားလိုက်ကာ –

"ဆိုက်ကုလား ငါတို့ကို ဘောင်ဒရီလမ်း(ဓမ္မစေတီလမ်း) ကို ပို့ကွာ။ လင့်လမ်းထိပ်မှာ ဆင်းမယ်"

ဟု ကျွန်ုပ်က ရထားမောင်းသမားကို ပြောလိုက်သောအခါ ရထားထွက်လေတော့၏။ လင့်လမ်းထိပ်သို့ ရထားရောက်သောအခါ ဆယ်နာရီထိုးကာနီးနေပေပြီ။

ကျွန်ုပ်လည်း ရထားသမားကို ပြန်၍ လွှတ်လိုက်ပြီးသောအခါ

"အချိန်ကတော့ အချိန်ကောင်းပဲ တက်ခေါင်ရေ။ ကဲ ဘေးဘီအခြေအနေကို ကြည့်ကွာ"

ဟု ကျွန်ုပ်က ပြောလိုက်လေရာ –

"အားလုံး ရှင်းတယ် ဆရာမိုး"



www.burmeseclassic.com

www.burmeseclassic.com



ဟု တက်ခေါင်က ဖြေလေ၏။ ထိုစဉ်မှာပင် မြေနီကုန်းဘက်မှ မောင်းလာသော ရထားတစ်စီးကို လှမ်း၍ မြင်လိုက်ရသဖြင့် –

"နေဦး ဆရာမိုး၊ အဲဒီရထားကျော်သွားမှ လမ်းထဲ ဝင်ရင် ကောင်းမယ်"

ဟု ခွေးညိုက ပြောလေ၏။

"အေး ... ဟုတ်တယ်ကွ၊ လာကွာ ... ဟိုရှေ့က ညောင်ပင်ကြီးနောက်ကို ဝင်နေကြရအောင်"

ဟု ကျွန်ုပ်က ပြောပြောဆိုဆို ညောင်ပင်ကြီးနောက်သို့ ဝင်သွားလေ၏။ တက်ခေါင်နှင့် ခွေးညိုလည်း ကျွန်ုပ်နောက်မှ လိုက်ခဲ့ကြလေ၏။ သို့သော် ဘောင်ဒရီလမ်းအတိုင်း မောင်းလာသော ရထားသည် ကျွန်ုပ်တို့ဘက်သို့ ရောက်မလာဘဲ ခြံဝင်းကြီးတစ်ခုအတွင်းသို့ ဝင်သွားလေ၏။ သည်တော့မှ ကျွန်ုပ်တို့လည်း ဝင်ဒါမီယာလမ်းထဲသို့ ခပ်သုတ်သုတ် ဝင်ခဲ့ကြလေတော့၏။

သစ်ပင်ကြီးများ ပေါသော ဝင်ဒါမီယာသည် အမှောင်ရိပ် အကောင်းဆုံးနေရာဖြစ်လေတော့၏။ တစ်လမ်းလုံး နိုင်ငံခြားသားများ နေသော ခြံဝင်းကြီးများ ဖြစ်လေရာ တိတ်ဆိတ်ငြိမ်သက်နေလေတော့၏။ မကြာမီတွင် ကျွန်ုပ်တို့လည်း ပြင်သစ်ကြီးနေသည့် ခြံကြီးရှေ့သို့ ရောက်သွားခဲ့လေတော့၏။

"ညဆယ့်တစ်နာရီထိုးရင် အစောင့်နှစ်ယောက်ခြံထဲကို ထွက်လာပြီး စောင့်လိမ့်မယ်၊ ည ၁၂ နာရီထိုးတဲ့အခါကျရင် ခွေးကြီးသုံးကောင်ကို ခြံထဲကို လွှတ်ပေးထားလိမ့်မယ်။ အဲဒီအချိန်ကစပြီး အစောင့်နှစ်ယောက်က ခြံတံခါးဝက ကင်းတဲကလေးမှာ တက်ပြီး တစ်လှည့်စီ စောင့်လိမ့်မယ်။ ဒီတော့ တို့က ဆယ်နာရီခွဲမှာ ခြံထဲကို ဝင်ရမယ်။ အစောင့်တွေ မထွက်ခင်ပေါ့ကွာ။ ဝင်တော့လည်း ဟောဒီရှေ့ပဲ ဝင်ရမှာ





နောက်ဘက်က သွားဝင်ရင် ခွေးလှောင်အိမ်တွေ ရှိတယ်။ ဗိုင်းဟောင်ကြလိမ့်မယ်။ ပြန်ထွက်ရင် ၁၂ နာရီမထိုးခင် ထွက်ရမယ်။ ခွေးတွေ မလွှတ်ခင်ပေါ့ကွာ"

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ –

"ဟင် ... အစောင့်နှစ်ယောက်ကို ဘယ်လိုလုပ်မလဲ"

ဟု တက်ခေါင်က မေးလေ၏။

"ဒါတော့ ရင်ဆိုင်ရမှာပေါ့ကွာ။ အဲဒီအတွက်ကြောင့်ပဲ မင်းတို့နှစ်ယောက်ကို ခေါ်ရတာပေါ့ကွာ"

ဟု ကျွန်ုပ်က ပြောသောအခါ ခွေးညိုသည် အုတ်တံတိုင်းကို မော့၍ ကြည့်လေ၏။

"တော်တော်တော့ မြင့်သားဗျ ဆရာမိုးရဲ့"

ဟု ခွေးညိုက ပြောလေ၏။

"ဟုတ်တယ် ခွေးညိုရ။ သံချိတ်နဲ့ ကြိုးပစ်တက်ရမှာကွ။ ငါ ပထမစဉ်းစားတာက တက်ခေါင်နဲ့ငါက အထဲဝင်ပြီး မင်းကို ခြံပြင်မှာ ကြိုးစောင့်ခိုင်းမလို့ပဲ။ ဒါပေမဲ့ အခုတော့ ဒီလိုလုပ်လို့ မဖြစ်ဘူးကွ။ မင်းပါ အထဲဝင်လိုက်မှ ဖြစ်မှာ။ ကြိုးကို အထဲကပဲ ပြန်ဖြုတ်ယူသွားမယ်။ ဝင်ပြီးတာနဲ့ မင်းက ကြိုးကို အမြန်ဆုံး အုတ်တံတိုင်းမှာ ပစ်ချိတ်ပေတော့။ ပြီးရင် အစောင့်နှစ်ယောက်နဲ့ တိုက် နေတဲ့ ငါနဲ့တက်ခေါင်ကို မင်းက ဝင်ကူပေါ့ကွာ။ ဒါမှ ပွဲက မြန်မြန် သိမ်း လို့ ရမှာပေါ့"

ဟု ကျွန်ုပ်က အစီအစဉ်ကို ထပ်၍ ပြောလိုက်လေ၏။

"ဒါထက် နေပါဦး ဆရာမိုးရဲ့၊ ပစ္စည်းက ဘယ်မှာ ထားတယ်ဆိုတာ သိလို့လား"

ဟု တက်ခေါင်က မေးလေ၏။

"ပစ္စည်းက ပြင်သစ်ကြီးရဲ့ ညဝတ်အင်္ကျီအိတ်ထဲမှာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါဆိုရင် ဘယ်လိုယူကြမလဲ"

ဟု တက်ခေါင်က ပြာပြာသလဲ မေးလေ၏။

"ဒါကြောင့်လည်း မင်းတို့ရမယ့် ဝေစုတွေက ဒီလောက်များနေတာပေါ့ တက်ခေါင်ရဲ့။ ငါးသောင်းဆိုတာ ဆံစက်တောင် ဝယ်လို့ရတဲ့ ငွေ မဟုတ်လား။ ဒီလောက်တော့ စွန့်စားရမှာပေါ့။ အထဲရောက်မှ အခြေအနေကို ကြည့်လုပ်ရမှာပေါ့ကွာ"

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ တက်ခေါင်ရော ခွေးညိုပါ ခေါင်းညိတ်ပြကြလေ၏။

"ကဲ ... အချိန်ကြပြီဟေ့။ တက်ခေါင် မင်းလွယ်လာတဲ့ ငါ့အိတ်ထဲမှာ ကြိုးခွေပါတယ်။ ထုတ်တော့"

ဟု ကျွန်ုပ်က အမိန့်ပေးလျှင် တက်ခေါင်လည်း သူလွယ်လာသော ကျွန်ုပ်၏ ပိတ်အိတ်အနက်ကြီးကို ဖွင့်ကာ အတွင်းမှ ကြိုးခွေကို ထုတ်လေ၏။

သံချိတ်နှစ်ခု အဆင်သင့်တပ်ထားသော ကြိုးခွေကို ယူ၍ သံချိတ်ကို လေထဲတွင် အရှိန်ပြင်းပြင်းဝှေ့ကာ အုတ်တံတိုင်းပေါ်သို့ ပစ်၍ ချိတ်လိုက်လေ၏။ သံချိတ်တွင် ပိတ်စထူထူပတ်ထားသည် ဖြစ်ရာ အုတ်တံတိုင်းတွင် သံချိတ်စိုက်မိသောအသံ ထွက်မလာခဲ့ပေ။

"ကဲ ... ငါ အရင်တက်မယ်။ အပေါ်ရောက်ရင် သံချိတ်မှာ တပ်ထားတဲ့ ကြိုးနှစ်ပင်ထဲက တစ်ပင်ကို အတွင်းကို ချပြီး ငါဆင်းသွားမယ်။ ပြီးရင် တက်ခေါင်တက်။ ခွေးညိုက နောက်ဆုံးက တက်ခဲ့။ အောက်ရောက်ရင် ကြိုးဖြုတ်သိမ်းခဲ့ ကြားလား။ ကဲ ... ငါ ဆက်ပြီ"

ဟု ကျွန်ုပ်က အစီအစဉ် ချပေးက ကြိုးကို ခို၍ တက်ခဲ့လေတော့၏။ အုတ်တံတိုင်းထိပ်သို့ ကျွန်ုပ် ရောက်သောအခါ ခြံထဲသို့ အခြေအနေ ကြည့်လိုက်လေရာ တစ်ခြံလုံးမှောင်နေသည်ကို တွေ့ရလေ၏။





ကျွန်ုပ်လည်း အခြေအနေကောင်းကြောင့် လက်ပြပြီး တစ်တက်မှ ကြိုးကို ခို၍ ခြံထဲသို့ ဝင်လေ၏။

ကျွန်ုပ်သည် သစ်ပင်ရိပ်တွင် ခိုကာ အခြေအနေကို အကဲခတ်နေစဉ်မှာ ကျွန်ုပ်ဘေးသို့ တက်ခေါင် ရောက်လာလေ၏။ ပြီးတော့ ခွေးညို ရောက်လာသည်။ ခွေးညိုက သူ့တာဝန်ဖြစ်သည့် ကြိုးကို ဖြုတ်ကာ ခွေ၍ယူလာလေ၏။

"ကဲ ... လာကြ"

ဟု ကျွန်ုပ်က လေသံခပ်အုပ်အုပ်ဖြင့် ပြောကာ အိမ်ကြီး၏ ဆင်ဝင်အောက်သို့ ပြေး၍ ကပ်လေ၏။ ပြီးလျှင် အချိန်မဆွဲတော့ဘဲ တက်ခေါင် လွယ်လာသော အိတ်ထဲမှ ကျွန်ုပ်၏ လက်သုံးတော် သံချောင်းကလေးနှင့် ပလာယာလေးကို ယူ၍ ဘာဂျာတံခါးကို ခတ်ထားသော သော့ခလောက်ကြီးကို ဖွင့်လေ၏။

တစ်ချက်၊ နှစ်ချက်၊ သုံးချက်။

"ထောက်"

သော့ခလောက်ကြီး ပွင့်သွားလေ၏။

"ဟာ"

ဟု အသံခပ်အုပ်အုပ်နှင့် ပြောလိုက်သော တက်ခေါင်၏ အသံကို ကျွန်ုပ် ကြားလိုက်ရလေ၏။ ပြီးတော့ ဘာဂျာတံခါးကို အသံမမြည်အောင် ဖွင့်ကာ အိမ်ထဲသို့ ဝင်ခဲ့ကြလေ၏။

အတွင်းမှ ခေါက်တံခါးကြီးသည် စေ့ရုံသာ စေ့ထားသဖြင့် လွယ်လွယ်တကူပင် ဖွင့်နိုင်ခဲ့လေ၏။

"ကဲ ... ခွေးညို မင်း ဒီမှာ စောင့်နေခဲ့ကြားလား။ လူလာရင် သေသေချာချာ ပုန်း။ ပုန်းလို့ မလွတ်ရင်တော့ လက်ဦးအောင် လုပ်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာမိုး စိတ်ချ"

ဟု ခွေးညိုက ပြောသောအခါ ကျွန်ုပ်နှင့် တက်ခေါင်လည်း ပေါ်ထပ်သို့ ကျွန်းလှေကားကြီးမှ တက်လာခဲ့လေတော့၏။

အပေါ်ထပ်သို့ ရောက်သောအခါ စာကြည့်ခန်းထဲမှ မီးရောင်ကလေး လင်းနေသည်ကို တွေ့ရလေရာ ကျွန်ုပ်က ချောင်းကြည့်လိုက်လေ၏။ ပြင်သစ်ကြီးသည် စားပွဲတွင် ထိုင်၍ စာအုပ်ဖတ်နေသည်ကို တွေ့ရလေ၏။

ကျွန်ုပ်လည်း တက်ခေါင်ကို မျက်ရိပ်ပြကာ အခန်းထဲသို့ ပြေးဝင်၍ ပြင်သစ်ကြီးကို လုံးလိုက်လေတော့၏။ ဤတွင် ကျွန်ုပ်မှာ သွားသည်ကို သိလိုက်ရလေတော့၏။ ပြင်သစ်ကြီးကို ရတနာကုန်သည် တစ်ဦးအဖြစ်သာ သိထားခြင်း ဖြစ်ပြီးလျှင် မည်သည့် ကိုယ်ခံပညာတတ်သည်ကို မလေ့လာမိချေ။ ကျွန်ုပ် တရကြမ်း ဝင်၍လုံးလိုက်သော ပြင်သစ်ကြီးသည် ဖျတ်ခနဲ ထရပ်လိုက်ကာ ကျွန်ုပ်အား ပြန်၍ ချုပ်ပြီးသား ဖြစ်နေလေတော့၏။ ပြင်သစ်ကြီး ချုပ်ထားသောအခါ ကျွန်ုပ်မှာ လှုပ်ယှက် မလှုပ်နိုင်အောင် ရှိလေတော့၏။ ပြီးလျှင် ပြင်သစ်ကြီးက

"သူခိုး သူခိုး"

ဟု အင်္ဂလိပ်လို ကျယ်လောင်စွာ အော်ဟစ်လေတော့၏။ ထို့နောက်တွင်တော့ –

"အား ... အား ... အား"

ဟူသော ပြင်သစ်ကြီး၏ လွန်စွာ နက်ကျယ်သော အော်သံကြီး ထွက်ပေါ်လာပြီးလျှင် ကျွန်ုပ်အား ချုပ်ထားသည့် ပြုတ်တူကဲ့သို့သော လက်ကြီးနှစ်ဖက်သည် ပြုတ်ကြသွားပြီးလျှင် –

"ဝုန်း"





ဟူသော အသံကြီးနှင့်အတူ ကြမ်းပြင်ပေါ်သို့ ပြင်သစ်ကြီး လဲကြသွားလေတော့၏။

"ဟာ ... တက်ခေါင်။ မင်း ဓားနဲ့ ထိုးလိုက်တယ် ဟုတ်လား။ ခက်တော့တာပဲကွာ။ သတိမေ့ရုံလောက် နောက်က ရိုက်လိုက်ရောပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်မိလေ၏။ ပြင်သစ်ကြီးမှာ တစ်ချက်တွန့်လိုက်ပြီး ငြိမ်သွားလေတော့၏။ ကျွန်ုပ်လည်း ပြင်သစ်ကြီး၏ ညဝတ်အင်္ကျီအိတ်ထဲသို့ ကပျာကယာ ရှာကြည့်သောအခါ အတွင်းအိတ်ထဲ၌ ဘူးကလေးတစ်ခုကို စမ်းမိသဖြင့် ထုတ်ယူလိုက်လေ၏။

"ဟာ ... ရွှေနဲ့ လုပ်ထားတဲ့ ဘူးကလေးပါလား။ အပေါ်မှာ ကနုတ်ပန်းတွေလည်း ထိုးထားတယ်။ ဒါ နန်းတွင်းက ပစ္စည်းပဲ"

ဟု ကျွန်ုပ်က ပြောရင်း နှစ်လက်မပတ်လည်ခန့်ရှိသော ရွှေသားဘူးကလေးကို ဖွင့်လိုက်သောအခါ –

"ဟာ"

ဟုပင် ယောင်၍အော်လိုက်မိလေတော့၏။ ရွှေဘူးကလေး အတွင်းတွင် ဝါဂွမ်းခံ၍ ထည့်ထားသော ပတ္တမြားကြီးတစ်လုံးကို တွေ့လိုက်ရလေရာ ကျွန်ုပ်၏ တစ်သက်တွင် ဤမျှကောင်းသော ပတ္တမြားမျိုးကို တစ်ခါမျှ မမြင်ဖူးခဲ့သဖြင့် လွန်စွာမှ အံ့ဩသွားခဲ့ရလေ၏။ သို့သော် ချက်ချင်း သတိဝင်လာကာ ရွှေဘူးကို ပိတ်၍ တက်ခေါင် လွယ်လာသော အိတ်ထဲသို့ သေသေချာချာ ထည့်လိုက်လေ၏။

"ကဲ ... တက်ခေါင် သွားမယ်"

ဟု ပြောပြောဆိုဆိုနှင့် လှေကားမှ ပြေး၍ ဆင်းလာသောအခါ အိမ်နောက်ဘက်ရှိ အစောင့်နှစ်ယောက်၏ အော်ပြောသံကို ကြားလိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"တံခါး မြန်မြန်ဖွင့်စမ်း ထွန်းပေါ်၊ ငါ အပေါ်တက်ပြီး သခင်ကြီးကို ကြည့်စမ်းမယ်။ မင်းက ခွေးတွေ မြန်မြန် လွှတ်လိုက် ကြားလား"

ဟု ပြောသံကြားလိုက်ရပြီး မကြာမီမှာပင် အစောင့်တစ်ယောက် အိမ်ထဲသို့ ပြေးဝင်လာလေ၏။ အမှောင်ထဲတွင် ကျင့်သားရနေသော ကျွန်ုပ်၏ မျက်စိသည် လှေကားဆီသို့ ပြေးဝင်လာသော အစောင့်ကို တွေ့နေရသည်ဖြစ်ရာ –

"ခွပ် ခွပ် အား"

ကျွန်ုပ်လည်း အစောင့်၏ ပါးချိတ်ဆီသို့ လက်သီးနှင့် နစ်ချက် ဆင့်၍ ထိုးချလိုက်လေရာ အားခနဲ အော်၍ လန်ကျသွားလေတော့၏။ နည်းနည်းမှပင် မလှုပ်နိုင်တော့ဘဲ အစောင့်ခမျာ သတိမေ့သွားလေတော့၏။

"တက်ခေါင် ခွေးညိုကို မြန်မြန် သွားခေါ်။ နောက်ဖက်က ထွက်မှရမယ်။ ခွေးတွေ ခြံရှေ့ဘက်ကို ရောက်သွားပြီ"

ဟု ကျွန်ုပ်က ပြောပြောဆိုဆို နောက်တက်သို့ ပြေးထွက်လေ၏။ ခွေးညိုနှင့် တက်ခေါင်လည်း ကျွန်ုပ်အနီးသို့ ချက်ချင်း ရောက်လာကြလေတော့၏။

"ခွေးညို မြန်မြန်ပစ်။ မင်း အရင်တက်သွား"

ဟု ကျွန်ုပ်က ပြောလိုက်လေရာ ခွေးညိုသည် ခြံထဲသို့ ပြေးထွက်ကာ အုတ်တံတိုင်းပေါ်သို့ ကြိုးပစ်ချိတ်လေ၏။ ပြီးလျှင် လျင်မြန်စွာ ဖက်တက်သွားလေတော့၏။

"မင်း တက်၊ တက်ခေါင်"

ကျွန်ုပ် စကားဆုံးလျှင် တက်ခေါင်လည်း ပြေး၍ တက်လေ၏။ တက်ခေါင်တံတိုင်းထိပ်သို့ ရောက်သောအခါ ကျွန်ုပ်လည်း ကြိုးကို ဆွဲ၍ တက်လေတော့၏။ ထိုအချိန်တွင် ခွေးကြီးသုံးကောင်သည် လူနံ့ရသွား





သဖြင့် တဝုန်းဝုန်း ဟောင်ကာ ကျွန်ုပ်ရှိရာဘက်သို့ ပြေးလာလေ၏။ ကျွန်ုပ်လည်း တံတိုင်းတစ်ဝက်ခန့်သို့ ရောက်နေပြီဖြစ်ရာ အမြန်ဆုံး တက်ရလေတော့၏။ ထိုအချိန်တွင် ကျွန်ုပ် လုံးဝ မျှော်လင့်မထားတော့ အဖြစ်အပျက်တစ်ခုကို မှောင်ထဲတွင်ပင် လှမ်း၍ မြင်လိုက်ရလေ၏။

တက်ခေါင်သည် အုတ်တံတိုင်းပေါ်တွင် ကားယားခွ၍ ထိုင်နေကာ ကြိုးကို ဓားဖြင့် လှီးဖြတ်နေလေတော့၏။

"ဟေ့ကောင် တက်ခေါင် မင်း ဘာလုပ်တာလဲ"

ဟု ကျွန်ုပ်က လှမ်းအော်လိုက်စဉ်မှာပင် တဝုန်းဝုန်းဖြင့် ဒေါသတကြီး အော်ဟစ် ဟိန်းဟောက်နေသော ခွေးကြီးသုံးကောင်သည် ကျွန်ုပ်၏ အောက်သို့ ရောက်လာလေတော့၏။ ထိုအချိန်မှာပင် တက်ခေါင်ဖြတ်လိုက်သော ကြိုးသည်လည်း ပြတ်သွားပြီဖြစ်လေရာ ကျွန်ုပ်လည်း အောက်သို့ ဒလိမ့်ခေါက်ကွေး ကျသွားလေတော့၏။

"ဝေါင်း ဝေါင်း ဝေါင်း"

ဟူသော အသံကြီးများနှင့်အတူ ကျွန်ုပ်၏ မျက်နှာနှင့် ပခုံးများကို ခွေးကြီးသုံးကောင်က ဝိုင်း၍ ကိုက်လေတော့၏။ ကျွန်ုပ်က အတင်းရုန်းကန်ထိုးကြိတ်လွှတ်သော်လည်း လူလောက်နီးပါးရှိသည့် ခွေးကြီးသုံးကောင်ကို မည်သို့မျှ အံတုနိုင်စွမ်းမရှိဘဲ နောက်ဆုံးတွင် သတိလစ်သွားလေတော့၏။

ကျွန်ုပ် သတိရလာသောအခါတွင် ရန်ကုန်ထောင်ကြီးထဲမှ ဆေးရုံတွင် ရောက်ရှိနေသည်ကို သိလိုက်ရလေတော့၏။ ကျွန်ုပ်၏ တစ်ကိုယ်လုံးတွင် ပတ်တီးများ၊ ပလာစတာများ ပြည့်နှက်နေသည့်အပြင် ခေါင်းတစ်ခုလုံးကို ပတ်တီးစီးထားသည်မှာ ပါးစပ်ပေါက်နှင့် မျက်စိပေါက်သာလေးသာ ပေါ်နေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ ဒဏ်ရာများ ကျက်သွားသောအခါတွင် ထောင်ဆရာဝန်ကြီးက ပတ်တီးများ ဖြည်လိုက်လေရာ ကျွန်ုပ်၏ မျက်နှာကိုယ် ကျွန်ုပ် မှန်ဖြင့် မကြည့်ရဲလောက်အောင် ဖြစ်နေလေတော့၏။

လူလောက်နီးနီးကြီးမားသော ခွေးကြီးသုံးကောင်၏ ဒေါသတကြီးနှင့် ဝိုင်းဝန်းကိုက်ခဲ့သော ဒဏ်ကြောင့် ကျွန်ုပ်၏ မျက်နှာမှ အသားများသည် ထွင်း၍ပါသွားလေရာ ကျွန်ုပ်သည် လူစင်စစ်မှ သရဲကြီးတစ်ကောင်သဖွယ် ဖြစ်နေလေတော့၏။

ကျွန်ုပ်၏ မျက်လုံးမှ မျက်ရည်များသည် ကျွန်ုပ်၏ ပါးပြင်ပေါ်သို့ စီး၍ ကျလာတော့၏။ ကျွန်ုပ်အား ကုသပေးသော ဆရာဝန်ကြီးသည်ပင် ကျွန်ုပ်၏ မျက်နှာကို ရဲရဲမကြည့်ဝံ့အောင် ရှိရလေတော့၏။

နောက်ရက်တွင်တော့ ဆရာဝန်ကြီးသည် ကျွန်ုပ်အား ပိတ်စ မျက်နှာဖုန်းသုံးခု ချုပ်၍ ပေးလေ၏။ မျက်နှာဖုံးတွင် တပ်ထားသော မျော့ကြိုးကလေးကို ခေါင်းတွင် စွပ်ထားလိုက်ကာ ကျွန်ုပ်၏ မျက်နှာကို လူမမြင်အောင် ပြုလုပ်ထားရလေ၏။

ကျွန်ုပ်အား အမှုစစ်ဆေး၍ ပြီးသောအခါ ပြင်သစ်ရတနာကုန်သည်ကြီးအား သတ်သော အမှုဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချလိုက်လေ၏။

ကျွန်ုပ်၏ ရင်ထဲတွင် ဝမ်းနည်းမှုတို့ကို တလှိုက်လှိုက် ခံစားရလေတော့၏။ ပန်းနွယ်ကို သတိရသည့်စိတ်နှင့် သည်ဘဝတွင် မည်သို့မျှ ပေါင်းဖက်၍ မရနိုင်တော့ကြောင်း သိသော စိတ်တို့သည် ရင်ထဲ၌ ပဋိပက္ခဖြစ်ကာ ဘဝတစ်ခုလုံးကို ဆုံးရှုံးလိုက်ရပြီဟူသော အသိသည် ကျွန်ုပ်၏ နှလုံးသားကို လက်နှင့် ဆုတ်ညှစ်လိုက်သကဲ့သို့ နာကျင်ဆို့နင့်သွားလေတော့၏။





"နေနှင့်ဦးပေါ့ တက်ခေါင်ရယ်။ မင်းနဲ့ငါ ကံမကုန်ရင် ပြန်ဆုံကြသေးတာပေါ့ကွာ။ သြော် . . . ရှေးလူကြီးများ ပြောတာ တယ်မှန်တာပဲ။ ခြေနှစ်ချောင်းလည်း မကယ်နဲ့၊ မင်း လေ့မျှောလည်း မဆယ်နဲ့ဆိုတာ သိပ်မှန်ပါလားကွာ။ မင်းကို ငါ အကဲခတ်လိုက်တာ လူကဲခတ်မှားသွားတာပေါ့လေ။ အေး . . . အေး ငါ့ထိုက်နဲ့ငါကံ ရှိစေတော့ကွာ။ တကယ်လို့ သံသရာမှာ မင်းနဲ့ငါ ပြန်ဆုံကြရင်တော့ ငမိုးအကြောင်း မင်း ကောင်းကောင်း သိရပေမပေါ့ တက်ခေါင်ရာ"

ကျွန်ုပ်သည် အံကြိတ်ရင်း ပြောလိုက်မိလေ၏။ ထိုအခါ ကျွန်ုပ်၏ နှုတ်ခမ်းမှ သွေးများပင် စီးကျလာလေတော့၏။

နောက်တစ်ပတ်ဆိုလျှင် ကျွန်ုပ်သည် အက်ဒမန်ကျွန်းသို့ ထွက်ခွာမည့် သင်္ဘောကြီးကို စီး၍လိုက်ပါသွားရတော့မည့်အဖြစ်ကို တွေးလိုက်ရင်း သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်မိလေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)
## ရုပ်ဆိုးကြီး မိုးမောင်

"အကျဉ်းသားအမည် မိုးမောင်၊ အဖအမည် ဦးတောင်ဝေး" ဟု ခေါ်သံကြီး ထွက်ပေါ်လာသောအခါ ကျွန်ုပ်သည် ပုံစံဖြင့် ထိုင်နေရာမှ ထရပ်လိုက်ရလေ၏။ ခြေထောက်တွင် သံထောက်ကြီးခတ်ထားလေရာ တချွင်ချွင် အသံများလည်း ထွက်နေလေ၏။

အနယ်နယ်အရပ်ရပ်ရှိ ထောင်များမှ ရောက်လာသည့် တစ်ကျွန်းစံရမည့် အကျဉ်းသားများသည် ရန်ကုန်ထောင်ကြီးမှ အကျဉ်းသားများနှင့် ပေါင်း၍ ဆိပ်ကမ်းသို့ ဆင်းလာခဲ့ကြရလေ၏။ ဆိပ်ကမ်းသို့ ရောက်သောအခါ အားလုံးတန်းစီ၍ နေပူထဲမှာပင် ပုံစံထိုင်၍ နေရလေ၏။

ပြီးမှ တစ်ယောက်ခြင်း ခေါ်ယူကာ သင်္ဘောကြီးပေါ်သို့ တန်းစီ၍ တက်နိုင်းလေ၏။ ပင်လယ်ပြင်သို့ ဖြတ်သန်း၍ ခုတ်မောင်းခဲ့သော သင်္ဘောကြီး တစ်ကျွန်းသို့ ကပ်သောအခါတွင် ကျွန်းကျ အကျဉ်းသားများသည် စိမ်းလဲ့ညို့မှောင်နေသော အက်ဒမန်ကျွန်းကြီးကို ငေး၍ ကြည့်နေကြရင်း မျက်ရည်ကျသူက ကျကြလေတော့၏။

ပို့ဗလဲယားဆိပ်ကမ်း၏ တောင်ဘက်တွင်ရှိသော ကြက်လျှာစွန်းပေါ်တွင် ဆောက်ထားသည့် စီလူလာအကျဉ်းထောင်ကြီး၏ ညို့မှိုင်းမှိုင်း





အရောင်ကြီးသည် ကျွန်ုပ်၏ ရင်ကို ပို၍ နာကျင်စေလေတော့၏။ ထောင်ကြီးတစ်ခုလုံးကို ကျောက်တုံးကြီးများနှင့် ဆောက်လုပ်ထားလေရာ လွန်စွာ ရှေးကျသည့် လက်ရာတစ်ခု ဖြစ်လေ၏။

ကျွန်းကျလူသစ်များသည် လူဟောင်းများကဲ့သို့ ကျွန်းပေါ်တွင် လွတ်လပ်စွာ နေခွင့်မရကြသေးဘဲ စီလူလာထောင်ကြီးထဲတွင် ပုံစံပြုခြင်းကို ခံရသေးသည်ဖြစ်ရာ ကျွန်ုပ်တို့လည်း ထောင်ကြီးထဲသို့ တန်းစီ၍ ဝင်ခဲ့ကြရလေတော့၏။

ထောင်ကြီး၏ အတွင်းရှိ တည်ဆောက်ထားပုံမှာ စတားဖစ်ရှ်ခေါ် ကြယ်ငါးကလေးများ၏ ပုံသဏ္ဍာန်ဖြစ်လေ၏။ အလယ်ရှိ ဗဟိုထိန်းချုပ်ရေး မျှော်စင်မှ ဘေးပတ်လည်ရှိ ထောင်အဆောက်အဦးမှ အကျဉ်းသားများကို အုပ်ချုပ်လေ၏။ ဗဟိုမျှော်စင်နှင့် ထောင်အဆောက်အဦးများကို စင်္ကြံနှင့် ဆက်ထားလေရာ လက်တံများ ဖြာထွက်နေသည့် သတ္တဝါကြီး တစ်ကောင်နှယ် ကျက်သရေမဲ့ တည်ရှိနေလေတော့၏။

ကျွန်ုပ်တို့သည် စီလူလာ ထောင်ကြီးအတွင်းတွင် နှစ်လခန့် နေရလေရာ အိန္ဒိယသားဝန်ထမ်းများ၏ အထုအထောင်း အရိုက်အပုတ်ကို ပယ်ပယ်နယ်နယ် ခံကြရလေ၏။

တစ်နေ့တွင် စပါးကြိတ်ဆုံကြီး၌ တာဝန်ကျသော ကျွန်ုပ်ကို အိန္ဒိယသား ထောင်ဝန်ထမ်းကြီးနှစ်ယောက်က အလုပ်လုပ်သည်မှာ အလွန်နှေးလွန်းသည်ဟုဆိုကာ ပြင်းပြင်းထန်ထန် ရိုက်ကြလေ၏။ ကျွန်ုပ်လည်း စိတ်ထဲတွင် အလွန်ဒေါသဖြစ်လာသည်ဖြစ်ရာ မျက်နှာတွင် အမြဲအုပ်ထားသော မျက်နှာဖုံးအဝတ်ကို ဆွဲ၍ ချွတ်လိုက်ကာ သူတို့နှစ်ယောက်အား စူးစူးဝါးဝါး ကြည့်လိုက်မိလေတော့၏။ အိန္ဒိယသားကြီးနှစ်ယောက်လည်း ကျွန်ုပ်ကို မျက်လုံးပြူးကြီးများနှင့် စိုက်၍ကြည့်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"ရှိုက်တန်၊ ရှိုက်တန်"

ဟု လက်ညှိုးများနှင့် ထိုး၍ အော်ဟစ်ကြကာ အခန်းထဲမှ ထွက်ပြေးသွားကြလေတော့၏။ ကျွန်ုပ်နှင့်အတူတူ အလုပ်လုပ်ကြရသော ရွှေဘိုသားနှစ်ယောက်နှင့် ပုသိမ်သားနှစ်ယောက်တို့လည်း သဘောကျလွန်းသဖြင့် ခွက်ထိုးခွက်လှန် ရယ်ကြလေတော့၏။

ထိုအချိန်မှ စ၍ ကျွန်ုပ်၏ အမည်ကို 'ရုပ်ဆိုးကြီးမိုးမှောင်' ဟူ၍သာ ခေါ်တွင်ကြလေတော့၏။ ကျွန်ုပ် စီလူလာထောင်ကြီးထဲမှ မထွက်ရသေးခင်မှာပင် အက်ဒမန်ကျွန်းကြီးတစ်ခုလုံးတွင် ကျွန်ုပ်၏ သတင်းများသည် ပျံ့နှံ့နေသည်ဟု သိရလေ၏။ အချို့ကျွန်းကျကြီးများကလည်း –

"မိုးမှောင်ဆိုတဲ့ အကောင်ကို ကြည့်ချင်စမ်းပါဘိတော့တယ်ဗျာ။ သရဲတောင် လန့်ပြီး ငိုရလောက်အောင် ရုပ်ဆိုးတဲ့ ကောင်မျိုး ကျုပ်ဖြင့် တစ်သက်လုံး မတွေ့ဖူးပါဘူးဗျာ"

ဟု ပြောသူက ပြောကြလေ၏။

စီလူလာထောင်ကြီးထဲမှ ရဲခန်းများတွင် နှစ်လခန့် မချိမဆန့် ခံကြရပြီးသောအခါ ကျွန်ုပ်တို့အား ကျွန်းပုံစံဝင်သွားပြီဟု သတ်မှတ်ကာ စီလူလာထောင်ကြီးထဲမှ ထုတ်ပေးလိုက်ကြလေတော့၏။ ပြီးလျှင် ကျွန်ုပ်တို့အတွက် အိပ်ဆောင်များလည်း နေရာချပေးလေ၏။

ကျွန်းကြီး၏ ထုံးစံအတိုင်း ကျွန်ုပ်တို့သည် မွန်းမတည့်မီတွင် အစိုးရအတွက် သစ်ခုတ်ခြင်း၊ ထင်းပေါက်ခြင်း စသည့် အလုပ်ကြမ်းများကို တပင်တပန်း လုပ်ကြရကာ မွန်းတည့်ချိန်မှစ၍ ကိုယ်လုပ်ချင်တာကို လွတ်လွတ်လပ်လပ် လုပ်ခွင့်ရကြလေတော့၏။

တောနက်ထဲသို့ ဝင်ကာ ပျားဖွတ်သူက ဖွတ်ကြ၍ ခရုခွံငုတ်သူက ငုတ်သည်။ ဟင်းသီးဟင်းရွက်ရှာသူက ရှာကြသည်။ ထိုသို့ ရှာဖွေသည့်အတွက် ကိုယ်ပိုင် ပိုက်ဆံရကြလေ၏။ ကျွန်းကြီးပေါ်တွင် အစိုး





ဂေဟာ၊ ဆေးရုံ၊ အရာရှိအိမ်၊ အကျဉ်းထောင်မှူးများအိမ်၊ ဓါက်ကွင်း၊ တင်းနစ်ကွင်း၊ ဘောလုံးကွင်းများ ရှိသည့်အပြင် အဘာဒင်ဈေးကြီးလည်း ရှိသည်ဖြစ်ရာ အချို့လည်း ဈေးတွင်း ဝင်၍ ထမ်းပိုးပေးခြင်းဖြင့် အခကြေးငွေ ရရှိကြလေ၏။

သို့သော် တောထဲသို့ ဝင်၍ ပျားဖွတ်ခြင်း၊ အမဲလိုက်ခြင်းများ ပြုလုပ်သူများသည် နီဂရစ်ဆိုခေါ် ကပ္ပလီလူပုကလေးများ၏ အဆိပ်လူးမြားဒဏ်ကို ခံကြရခြင်း၊ ဖမ်းဆီး၍ ဖောက်ထိုးခွဲထားခြင်းများကို ခံကြရခြင်းများရှိလေ၏။ ထို့ကြောင့် တောဝင်လျှင် အဖော်စပ်ပြီးမှ ဝင်ကြရလေ၏။

တစ်နေ့သ၌ ကျွန်ုပ်နှင့် ရွှေဘိုသားအုန်းမောင်တို့သည် တောသို့ ဝင်၍ ပဒတ် ဖမ်းကြစဉ် ကပ္ပလီလူပုကလေးများ၏ ဝိုင်းထားခြင်းကို ခံရလေ၏။ အုန်းမောင်မှာ နီဂရစ်တို့၏ အဆိပ်မြားကို ကြောက်သဖြင့် အူများပင် တုန်နေလေ၏။ ကျွန်ုပ်သည် ကြံရာမရဖြစ်လာကာ မျက်နှာတွင် အုပ်ထားသည့် ပိတ်စမျက်နှာဖုံးကို ချွတ်၍ စူးစူးဝါးဝါး ကြည့်လိုက်သောအခါ နီဂရစ်တိုများသည် လန့်သွားပြီး နောက်သို့ ခြေနှစ်လှမ်း ဆုတ်သွားကာ ကျွန်ုပ်ကို ပါးစပ်အဟောင်းသားဖြင့် ကြည့်နေကြလေတော့၏။

ခဏကြာသောအခါ ခေါင်းဆောင်လူပုကြီးက အမိန့်တစ်ခုကို ပေးလိုက်လေရာ လူပုကလေးများသည် မြေပြင်သို့ ချက်ချင်း ဒူးတုပ်ထိုင်ချလိုက်ကာ ကျွန်ုပ်အား အရိုအသေပေးကြလေတော့၏။ ကျွန်ုပ်မှာ အုန်းမောင်ပါ အံ့သြစွာ ငေးကြည့်နေကြစဉ်မှာပင် အကြီးအကဲဖြစ်သူက ကျွန်ုပ်အား သူတို့၏ ဘာသာစကားဖြင့် တစ်စုံတစ်ခုကို ပြောဆိုလေ၏။ ကျွန်ုပ်အထင် ပြောရလျှင်တော့ သူတို့ကို အပစ်မယူရန် တောင်းပန်နေသည်ဟု ထင်မိလေ၏။

ကျွန်ုပ်လည်း ခပ်တည်တည်ဖြင့် –



www.burmeseclassic.com

www.burmeseclassic.com



"စောင့်ရှောက်မည့်အကြောင်း၊ ခွင့်လွှတ်သည့်အကြောင်းများကို ပြောကာ သူတို့ ရွာ ဘယ်မှာလဲ" ဟု လက်ဟန်ခြေဟန်ဖြင့် ပြ၍ မေးလေရာ အကြီးအကဲလုပ်သူက နားလည်သွားပြီး သူတို့ ရွာသို့ ခေါ်သွားလေ၏။ အုန်းမောင်လည်း ကြောက်ကြောက်နှင့်ပင် လိုက်လာလေခဲ့လေ၏။

နီဂရစ်တိုများလည်း သူတို့ရွာကလေးမှ ရွာသားများကို ခေါ်၍ ကျွန်ုပ်အား အရိုအသေပေးခိုင်းကြလေ၏။ အချို့ မိန်းမများသည် ကျွန်ုပ်ကို ကြည့်ကာ ကြောက်လန့်နေကြလေတော့၏။

ပြီးလျှင် ဆိတ်နို့များ၊ အသားကင်များကို ယူလာ၍ ကျွန်ုပ်တို့အား ကျွေးမွေးကြလေ၏။ ထို့နောက် ကျွန်ုပ်သည် မွေးစား ဖခင်ကြီး သင်ပြေးသွားသည့် ပရိတ်ကြီး ၁၁ သုတ်မှ မေတ္တာသုတ်ကို ရွတ်ကာ လူရိုင်းပုကလေးများ၏ ခေါင်းကို သပ်ချပေးလေရာ လူရိုင်းများသည် လွန်စွာကျေနပ်ပုံဖြင့် ကျွန်ုပ်ရှေ့သို့ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြလေ၏။ ကျွန်ုပ်ကလည်း တစ်ယောက်စီ၏ ခေါင်းကို မေတ္တာသုတ်ရွတ်ရင်း ပွတ်သပ်ပေးလေ၏။

လူရိုင်းခေါင်းဆောင်သည် ကျွန်ုပ်အား သူတို့ရွာသို့ မကြာမကြာ လာရောက်ပါရန် ယခုကဲ့သို့ စောင့်ရှောက်ပါရန် လက်ဟန်ခြေဟန်ဖြင့် ပြောလေ၏။ ကျွန်ုပ်ကလည်း လာခဲ့မည့်အကြောင်းကို အမူအယာဖြင့် ပြောရလေ၏။

ကျွန်ုပ်တို့ ပြန်သောအခါ အသားခြောက်များ၊ ဆိတ်နို့ကျည်တောက်များ ပေးလိုက်လေရာ အုန်းမောင်မှာ အတော်လေးပင် ပင်ပန်းခံ၍ သယ်ခဲ့ရလေ၏။ အပြန်လမ်းတွင် ကျွန်ုပ်သည် လမ်းကို သေသေချာချာ မှတ်လာခဲ့လေ၏။

တောနက်ကြီးထဲမှ ပြန်၍ ထွက်လာသောအခါ ကျွန်ုပ်နှင့် အုန်းမောင်သည် အဘာဒင်ဈေးသို့ သွား၍ အသားခြောက်များ၊ ဆိတ်နို့များကို ရောင်းချသောအခါ ငွေစ အတော်ကလေးရလိုက်လေရာ ထိုညနေက အရက် တစ်ဝသောက်ကြရလေ၏။





ထိုသတင်းကို အခြားကျွန်းကျူများအား အုန်းမောင်ကတစ်ဆင့် ပြန်၍ ပြောသောအခါ သဘောကျပြီး အော်ဟစ်ရယ်မောကြလေတော့၏။ ထိုအချိန်မှစ၍ ကျွန်ုပ်ကို 'သရဲကြီး မိုးမှောင်' ဟု ပြောင်လှောင်ခေါ်ကြလေတော့၏။ ဤသို့ဖြင့် ကျွန်ုပ်နှင့် အုန်းမောင်လည်း တစ်ခါတစ်ရံ လူပုကလေးများ၏ ရွာသို့သွားကာ စားလမ်းဖြောင့်နေကြလေတော့၏။ ကျွန်ုပ်က မေတ္တာသုတ်ရွတ်၍ သူတို့ကို မန်းမှုတ်ပေးပြီး အုန်းမောင်က လူရိုင်းများပေးသမျှက ကြုံးရုံးထမ်းခဲ့သည်ချည်း ဖြစ်လေ၏။

"သရဲကြီးမိုးမှောင်တို့ ဆရာတပည့်ကတော့ကွာ မေတ္တာသုတ် တစ်ပုဒ်နဲ့ စားလမ်းဖြောင့်နေကြလေရဲ့"

ဟု ပြောကာ ရယ်မောကြလေ၏။ ကျွန်ုပ်တို့ကလည်း ငွေကြေး ဖောဖောသီသီရလျှင် အားလုံးကို အရက်ဆိုင် အစားအသောက် ကျွေးမွေးလုပ်နေကြဖြစ်လေရာ ကျွန်ုပ်တွင် အပေါင်းအသင်းများလာလေတော့၏။

ဤသို့ဖြင့် ကျွန်ုပ် 'ရှပ်ဆိုးကြီးမိုးမှောင်' ခေါ် 'သရဲကြီးမိုးမှောင်' သည် တစ်ကျွန်းစံဘဝတွင် ရာသီအလီလီပြောင်းကာ သုံးနှစ်သုံးမိုးပင် ကြာသွားခဲ့လေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)
# သရဲကြီး၏ စွန့်စားခန်း

တစ်နေ့သ၌ အုန်းမောင်နေမကောင်းနေသဖြင့် ဆိတ်နို့သောက်ရရန် ကျွန်ုပ်သည် နီဂရစ်တိုများ၏ ရွာသို့ တစ်ယောက်တည်း ထွက်လာခဲ့လေတော့၏။

နီဂရစ်တိုအကြီးအကဲသည် ကျွန်ုပ်အား ခရီးဦး ကြိုပြုကာ ကျွန်ုပ်အား တစ်ခုတစ်ခုကို ပြောလေ၏။ ကျွန်ုပ်လည်း သူတို့ထံသို့ မကြာခဏ ရောက်လာလေ့ရှိလေရာ သူတို့၏ စကားများကို နားမလည်သော်လည်း သူတို့ ဘာကို ပြောနေသည်ကိုတော့ မှန်းမိလာလေ၏။

ယခုပြောနေသည်မှာ သူတို့ရွာသူရွာသားများအားလုံး သူတို့ကိုးကွယ်သည့် နတ်ကြီးကို ပူဇော်ရန် သွားရမည့်အကြောင်းနှင့် ကျွန်ုပ်ပါ လိုက်ပါခဲ့ရန် ပြောနေခြင်း ဖြစ်လေ၏။

ကျွန်ုပ်လည်း သူတို့၏ ဓလေ့များကို သိလိုသည်ဖြစ်ရာ လိုက်ပါမည်ဟု ပြောလိုက်လေ၏။ ဤသို့ဖြင့် ရွာသားငါးဆယ်၊ ခြောက်ဆယ်ခန့်သည် မျက်နှာတွင် ဆေးရောင်မျိုးစုံခြယ်၍ ကျွန်းကြီး၏ အနောက်ဘက်တွင်ရှိသော တောင်မြင့်ကြီးများဆီသို့ တက်ခဲ့ကြလေ၏။ တောင်ပေါ်သို့





ရောက်သောအခါ အခြားရွာကလေးများမှ နီဂရစ်တိုများလည်း ရောက်ရှိနေသည်ကို တွေ့ရလေ၏။ အခြားရွာမှ နီဂရစ်တိုများသည် ကျွန်ုပ်ကို မလိုလားသော မျက်လုံးများနှင့် ကြည့်ကြလေ၏။

သို့သော် ကျွန်ုပ်လိုက်လာသော ရွာမှ ရွာသားများ၏ အကြီးအကဲသည် အတော်ကလေး ဩဇာရှိပုံရလေ၏။ အခြားရွာမှ အကြီးအကဲများအားလုံးက ကျွန်ုပ်တို့၏ အကြီးအကဲအား အရိုအသေပေးသည်ကို တွေ့ရလေ၏။

ထို့နောက် ကျောက်ဂူကြီးတစ်ခုအတွင်းသို့ ဝင်ရောက်ခဲ့ကြလေ၏။ ကျောက်ဂူကြီးအတွင်းတွင် မီးတုတ်ကြီးများ ထွန်းထားသည်ဖြစ်ရာ အတော်ကလေး လင်းနေသည်ကို တွေ့ရလေ၏။

မီးရောင်ဖြင့် မော့၍ ကြည့်လိုက်သောအခါ –

"ဟာ"

ဟုပင် ယောင်၍ အော်လိုက်မိအောင် ကြီးမားသော ကျောက်ရုပ်မည်းမည်းကြီးကို တွေ့ရလေ၏။ ကျောက်ရုပ်ကြီးမှာ အပေါက်များပါသော ဂဝံကျောက်တုံးကြီးကို ထုတ်လုပ်ထားသည်ဖြစ်ရာ တစ်ကိုယ်လုံး အပေါက်များ ပြည့်နေလေ၏။

မိုက်ကြီးမှာ ပူနေပြီး ရင်ဘတ်မောက်မောက်ကြီးနှင့် မည်းမည်းကြီး ဖြစ်လေရာ လွန်စွာမှ ကြောက်စရာ ကောင်းနေလေတော့၏။

ဒူးကြီးနှစ်ဖက်ထောင်၍ ထိုင်နေပြီးလျှင် လက်တစ်ဖက်မှ ရောမကျောက်တင်းပုတ်ကြီးကို ကိုင်ကာ ပခုံးတွင် ထမ်းထား၍ ကျန်လက်တစ်ဘက်က ကျောက်တုံးကြီးကို လက်ထောက်ထားလေ၏။ မျက်နှာကိုမူ မမြင်ရဘဲ အဝတ်စကြီးတစ်စ အုပ်၍စည်းထားလေ၏။

လူရိုင်းပုကလေးများသည် လူစုံပြီဆိုသည်နှင့် မီးတိုင်များကို ထပ်မံထွန်းညှိကာ ဗုံကလေးများကို တီးခတ်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"တုံ တုံ တုံ တုံ"

ဟူသော အသံများသည် ကျောက်ဂူကြီးထဲတွင် ဆူညံစွာ ထွက်ပေါ်လာလေတော့၏။ ထိုအခါတွင် ကျွန်ုပ်တို့ ရွာမှ အကြီးအကဲသည် အရုပ်ကြီးပေါ်သို့ ဖက်၍တက်သွားကာ အရုပ်ကြီး၏ မျက်နှာမှ စည်းထားသော အဝတ်ကို ဖယ်လိုက်လေတော့၏။

"ဟာ"

ဟု ကျွန်ုပ် ယောင်၍ အော်လိုက်မိလေ၏။ အရုပ်ကြီး၏ မျက်နှာမှာ လွန်စွာမှ အရုပ်ဆိုးလှလေ၏။ ထိုသို့ အရုပ်ဆိုးလှသည့်အထဲတွင် မျက်နှာပေါ်၌ အပေါက်ကြီးများပါရှိနေလေရာ သရဲကြီးတစ်ကောင်၏ မျက်နှာကဲ့သို့ ရှိနေလေတော့၏။ ကျွန်ုပ်လည်း လူရိုင်းပုကလေးများက ကျွန်ုပ်ကို ရှိခိုးကြသည့်အကြောင်းကိုသည်တော့မှ သဘောပေါက်သွားလေတော့၏။

သူတို့ကိုးကွယ်သော နတ်ရုပ်ကြီးသည် ကျွန်ုပ်ကဲ့သို့ မျက်နှာကို အဝတ်အထည် အုပ်ထား၍ အဝတ်ကို ဖယ်လိုက်သောအခါ လွန်စွာဆိုးဝါးသော သရဲမျက်နှာကြီး ဖြစ်နေလေရာ ကျွန်ုပ်နှင့်တစ်ပုံစံတည်း တူညီနေသဖြင့် ကျွန်ုပ်ကိုလည်း သူတို့ နတ်ကြီး၏သားအဖြစ် သတ်မှတ်ကာ ရှိခိုးနေကြခြင်း ဖြစ်လေ၏။

ကပ္ပလီလူပုကလေးများသည် ဆိတ်များကို ကြိုးနှင့်ဆွဲလာကာ အရုပ်ကြီး၏ အရှေ့တွင် ရှိသော ယစ်ခုံတွင် တင်၍ လည်ပင်းကို လှီးဖြတ်ကြလေ၏။ ပြီးလျှင် ဆိတ်သွေးများကို ယူ၍ သူတို့၏ တစ်ကိုယ်လုံးကို သုတ်လိမ်းကြလေ၏။

ဝါးကျည်တောက်နှင့် ယူလာသော ဆိတ်နို့များကိုလည်း နတ်ရုပ်ကြီးရှေ့တွင် ထောင်ထားကာ ပူဇော်ပသကြလေ၏။





ထို့နောက်တွင်တော့ ဗုံများကို တီးကာ ကခုန်ကြလေ၏။ ကျွန်ုပ်လည်း သူတို့ပြုမူနေသည်ကို ကျောက်ဂူကြီး၏ နံရံတစ်ဖက်တွင် ကပ်ကာ ကြည့်နေရလေ၏။ နီဂရစ်တိုများသည် အားရကျေနပ်အောင် ကခုန်ပူဇော်ပြီးကြသောအခါ ဆိတ်သေကောင်များကို ထမ်း၍ နို့ကျည်တောက်များကို ယူ၍ပြန်ခဲ့ကြလေ၏။ ရွာသို့ ပြန်ရောက်သောအခါ ဖက်ရွက်ကြီးများ ခူး၍ ဆိတ်သားများကို ဖက်နှင့်ထုတ်၍ ကျွန်ုပ်အား ပေးလေ၏။ ဆိတ်နို့ ကျည်တောက်တစ်ခုလည်း ပေးလေ၏။ ကျွန်ုပ်လည်း ကျွန်ုပ်၏ အတွေ့အကြုံအရ နီဂရစ်တိုတို့၏ နတ်ပူဇော်ပုံကို ပြောပြလေရာ အားလုံးဝိုင်း၍ စိတ်ဝင်တစား နားထောင်ကြလေ၏။

"သရဲကြီး မင်းတစ်ယောက်တည်း မကြာခဏ မသွားနဲ့။ ဒီကောင်တွေက အရိုင်းတွေကွ။ စိတ်ကူးပေါက်ပြီး အဆိပ်လူးမြှားနဲ့ ပစ်လိုက်လို့ကတော့ တစ်ခွေ့ခုနှစ်အဆိပ်ဆိုတဲ့အတိုင်း တစ်ချက်သဲ ခုနှိုင်မှာ ကိုယ့်လူရေ"

ဟု တောင်သာ မင်းညိုခေါ် သျှောင်တစ်စောင်းမင်းညိုက စိုးရိမ်တကြီး ပြောလေ၏။

"ဟ ... မင်းညိုရ။ ဒီကောင်တွေက သရဲကြီးကို သူတို့ နတ်ကြီးရဲ့သားလို့ ထင်နေတာကွ။ သူတို့ နတ်ကြီးနဲ့ သရဲကြီးနဲ့က ရုပ်ချင်းတူနေတယ်ဆိုတော့ သရဲကြီးကို ဒုက္ခပေးဟန် မတူပါဘူးကွာ"

ဟု မုတ်ဆိတ်ဘဒင်ခေါ် မုတ်ဆိတ်မွေး အရှည်ကြီးနှင့် ကိုဘဒင်က ပြောပြန်လေ၏။ ထမင်းကို အားရပါးရ စားကြရင်း တစ်ယောက်တစ်ပေါက်နှင့် စကားများကို ဆူညံစွာ ပြောဆိုပျော်ရွှင်နေကြလေတော့၏။

ဘင်္ဂလားပင်လယ်အော်ကြီး ပတ်လည်ဝိုင်းနေသော ဤတစ်ကျွန်းမြေတွင် ပျော်စရာ ဟူ၍ အပေါင်းအဖော်ခြင်း စကားဝိုင်းဖွဲ့၍ ပြောကြဆိုကြခြင်းသည်သာ အဓိကဖြစ်လေ၏။ သို့သော် အချို့လူများက



www.burmeseclassic.com

www.burmeseclassic.com



တော့ ရရှိသော ပိုက်ဆံကလေးဖြင့် ဖဲချခြင်း၊ အရက်သောက်ခြင်း ပြုလုပ်ကာ ပျော်ပါးကြလေ၏။ သူတို့ကိုလည်း အပြစ်ဆိုဖွယ်ရာ မရှိပါပေ။ ဝေးရပ်မြေတစ်နေရာ၌ ချစ်စွာသော ဇနီးသားသမီးများ ကျန်ရစ်ခဲ့သည် ဖြစ်ရာ ဤသို့မျှ မနေလျှင်လည်း မည်သို့မျှ နေ၍ ရမည်မဟုတ်ပေ။

ထိုညက ကျွန်ုပ်သည် နိဂရစ်တိုကလေးများ၏ နတ်ဘုရားရုပ်ကြီးကို မျက်စိထဲမှာ မထွက်နိုင်အောင် ရှိနေလေတော့၏။

ဤမျှကြောက်စရာကောင်းသော သရဲရုပ်ထုကြီး၏ မျက်နှာနှင့် တူနေသော ကျွန်ုပ်၏ မျက်နှာအကြောင်းကို တွေးမိကာ ရင်ထဲတွင် ဝမ်းနည်းကြေကွဲရလေ၏။ လူဖြစ်နေတာခြင်း တူနေပေမယ့် ကျွန်ုပ်၏ ဘဝသည် မျက်နှာကို အမြဲတမ်း အဝတ်ကြီးတစ်ခု ဖုံးထားရသည့်အဖြစ်ကို တွေးမိကာ ယူကြုံးမရ ဖြစ်ရလေ၏။

ထိုသို့ ယူကြုံးမရ ဖြစ်ရခြင်းနှင့်အတူ ကျွန်ုပ်၏ ရင်ထဲတွင် ဒေါသတို့သည် လှိုင်းတံပိုးသဖွယ် တလိပ်လိပ် တက်လာလေတော့၏။ ထိုညက ဘီစင်ပုခေါ်သော အိပ်ဆောင်ကြီးတစ်ခုလုံး အိပ်မောကျနေသော်လည်း ကျွန်ုပ်မှာ ဒေါသကြောင့် အိပ်မပျော်နိုင်အောင် ရှိလေတော့၏။

မျက်စိထဲတွင် မခိုးမခန့်နှင့် ပြုံးရယ်ပြနေသော တက်ခေါင်း၏ မျက်နှာကိုလည်းကောင်း၊ အုတ်တံတိုင်းထိပ်တွင် ကားယားခွထိုင်ကာ ကြိုးအား ဓားနှင့် လှီးဖြတ်နေသော တက်ခေါင်း၏ ယုတ်မာယက်စက်သော မျက်လုံးများကိုလည်းကောင်း ပြန်၍ မြင်ယောင်လာသော ဒေါသတို့ မည်သို့မျှ နှိပ်ကွပ်၍မရနိုင်အောင် ရှိလေတော့၏။ မနက်မိုးလင်းသော အခါတွင်တော့ ကျွန်ုပ်သည် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက် လေတော့၏။

ကျွန်ုပ် ပြေးမည်။ ပင်လယ်ကြီးကို ဖြတ်၍ ကျွန်ုပ် ပြေးသော မည်။ ယခုကဲ့သို့ မျက်နှာကြီး အုပ်၍ နေရသောဘဝနှင့်စာလျှင် သေရာ





သည်ကမှ ကောင်းပေလိမ့်ဦးမည်။ သည်မျက်နှာကြီးနှင့်လည်း ပန်းနွယ်နှင့် ပေါင်းဖက်ရန် မည်သို့မျှ မဖြစ်နိုင်သည့်အတူတူ စွန့်စားခြင်းကသာ အဓိပ္ပာယ်ရှိပေလိမ့်မည်။ အကယ်၍ ကံထောင်းထောက်မပြီး မသေ မပျောက်နှင့် ရန်ကုန်ကို ပြန်ရောက်သွားခဲ့လျှင်လည်း တက်ခေါင်းကို မတွေ့တွေ့အောင် ရှာ၍ ဇီဝိန်ခြွေနိုင်ပေလိမ့်မည်။ သူ့ ခေါ်လာသည့် ခွေးညိုဟုခေါ်သော အကောင်သည်လည်း သူနှင့် တစ်ကြိတ်တည်း တစ်ညာဏ်တည်းသာ ဖြစ်ပေလိမ့်မည်ဟု တွေးကာ ကျွန်းမှ ပြေးရန် စတင်စီစဉ်ရလေတော့၏။

ပထမတော့ အုန်းမောင်ကိုပါ ခေါ်သွားရန် စဉ်းစားမိသော်လည်း ရှင်ဖို့နှင့် သေဖို့တွင် သေဖို့က များသည့် ဤခရီးမျိုးကို ခေါ်မသွားချင်ပေ။ အုန်းမောင်က ကျွန်ုပ်ကဲ့သို့ ဘဝပျက်နေသူ မဟုတ်ပေ။ ကျွန်ုပ် အဖို့ အသက်ရှင်နေ၍ မထူးပေမယ့် အုန်းမောင်အဖို့ ထူးလာနိုင်သည်။

နောက်ဆုံးတော့ ကျွန်ုပ်တစ်ယောက်တည်းသာ အသက်စွန့်၍ ပင်လယ်ကြီးကို ဖြတ်သန်းရန် ဆုံးဖြတ်လိုက်လေတော့၏။

အုန်းမောင် နေကောင်းစပြုလာသောအခါ အုန်းမောင်အတွက် ဆိတ်နို့ယူရန်ဟု အကြောင်းပြ၍ လူရိုင်းပုကလေးများ ရွာသို့ ကျွန်ုပ် တစ်ယောက်တည်း ထွက်လာခဲ့လေ၏။

လူရိုင်းရွာသို့ ရောက်သောအခါ ခါတိုင်းကဲ့သို့ မေတ္တာသုတ် ရွတ်ဖတ်ပေး၍ လူရိုင်းခေါင်းဆောင်ကို ကျွန်ုပ်က အမူအယာ ပြ၍ ပြောရလေ၏။

“နိဂရစ်တိုကြီး ငါ့ကို နတ်ဘုရားကြီးက အမိန့်ချလိုက်တယ်။ ဟို အရှေ့ဘက်ကို သွားပြီး အဲဒီက နတ်ဘုရားကြီးဆီမှာ အကြောင်း ကိစ္စတစ်ခု ဆောင်ရွက်ရလိမ့်မယ်။ အဲဒီအတွက် မင်းတို့ ရွာက ငါ့ကို ငါးခြောက်တွေ အလုံအလောက် လုပ်ပေးရမယ်။ တစ်လစာ ရိက္ခာ



www.burmeseclassic.com

www.burmeseclassic.com



ခြောက်နဲ့ ရေ အလုံအလောက် စီစဉ်ပေးပါ။ ပြီးတော့ လှေကောင်းကောင်း တစ်စီးလည်း ပေးရမယ်လို့ နတ်ဘုရားကြီးက အမိန့်ချလိုက်တယ်။ အဲဒါတွေ ဆောင်ရွက်ပေးရင်း မင်းတို့ရွာကို နတ်ဘုရားကြီးက စောင့်ရှောက်ပေးမယ်လို့ မှာလိုက်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေရာ ရွာခေါင်းဆောင်သည် သူ့လူများကို ကပ္ပလီဘာသာဖြင့် ချက်ချင်း ပြောပြလေရာ အားလုံးက ပြာပြာသလဲ ဖြစ်သွားကာ သူ့လှေကိုယူပါ၊ ငါ့လှေကို ယူပါနှင့် အတင်းပေးလေ၏။

"အခုချက်ချင်း မဟုတ်သေးဘူး နီဂရစ်တိုကြီး နောက် ၅ ရက်ကြာတော့မှ ငါလာမှာ မင်းသာ ပြည့်စုံအောင် စီစဉ်ထားပေတော့ ဒါ နတ်ဘုရားကြီးရဲ့ အမိန့်ပဲ"

ဟု ပြော၍ ကျွန်ုပ်လည်း ဆိတ်နို့ကျည်တောက်ကို လွယ်၍ ပြန်ခဲ့လေ၏။

နောက်တစ်ပတ် ကြာသောအခါတွင် ကျွန်ုပ်သည် နီဂရစ်တို့ ရွာသို့ ရောက်လာခဲ့လေတော့၏။ ရွာခေါင်းဆောင်နှင့် ရွာသားများသည် နတ်ဘုရားကြီး၏ အမိန့်ဟု ပြောထားသဖြင့် ကျွန်ုပ် အလိုရှိသော လှေနှင့် အသားခြောက်များ အုန်းသီးဆံအခြောက်များ ရေအပြည့်ထည့်ထားသည်။ အလုံပိတ်ဝါးကျည်တောက်များ ရေစုပ်သောက်ရန် အဆင်မပါသည့် ကျူရိုးကလေးများပါ အသင့်ပြင်ပေးထားလေ၏။ ကျွန်ုပ်လည်း လှေတွင် ရွက်တိုင်ကလေးတစ်ခုကို တတ်လိုက်ကာ တိတ်တိတ်ဝှက်၍ ယူလာသော ဖျင်ကြမ်းစောင်တစ်ထည်ကို ရွက်အဖြစ် ပြုလုပ်လိုက်လေ၏။

သို့နှင့် ညမိုးချုပ်သည်အထိ စောင့်နေပြီးလျှင် ကျွန်ုပ်သည် လှေပေါ်သို့ တက်၍ အရှေ့မြောက်ဘက်သို့ မှန်းကာ လှော်ခတ်ထွက်လာခဲ့လေတော့၏။





နီဂရစ်တိုများလည်း နတ်ဘုရား၏ အမိန့်အရသွားသည်ဟု ယုံကြည်သဖြင့် ကျွန်ုပ်အား ကမ်းခြေအထိ လိုက်ပို့ကာ ပိုင်း၍ အရိုအသေပြုကြလေ၏။

ကျွန်ုပ် ထွက်လာသောကာလသည် သကြန်လွန်ကာစ အချိန်ဖြစ်လေရာ အနောက်တောင်လေကလေး ဖြူးနေချိန်ဖြစ်တော့၏။ ကျွန်ုပ်လည်း ရွက်ကလေးကို ချလိုက်၏။ လေသိပ်ပြင်းလာလျှင် ရွက်ကလေးကို တင်ပေးလိုက်၏၊ လှော်တက်နှင့် လှော်လိုက် ပြုလုပ်ကာ ကမ်းမမြင် လမ်းမမြင် ပင်လယ်ကြီးကို အဖော်မပါ တစ်ယောက်တည်း ဖြတ်ကျော်ခဲ့လေတော့၏။

ညသို့ ရောက်သောအခါတွင်လည်း ကောင်းစွာ မအိပ်ရဲဘဲ လှေဦးလယ် မသွားအောင်သာ သတိထား၍ ထိန်းထားရလေတော့၏။

နေ့ဘက်တွင် အနောက်တောင်လေကြောင်းမိနေချိန်၌ ကြိုးကို သေသေချာချာ ချည်၍ အိပ်စက်ရလေ၏။

ဤသို့ဖြင့် မည်သည့် အန္တရာယ်မျှ မကြုံရဘဲ ငါးရက်ခန့် လှော်လိုက်၊ ရွက်တိုက်လိုက် ပြုလုပ်ပြီးသောအချိန်တွင် ခရီးလည်း အတော်ရောက်လာခဲ့လေ၏။ ထိုအချိန်တွင် အနောက်တောင်မှ တိမ်တိုက်မည်းမည်းကြီးများ တက်လာသည်ကို မြင်လိုက်ရလေရာ ကျွန်ုပ်မှာ လွန်စွာမှ စိုးရိမ်သွားလေတော့၏။

ညသို့ရောက်သောအခါ ကောင်းကင်တစ်ခုလုံး မည်းမှောင်သွားကာ ပင်လယ်ပြင်ကြီးတစ်ခုလုံး လှိုင်းတံပိုးများ ထလာကာ မည်းမှောင်၍ နေလေတော့၏။ ကျွန်ုပ်လည်း ရွက်ကလေးကို မြန်မြန်တင်ထားလိုက်ကာ လှေ၏ ဦးတည်ရာဘက် မပြောင်းအောင် ပဲ့ကိုင်ပေးနေရလေတော့၏။

မိုးသက်လေပြင်းကား ကျလေပြီ။ ကျွန်ုပ်၏ တစ်ကိုယ်လုံး ရွှဲစို၍သွားကာ လေအေးများ တိုက်သဖြင့် တဆတ်ဆတ် တုန်နေလေတော့



www.burmeseclassic.com

www.burmeseclassic.com



၏။ သို့သော် စ၍ ထွက်လာစဉ်ကတည်းကပင် ကျွန်ုပ်သည် အသက်ကို စွန့်ထားပြီးဖြစ်လေရာ များစွာ ကြောက်လန့် တုန်လှုပ်ခြင်း မရှိတော့ပေ။

မိုးသက်လေသည် တစ်ညလုံးတိုက်ခတ်နေသည် ဖြစ်ရာ ကျွန်ုပ်၏ လှေကလေးသည် ရွက်မပါသော်လည်း အရှေ့မြောက်ဘက်ဆီသို့ မနားတမ်းပြေး၍နေလေတော့၏။

ကောင်းကင်တွင် လျှပ်စီးများ တဝင်းဝင်း လက်နေသည်ဖြစ်ရာ လျှပ်တစ်ချက်အလက်တွင် ခပ်လှမ်းလှမ်းဆီမှ အမည်းတန်းကြီးတစ်ခုကို ရေပေါ်တွင် မြင်လိုက်ရလေ၏။

"ဟာ ... ကျွန်းတစ်ကျွန်းပါလား"

ဟု တစ်ယောက်တည်း ပြောလိုက်ကာ ဝမ်းသာသွားလေတော့၏။ ထို့နောက်တွင်တော့ လျှပ်စီးလက်သောအချိန်တွင် ထိုမည်းမည်းတန်းကြီးကိုသာ အားပြု၍ ကြည့်နေရလေတော့၏။ လှေဦးကိုလည်း ထိုနေရာသို့ တည့်တည့် ဦးတည်ထားရလေ၏။

မိုးကလည်း ခုချိန်အထိ မစဲသေးဘဲရှိလေရာ ကျွန်ုပ်၏ တစ်ကိုယ်လုံးလည်း အေးစက်ထုံကျင်နေလေတော့၏။ လင်းအားကြီးအချိန်ကို ရောက်သောအခါ ညိုမှိုင်းနေသည့် ကျွန်းကြီးတစ်ကျွန်းကို ထင်ထင်ရှားရှား လှမ်း၍ မြင်နေရလေတော့၏။ သို့သော် မည်သည့်နေရာဒေမှန်း ကျွန်ုပ် မသိပေ။

ကျွန်ုပ်၏ လှေသည် ကျွန်းနှင့် တဖြည်းဖြည်း နီးသည်ထက် နီးလာလေရာ မိုးလည်းစဲသွားလေတော့၏။ အရှေ့ဘက်မှ ရောင်နီကြီး တက်လာချိန်တွင်တော့ ကျွန်ုပ်၏ လှေကလေးသည် သောင်ခြေသို့ ထိုးတက်သွားလေတော့၏။

ထိုအချိန်တွင် ကျွန်ုပ်လည်း ခေါင်းထဲတွင် မူးနောက်လာကာ လှေထဲတွင် လှဲချလိုက်ရလေတော့၏။ စိတ်ရောလူပါ တစ်ပတ်ခန့် မနား





တမ်း ပင်ပန်းလာသည်ဖြစ်ရာ စိတ်လျှော့ချလိုက်သည့်အချိန်တွင် ဘာကိုမျှ မသိတော့ဘဲ အိပ်ပျော်သွားလေတော့၏။

ကျွန်ုပ် သတိရလာသောအခါ ကျွန်ုပ်သည် မြက်ခြောက်များခင်းထားသည့် အိပ်ရာပေါ်သို့ ရောက်နေလေ၏။ ကျွန်ုပ်လည်း မျက်စိဖွင့်၍ ကြည့်လိုက်သောအခါ တဲကြီးတစ်လုံးထဲသို့ ရောက်နေကာ နှာခေါင်းဝတွင် ငါးညှီနံ့များ ရလာလေ၏။ ထို့ကြောင့် တံငါတစ်ခုမှန်း ကျွန်ုပ် သိရလေ၏။

"ဘယ်လိုလဲ မိတ်ဆွေ သတိရလာပြီလား"

ဟူသော မြိတ်သံဝဲဝဲနှင့် မေးသံကို ကြားလိုက်ရလေရာ ကျွန်ုပ်မှာ ထခုန်မိမတတ် ဝမ်းသာသွားလေတော့၏။

"ဟုတ် ဟုတ်ကဲ့၊ ကျွန်တော် ဘယ်ကို ရောက်နေတာလဲဗျ"

ဟု ကျွန်ုပ် ရှေ့တွင် ရပ်နေသော သျှောင်ထုံးနှင့် လူကြီးကို မေးလိုက်လေ၏။ ထိုလူကြီးမှာ ပုဆိုးကို အောက်ပိုးကျိုက်ထားလေရာ ပေါင်မှ ထိုးကွင်းများကို အထင်းသား မြင်နေရလေ၏။

"ဒါ မြိတ်ကျွန်းလေ။ သောင်စပ်မှာ တွေ့လို့ မင်းကို ငါတို့ ခေါ်လာခဲ့တာ မင်း ဖျားပြီး သတိလစ်နေတာ နှစ်ရက်ရှိပြီ၊ သတိလစ်ရင်း ကယောင်ကတမ်းတွေလည်း ပြောနေတယ်။ အဲဒါ ငါတို့က ဆေးကို ရေနဲ့ ဖျော်ပြီး မင်းပါးစပ်ထဲကို ထည့်ထည့်ပေးနေရတာ"

ဟု မြိတ်သားကြီးက ပြောလေရာ ကျွန်ုပ်လည်း ပက်လက်ကလေးမှပင် သူ့ကိုလက်အုပ်ချီလိုက်မိလေ၏။

"ကျေးဇူးကြီးလှပါပေတယ် မိတ်ဆွေကြီးရယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေရာ –

"အေးအေး ... ခဏနေတော့ ကောင်လေးတွေ ဆန်ပြုတ်လာတိုက်လိမ့်မယ်။ အားရှိအောင် သောက်ဗျာ။ ငါတို့က မြိတ်သား



www.burmeseclassic.com

www.burmeseclassic.com



တံငါသည်တွေကွ။ မင်း နေကောင်းတော့ မင်းသွားချင်တဲ့ဆီကို ရောက်အောင် ပို့ပေးမှာပါ''

ဟု ပြောကာ ထွက်သွားလေတော့၏။

''ငါ လွတ်ပြီပေါ့ တက်ခေါင်ရေ။ မင်း ထမင်းသာ ဝအောင်စားထားပေတော့''

ဟု ကျွန်ုပ်တစ်ယောက်တည်း ပြောဆိုကြိမ်းဝါးလိုက်လေတော့၏။

■

# အခန်း (၁၂)
## ခေါင်းမြီးခြုံနှင့် သူတောင်းစား

ကျွန်ုပ်၏ အသက်သခင်ဖြစ်သော မြိတ်သားကြီး ဦးပေါ်ထွန်း၏ တံငါတဲကလေးအတွင်း မျက်နှာကို အဝတ်ဖုံးကာ တစ်လခန့် နေခဲ့ရလေ၏။ ထို့နောက်တွင်တော့ ဦးပေါ်ထွန်း၏ စီစဉ်ပေးမှုကြောင့် မြိတ်နှင့် ရန်ကုန်သွားသော 'ဝိဇ္ဇာအေး' အမည်ရှိ စက်လှေကြီးတွင် အထမ်းသမားအဖြစ်နှင့် မျက်နှာကို အဝတ်စည်းထားလိုက်ခွင့် ရခဲ့လေ၏။

သုံးနှစ်ကျော်ခွဲခွာနေခဲ့ရသော ရန်ကုန်မြေသို့ ပြန်၍ ရောက်သောအခါ ဦးပေါ်ထွန်း ပေးလိုက်သော ငွေစကလေးနှင့် စက်လှေတွင် ကုန်ထမ်းသဖြင့် ရခဲ့သော ငွေစကလေးများကို ပေါင်းလိုက်သောအခါ ကျွန်ုပ်၏ လက်တွင် အထိုက်အလျောက် ငွေစကလေးများ ရှိနေလေ၏။

ကျွန်ုပ်လည်း ရထားတစ်စီးငှားလိုက်ကာ ကန်တော်ကလေးသို့ မောင်းနိုင်းလိုက်လေ၏။ ၁၀၁ လမ်းသို့ ရောက်သောအခါတွင် ကျွန်ုပ်သည်း မျက်နှာကို အဝတ်ဖုံးကာ ကျွန်ုပ်၏ အိမ်သို့ သွားလေ၏။

''ဟာ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ် အံ့သြရွှေလိုက်မိလေ၏။ ကျွန်ုပ်၏ အိမ်နေရာတွင် တိုက်ခံအိမ်ကလေးတစ်လုံး ဆောက်ထားသည်ကို တွေ့ရလေ၏။ ကျွန်ုပ်လည်း အရိပ်အကဲကို ကြည့်လိုက်သောအခါ လူသစ်များ ဖြစ်နေလေ၏။

ထို့ကြောင့် အိမ်ရှေ့အိမ်မှ ဦးလူလုကြီးကို တက်၍ မေးကြည့်မည်ဟု စိတ်ကူးပြီး အိမ်ရှေ့အိမ်သို့ ကြည့်လိုက်သောအခါ ဦးလူလု၏ မိန်းမဒေါ်မြရင်ကြီးကို တွေ့လိုက်ရလေ၏။

"ဪ ... ဒီမှာ အဒေါ်ကြီး ဒီရှေ့က အိမ်က ကိုမိုးတို့ ကိုတက်ခေါင်တို့အိမ်များလား။ ကျွန်တော်လည်း မရောက်တာ လေးနှစ်လောက် ရှိနေတော့ မမှတ်မိလို့ပါ"

ဟု ကျွန်ုပ်က မေးလေရာ ဒေါ်မြရင်ကြီးက –

"မင်း ဘာမှ မသိဘူး မှတ်တယ်။ မှောင်မိုးက လူသတ်မှုနဲ့ ကျွန်းကျသွားလေရဲ့။ သူ့ညီ တက်ခေါင်က အိမ်ရောင်းပြီး ပြောင်းသွားတာ ကြာပါပကော"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က "ဪ ... ကိုတက်ခေါင် တစ်ယောက် ဘယ်များ ပြောင်းသွားပါလိမ့်" ဟု ထပ်၍ မေးလိုက်လေရာ

"အဲဒါတော့ မသိဘူးကွယ့်။ ဒါပေမယ့် တချို့ကတော့ တက်ခေါင်ကို မြို့ထဲမှာ တစ်ခါတလေ တွေ့တာတော့ ကားတွေ ဘာတွေနဲ့ သူဌေးဖြစ်နေတယ်ဆိုပဲ"

ဟု ဒေါ်မြရင်ကြီးက ပြောလေရာ ကျွန်ုပ်လည်း နောက်ထပ် ဘာကိုမျှ မမေးတော့ဘဲ ကျေးဇူးတင်ကြောင်းကိုသာ ပြော၍ ပြန်လှည့်လာလေတော့၏။

"တွေ့ကြသေးတာပေါ့ တက်ခေါင်ရာ။ ငါ့မိဘရဲ့ အိမ်ကိုတော့ မင်းက ရောင်းစားသွားတဲ့ အကောင်။ ငါနဲ့ အဖေနဲ့ ဖောက်ထွင်းပြီး စုထားတဲ့ ပစ္စည်းတွေလည်း မင်းက မောင်ပိုင်စီးလိုက်ပြီပေါ့။ ဒီတော့





လည်း သူဌေးလုပ်လို့ရပြီပေါ့လေ။ အေး ... အေး၊ ဒါပေမဲ့ မင်းသက်တမ်းကတော့ သိပ်ပြီး ကျန်တော့မှာ မဟုတ်တော့ဘူး တက်ခေါင်ရေ"

ဟု ကျွန်ုပ်၏ ရင်ထဲတွင် ပြောလိုက်ရင်း အံကို တင်းတင်းကြိတ်လိုက်မိလေ၏။ ထို့နောက်တွင်တော့ ကျွန်ုပ်သည် ပါလာသော ငွေစကလေးများကို ချွေတာ၍ စားသောက်ရင်း တက်ခေါင်ကို အပူတပြင်း ရှာဖွေမိလေတော့၏။ သို့သော် အပြောကျယ်လှသော ရန်ကုန်မြို့ကြီးအတွင်းတွင် ကျပျောက်သွားသော အပ်တိုကလေးတစ်ချောင်းကို တွေ့အောင် ရှာဖွေရသကဲ့သို့သာ ရှိလေတော့၏။

ဤသို့ဖြင့် နောက်ဆုံးတွင် ကျွန်ုပ်၌ ပါလာသော ငွေစကလေးများလည်း ကုန်ခန်းသွားခဲ့လေ၏။ ထိုအခါတွင် ကျွန်ုပ်သည် အကြီးအကျယ် အခက်တွေ့ရလေတော့၏။ ကျွန်ုပ်၏ မျက်နှာကို တွေ့ရလျှင် မည်သူကမျှ အလုပ်ပေးမည် မဟုတ်မှန်း သိသဖြင့် အလုပ်လုပ်ရန် အခက်တွေ့ရလေတော့၏။

တစ်နေရာရာတွင် အလုပ်ဝင်၍ လုပ်နေလျှင်လည်း တက်ခေါင်ကို ရှာဖွေရန် နှောင့်နှေးသွားမည်ကို စိုးရိမ်ရသဖြင့် ဘာလုပ်ရမှန်း မသိအောင် ရှိလေတော့၏။ နောက်ဆုံးတွင်တော့ ကျွန်ုပ်သည် ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာ ချလိုက်လေတော့၏။ သူတောင်းစားအဖြစ်နှင့် အရပ်တကာသို့ လည်ကာ တောင်းရမ်းစားသောက်တော့မည်။ သို့မှသာ တက်ခေါင်ကို တစ်နေ့နေ့ တွေ့ရလိမ့်မည်ဟု တွေးတောလိုက်လေ၏။

ဤသို့ ဆုံးဖြတ်ပြီးသောအခါ ကျွန်ုပ်သည် ခွက်တစ်လုံး ရှာကာ တောင်ဝှေးတစ်ချောင်းကိုင်၍ လူစည်ကားရာ အရပ်များသို့လည်ကာ တောင်းရမ်းစားသောက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရှပ်ဆိုးကြီးမိုးမှောင်ခေါ် သရဲကြီး မိုးမှောင်တစ်ယောက်တော့ ခေါင်းမြီးခြုံ သူတောင်းစားကြီး မိုးမှောင်ဖြစ်ရပြန်လေတော့၏။ ကျွန်ုပ်လည်း ကျွန်ုပ်၏ ပြင်းပြသော ဆန္ဒတစ်ခုကြောင့် ရက်ရကြောက်ရမှန်းပင် မသိဘဲ မိုးလင်းမှ မိုးချုပ်သည်အထိ တက်ခေါင်ကို ကျိုးကန်းတောင်းမှောက် ရှာဖွေနေမိလေတော့၏။

■

ကျွန်ုပ်လည်း တစ်နှစ်ခန့်ကြာသည်အထိ သူတောင်းစားကြီးဘဝနှင့် ကျင်လည်နေခဲ့ရလေတော့၏။ တစ်နေ့သ၌ ကျွန်ုပ်သည် ရွှေတိဂုံဘုရားအနီး၌ တောင်းရမ်းနေစဉ် တောင်ဘက်မုခ်မှ ဆင်းလာသော လူတစ်ယောက်ကို တွေ့လိုက်ရလေလာ ရင်ထဲတွင် ဒိတ်ခနဲ မြည်သွားအောင် ဝမ်းသာသွားမိလေ၏။

"ဟာ ခွေးညို ခွေးညိုပါလား"

ဟု တစ်ယောက်တည်း ပြောကာ ခွေးညို၏ နောက်မှ နောက်ယောင်ခံ၍ လိုက်သွားလေ၏။ ခွေးညိုသည် ရထားငှားခြင်း၊ လန်ချားငှားခြင်း မရှိဘဲ ရွှေတိဂုံဘုရားလမ်းအတိုင်း လျှောက်သွားလေ၏။

"အေး ... ကိုခွေးညိုပါလား။ ဘုရားလာတယ် ထင်တယ်။ အင်း ... ပွဲစားလေးပဲ ကောင်းပါတယ်ဗျာ။ သားမယားမရှိတော့ အပူအပင် ကင်းကင်းနဲ့ ဘုရားသွား ကျောင်းတက်မှန်ပြီး အေးချမ်းလှပေတယ်"

ဟု လမ်း၌ တွေ့သော လူတစ်ယောက်က ခွေးညိုကို နှုတ်ဆက်လေရာ ခွေးညိုသည် တစ်ယောက်တည်း နေထိုင်ကြောင်း သိရလေ၏။ ကျွန်ုပ်အတွက်လည်း အခွင့်ပို၍သာမှန်း သိလိုက်ရသဖြင့် ဝမ်းသာသွားလေတော့၏။





"အပူအပင် ကင်းတယ်လည်း မဟုတ်ပါဘူးဗျာ။ ဒီလိုပဲ လုပ်ကိုင်နေရတာပါ"

ဟု ခွေးညိုက ပြန်၍ ပြောလေ၏။

ကျွန်ုပ်လည်း ခွေးညိုနှင့် မလှမ်းမကမ်းမှ လိုက်သွားကာ အကဲခတ်ရလေ၏။ ခွေးညိုသည် ဗဟန်းကျောင်းတော်ရအနီးမှ နှစ်ထပ်အိမ်တွင် နေထိုင်ကြောင်း သိရလေ၏။ ကျွန်ုပ်လည်း လမ်းဘေးတွင် ခွက်ကလေးချကာ ပိုက်ဆံတောင်းရင်းမှ ခွေးညို၏အိမ်သို့ အကဲခတ်ကြည့်မိလေ၏။

ထိုညမှာပင် ကျွန်ုပ်သည် အသုံးမချသည်မှာ ကြာခဲ့ပြီဖြစ်သော ဖောက်ထွင်းပညာကို အသုံးချရန် အကြောင်းက ပေါ်လာလေတော့၏။ ကျွန်ုပ်လည်း ထုံးစံအတိုင်း ညအမှောင်ရိပ်ကို နိုကာ ခွေးညို၏ အိမ်သို့ ကပ်လေ၏။

ခွေးညို အသုံးပြုသော သော့ခလောက်မှာ အညံ့စားသော့ခလောက်ဖြစ်လေရာ တစ်ချက်ဖွင့်ရုံနှင့်ပင် ပွင့်သွားလေတော့၏။ ကျွန်ုပ်လည်း ခြေသံလုံလုံ နင်းကာ အိမ်ထဲသို့ ဝင်ရောက်ခဲ့လေ၏။

ပြီးလျှင် မီးလင်းနေသော အိပ်ခန်းဆီသို့ ခြေဖော့နင်းကာ ကပ်သွားလိုက်သောအခါ ခွေးညို မအိပ်သေးဘဲ စာတစ်အုပ်အား ဖတ်နေသည်ကို တွေ့ရလေ၏။

ကျွန်ုပ်လည်း အခန်းတံခါးကို တွန်းဖွင့်၍ အခန်းထဲသို့ ဝင်လိုက်လေ၏။ ထိုအခါ ကျွန်ုပ်ကို တွေ့သွားသော ခွေးညိုသည် အိပ်ရာဘေးရှိ စားပွဲပေါ်မှ ... [note: see below]



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ဟား ပွဲစားကလေး ကိုခွေးညိုက သူဌေးကလေး ဖြစ်နေပြီဆိုတော့ ကျွန်တော့်လို သူတောင်းစားတစ်ယောက်ကို ဘယ်မှာ မှတ်မိပါတော့မလဲဗျာ"

"ဘာ မင်းက သူတောင်းစား ဟုတ်လား။ ဩော် . . . နေ့ခင်းက အိမ်ရှေ့နားမှာ တစ်နေ့လုံး ထိုင်တောင်းနေတဲ့ သူတောင်းစားက မင်းပဲကိုး"

"ဟုတ်ပါတယ် ပွဲစားကလေး ကိုခွေးညို။ အဲဒီလောက် တောင်းနေတာတောင်မှ တခြားလူတွေလို တစ်ပြား၊ နှစ်ပြားတောင် ဆင်းလာပြီး မစွန့်ကြဲတာနဲ့ အခုလို အိမ်ပေါ်အထိလာပြီး တောင်းရတာပါ"

"မင်း တော်တော် လူပါးဝတဲ့ သူတောင်းစားပါလား"

ဟု ခွေးညိုက ပြောလေရာ –

"လူပါးဝတာက ငါ မဟုတ်ဘူးကွ။ မင်းနဲ့ တက်ခေါင်နဲ့က ဝသွားတာ"

ဟု ကျွန်ုပ်က ဒေါသတကြီး ပြောလိုက်သောအခါ –

"ဘာ ဘယ်လို၊ ဟင် ဆရာမိုး၊ ဆရာမိုးလား"

ဟု ခွေးညိုက ပြာပြာသလဲ မေးလေ၏။

"ဟား ဟား ဟား ဟား မင်းက လူကဲခတ်တော့ မဆိုးပါဘူး ခွေးညိုရ"

"ဟာ . . . ဆရာမိုးရယ်။ ကျွန်တော် ဆရာမိုးအတွက် တစ်ရက်မှ စိတ်မကောင်းပါဘူးဗျာ။ ရွှေတိဂုံဘုရားကြီးကို တက်ပြီး ဖူးတိုင်း ဆရာမိုး ပြန်လွတ်လာပါစေလို့ ကျွန်တော် အမြဲဆုတောင်းပါတယ်။ ခုမနက်ကတောင်မှ ဆုတောင်းခဲ့ပါသေးတယ်ဗျာ"

"ဟဲ ဟဲ မင်းသေရမှာကို ကြောက်ပြီး သွေးရူးသွေးတမ်း လျှောက်ပြောမနေနဲ့ ခွေးညို"





ဟု ကျွန်ုပ်က ခပ်မာမာ ပြောလိုက်သောအခါ –

"ကျွန်တော် ဆရာမိုးအပေါ်မှာ လိမ်လည်ပြီး တစ်ခွန်းမှ မပြောရပါဘူးဗျ။ ဘုရားစူးရပါစေရဲ့။ ဆရာမိုး မယုံရင် ကျွန်တော် တစ်ခုပြောပါရစေ။ အဲဒါမှ မယုံရင် ဆရာမိုး ရှေ့မှာ ကျွန်တော် လည်စင်းပေးပါ့မယ်။ တစ်ခါတည်း သတ်သာသွားပါ"

ဟု ခွေးညိုက ပြောလေရာ –

"ကဲ . . . မင်း ဘာပြမှာလဲ၊ မြန်မြန်သာ ပြ၊ ဉာဏ်များလို့ကတော့ အက်ဒမန်ကျွန်းက နီဂရစ်တိုတွေရဲ့ အဆိပ် ဘယ်လောက်ပြင်းတယ်ဆိုတာ မြည်းကြည့်သွားရမှာပေါ့ကွာ"

ဟု ပြောကာ ကျွန်ုပ်က ရင်ဘတ်အတွင်းတွင် ဝှက်၍ ယူလာခဲ့သော မားအိမ်စွတ်ထားသည့် မားမြှောင်ကို အသင့်ထုတ်၍ ကိုင်ထားလိုက်လေ၏။

ခွေးညိုလည်း မှန်ဗီရိုကြီးဆီသို့ လျှောက်သွားကာ ဗီရိုသော့ကို ဖွင့်လေ၏။ ပြီးလျှင် အတွင်းမှ အံဆွဲကိုလည်း သော့ဖွင့်လေ၏။ ပြီးလျှင် အံဆွဲကို ဆွဲထုတ်ကာ သံသေတ္တာကလေးကို ထုတ်၍ အဖုံးဖွင့်ကာ ကျွန်ုပ်ကို ပြလေ၏။

အထဲတွင် ငွေစက္ကူများ အထပ်လိုက် ရှိနေသည်ကို တွေ့ရလေ၏။ ငွေစက္ကူထပ်များပေါ်တွင် စာအိတ်ကလေးတစ်ခုလည်း တွေ့ရလေ၏။

"ဒါ ဘာလုပ်တာလဲ"

ဟု ကျွန်ုပ်က ခပ်ဆတ်ဆတ် မေးလိုက်လေရာ ခွေးညိုက ငွေစက္ကူများပေါ်မှ စာအိတ်ကလေးကို ယူ၍ အတွင်းမှ စာကို ထုတ်ယူကာ ကျွန်ုပ်အား လှမ်းပေးလေ၏။ ကျွန်ုပ်လည်း စာရွက်ကို ယူ၍ ဖတ်လိုက်သောအခါ –



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင် ဆရာမိုး ကျွန်းမှ ပြန်လာလျှင်ပေးရန်။
တပည့်ခွေးညို

ဟု ရေးထားလေ၏။ ကျွန်ုပ်လည်း စာရွက်ကို လုံးချေပစ်လိုက်ကာ –

"ဒါက ဘာသဘောလဲ"

ဟု ခွေးညိုကို မေးလိုက်လေ၏။

"ဆရာမိုး ကိုတက်ခေါင် ကြိုးဖြတ်ချခဲ့တာ ကျွန်တော် လုံးဝ မသိဘူးဗျ။ ပြေးရင်းနဲ့ ဆရာမိုး ပါမလာတော့မှ တက်ခေါင်ကို မေးလိုက်တော့ သူက တဟားဟားနဲ့ ရယ်ပြီး မင်းလူ ခုလောက်ဆို ခွေးသုံးကောင် ဝိုင်းကိုက်လို့ သေတောင်သေလောက်ပြီ ခွေးညိုရဲ့လို့ ပြောတယ်။

"ကျွန်တော်က ဆရာမိုးကို ဘာလုပ်ခဲ့သလဲလို့ မေးတော့ ကြိုးဖြတ်ချခဲ့တယ်လို့ ပြောတယ်။ ပြီးတော့မှ မင်းပါးစပ်လုံလုံသာထား။ ခွေးညို မင်းအတွက် ဝေစုကို ငါ ထိုက်ထိုက်တန်တန် ပေးမယ်လို့ ပြောတယ်။

"ကျွန်တော်လည်း ဘာမှ ပြန်မပြောတော့ဘဲ ချာခနဲ လှည့်ထွက်ခဲ့တယ်။ ဒီကောင့်မျက်နှာကို ကြည့်လည်း မကြည့်ချင်ဘူး ဆရာမိုးရာ။

"နောက်နှစ်လလောက်ကြာတော့ တက်ခေါင် ကျွန်တော့်ကို လာရှာတယ်။ ဆရာမိုး ကျွန်းကျသွားပြီ။ ဒီတစ်သက် ပြန်လာမှာ မဟုတ်တော့ဘူးလို့ ပြောပြီး ကျွန်တော့်ကို ငွေတစ်သိန်းပေးတယ်။ ပြီးတော့ ပါးစပ်လုံအောင်ထားပါ။ မထားရင်တော့ သတ်ပစ်မယ်လို့ ကြိမ်းတယ်။ ကျွန်တော်လည်း ဆရာမိုးအတွက် စိတ်မကောင်းဖြစ်ပြီး သူ့ကို ဘာမှ ပြန်မပြောလိုက်တော့ပါဘူး။ ပြောလို့လည်း ဘာမှ ထူးမှာ မဟုတ်တော့ဘူး မို့လား။





"ဒါနဲ့ပဲ ကျွန်တော် ရတဲ့ငွေတစ်သိန်းထဲက ငါးသောင်းကို ဆရာမိုးအတွက် ဖယ်ထားလိုက်တယ်။ ကျွန်တော် စိတ်ထဲမှာတော့ ဆရာမိုး တစ်နေ့ ပြန်လာမယ်ဆိုတာ ယုံကိုနေတာဗျ"

ဟု ပြောလေ၏။ ကျွန်ုပ်လည်း ခွေးညိုအမှန်အတိုင်း ပြောနေမှန်း သိလိုက်လေရာ ဘာမှ မပြောနိုင်အောင် ရှိလေတော့၏။

"ဒါထက် ဆရာမိုး ကျွန်းက ပြေးလာတာ ထင်တယ်။ ရုပ်ကို လူမသိအောင် ပုဆိုးကြီး ခြုံထားတာလား"

ဟု ခွေးညိုက မေးလေ၏။ ကျွန်ုပ်က ခေါင်းကို ခါပြလိုက်ပြီး နောက် ခေါင်းတွင် ခြုံထားသော ပုဆိုးကို ချွတ်၍ ပြလိုက်လေတော့၏။

"အလို ဘယ်လိုဖြစ်ရတာလဲ ဆရာမိုးရယ်"

ဟု ခွေးညိုက ဝမ်းနည်းသံကြီးနှင့် ပြောလေ၏။

"ဆရာမိုးတော့ ဟုတ်ပါတယ်နော်"

ဟု ထပ်၍ မေးလေ၏။ ကျွန်ုပ်လည်း ဘာမှ မပြောဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်လေ၏။ ပြီးတော့မှ ဓားမြှောင်ကို ပြန်၍ သိမ်းလိုက်ကာ –

"ခွေးကြီးသုံးကောင် ဝိုင်းကိုက်လိုက်တာပေါ့ ခွေးညိုရာ"

ဟု ပြောလေရာ ခွေးညိုသည် ကျွန်ုပ်၏ မျက်နှာကို စေ့စေ့စိုက်ကြည့်ကာ မျက်ရည်များ ကျလာလေ၏။

"ဖြစ်ရလေ ဆရာမိုးရယ်။ ဒီလိုမှန်းသိရင် ကျွန်တော် နောက်ဆုံးမှ ထွက်ပါတယ်ဗျာ။ ဒါထက် ပြင်သစ်ကုန်သည်ကြီးကို ဆရာမိုး သတ်လိုက်တာလား"

ဟု မေးလေ၏။ ကျွန်ုပ်လည်း ခေါင်းကို ခါပြလိုက်ကာ –

"ငါ သတ်တာ မဟုတ်ဘူး ခွေးညို။ တက်ခေါင် ဓားနဲ့ ထိုးသတ်လိုက်တာ၊ ပြင်သစ်ကြီးက ငါ့ကို ချုပ်ထားတုန်းမှာ သူက နောက်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ခါးနဲ့ ဝင်ထိုးတာကွ။ လက်လွှန်သွားပြီးမှ ငါ သိလိုက်တာ"

"ဟာ ... ဒါဆိုရင် ဆရာမိုးက အသလွှတ် ခံလိုက်ရတာပေါ့"

ဟု ခွေးညိုက ပြောလေရာ ကျွန်ုပ်လည်း ခေါင်းကိုသာ ညိတ်ပြလိုက်ရလေတော့၏။ ပြီးမှ –

"ဒီကောင်နေတဲ့ နေရာကို မင်း သိတယ်မို့လား ခွေးညို"

ဟု ကျွန်ုပ်က မေးလိုက်လေရာ –

"သိတာပေါ့ ဆရာမိုးရာ။ သိချင်လို့ကို နောက်ယောင်ခံပြီး လိုက်ကြည့်ထားတာဗျ။ ဒီကောင်က သူဌေးဖြစ်နေပြီ ဆရာမိုးရဲ့။ ဆရာမိုးတို့ရလာတဲ့ ပတ္တမြားကြီးကို ကျွန်တော်ကတော့ မြင်တောင် မမြင်ဖူးခဲ့ပါဘူးဗျာ။ ဒါပေမဲ့ ဒီကောင်က နေခြင်းညခြင်း သူဌေးဖြစ်သွားပုံထောက်တော့ တော်တော်ကို တန်ဖိုးကြီးတဲ့ ပုံပဲလို့ ကျွန်တော် တွေးမိတယ်ဗျ"

"အဲဒီပတ္တမြားကြီးတင် ဘယ်ကမလဲ ခွေးညိုရာ။ ငါ့မိဘ လက်ထက်ကတည်းက ရှိခဲ့တဲ့ ရွှေတွေ စိန်တွေရော ငါ့မိဘ အိမ်ရော ဒီကောင် ရောင်းချပြီး အကုန်ယူသွားတာကွ"

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ ခွေးညိုသည် ပါးစပ်ဟောင်းလောင်း ဖြစ်သွားလေတော့၏။

"ဟာ ... ဒီကောင် တော်တော်ကို လူမဆန်တဲ့ ကောင်ပဲဗျာ။ သြော် ... ဒါပေမဲ့ ဒီကောင်က မိန်းမရတာတော့ ကံအကောင်းသား ဆရာမိုးရဲ့။ သူ့မိန်းမကို ကျွန်တော် သေသေချာချာ မြင်ဖူးတယ်ဗျ။ တော်တော်ကို ချောတာ ဆရာမိုးရေ။ နာမည်ကလည်း လူနဲ့လိုက်အောင် လှပါရဲ့ဗျာ။ ဘာတဲ့ မပန်းနွယ်တဲ့ဗျာ"

"ဘာကွ ခွေးညို။ ဒီကောင် ပန်းနွယ်ကို ယူလိုက်တယ် ဟုတ်လား"





"ဟာ ဟုတ်တယ်လေ ဆရာမိုးရဲ့။ ဒီကောင့် မိန်းမ မပန်းနွယ်ကို ဆရာမိုး သိတယ် ဟုတ်လား"

ဟု ခွေးညိုက မေးသော်လည်း ကျွန်ုပ်က ဘာမှပြန်၍ မဖြေနိုင်တော့ပေ။ ခွေးညိုလည်း ကပျာကယာ ထသွားကာ ဝီစကီတစ်ခွက် ထည့်၍ ယူလာလေ၏။

"ဆရာမိုး အဲဒါလေး နည်းနည်း သောက်လိုက်ဗျာ။ ဆရာမိုး ကြည့်ရတာ စိတ်အတော်ကို လှုပ်ရှားနေပုံရတယ်"

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်လည်း ခွေးညို ပေးလာသော ဝီစကီခွက်ကို တစ်ချက်တည်း မော့ချလိုက်မိလေ၏။ ခဏနေတော့မှ–

"ခွေးညို ပန်းနွယ်ဆိုတာက ငါနဲ့ လက်ထပ်မယ့်ဆဲဆဲ မိန်းကလေးကွ။ ငါ့ရည်းစား၊ ငါ့ရည်းစား၊ ငါ့ရည်းစား"

ဟု ပြောရင်း ကျွန်ုပ်သည် ငိုရှိုက်လိုက်မိလေတော့၏။

"တောက်"

ဟူသော တောက်ခေါက်သံတစ်ချက် ထွက်လာကာ –

"ဒီလိုမှန်း မသိလို့ပါဗျာ။ စောစောကသာ ဒီအကြောင်းတွေ သိခဲ့ရင် ဒီကောင်ကို ကျွန်တော် သတ်ပြီးတာ ကြာလှပြီပေါ့ဗျာ"

ဟု ခွေးညိုက အံကြိတ်ကြိတ်ကာ ပြောလေတော့၏။

"မလုပ်ပါနဲ့ ခွေးညိုရယ်။ ဒီအကောင်ကို ငါကိုယ်တိုင် သတ်စမ်းပါရစေကွာ။ ငါ့ကိုသာ အကူအညီပေးပါ။ ငါပုန်းနိုင်ပြီး နေဖို့ လုံခြုံတဲ့ နေရာတစ်ခု ရှာပေးပါ။ ဒီကောင်နေတဲ့ နေရာကို သိပြီဆိုတော့ ငါလည်း သူတောင်းစားကြီး လုပ်နေစရာ မလိုတော့ဘူးပေါ့ကွာ"

"ဟာ ... သူတောင်းစားတော့ မလုပ်ပါနဲ့တော့ ဆရာမိုးရာ။ ကျွန်တော် အိမ်မှာပဲ နေပါဗျာ။ ကျွန်တော် ဆရာမိုးကို ပြုစုပါရစေဗျာ။ ပြီးတော့လည်း ဒီကောင်နဲ့ မနီးမဝေးမှာ ဆရာမိုး နေဖို့ လုံခြုံတဲ့နေရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ကျွန်တော် ရှာပေးပါ့မယ်။ ဒါမှ ဆရာမိုး ဒီကောင့်ကို စိတ်တိုင်းကျ သတ်နိုင်မှာမို့လား”

ဟု ခွေးညိုက ပြောလိုက်သောအခါ ကျွန်ုပ်လည်း ခွေးညို၏ စကားကို နားထောင်လိုက်ရလေတော့၏။

■

# အခန်း (၁၃)
# ခွင့်လွှတ်ပါ ပန်းနွယ်

ဤလောကတွင် တက်ခေါင်တို့ကဲ့သို့ ယုတ်မာကောက်ကျစ်သောသူများ ရှိနေသကဲ့သို့ ခွေးညိုတို့ကဲ့သို့ သစ္စာရှိသူများလည်း ရှိကြသည့်အဖြစ်ကို တွေ့ကြည့်မိသောအခါ လူ့လောကကြီးသည် နေရာတကာတွင် ဆန့်ကျင်ဘက်များနှင့်သာ ဖွဲ့စည်းထားလေ့ရှိကြောင်းကို ကျွန်ုပ် တွေးမိလေ၏။

ကျွန်ုပ်အပေါ်တွင် လွန်စွာမှ သစ္စာရှိသော ခွေးညိုသည် ကျွန်ုပ်အား ဗဟန်းကြားတောရအနီးမှ သူ့အိမ်တွင် တစ်လခန့်ခေါ်ထားကာ ကျွန်ုပ်အား လိုလေသေးမရှိအောင် ပြုစုပေးလေ၏။ တစ်ဘက်မှလည်း တက်ခေါင်တို့နေသော ဘောက်ထော်မှ ခြံဝင်းနှင့်နှစ်ခြံကျော်တွင်ရှိသည့် လူမနေသော ခြံဝင်းကြီးထဲမှ အိမ်ယည်းကြီးတစ်လုံးကို ငှားရမ်းပေးလေ၏။

တစ်ညတွင် ကျွန်ုပ်သည် လူမနေသော အိမ်ယည်းကြီးကို ပြောင်းရွှေ့နေထိုင်ရလေ၏။ ကျွန်ုပ် စားသောက်ရန်အတွက် အခြောက်အခြမ်းစားသောက်ပစ္စည်းများကိုလည်း အလုံအလောက် ပို့ပေးလေ၏။

ကျွန်ုပ်သည် ညတိုင်ရောက်လျှင် မှောင်ရိပ်မှ နေ၍ တက်ခေါင်၏အိမ်သို့ ဝင်လမ်းထွက်လမ်းများကို ကြည့်နေလေ့ရှိ၏။ နေ့ဘက်တွင်မူ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးထဲတွင်သာ အောင်းနေ၍ မည်သည့်နေရာကိုမျှ သွားလာခြင်း မရှိပေ။

ထိုသို့ လှေလာနေထိုင်ရင်းမှ အနေအထားအားလုံးကို သိပြီးသောအခါ ကျွန်ုပ်သည် တက်ခေါင်တို့ အိမ်ထဲသို့ ဝင်ရန် ရက်သတ်မှတ်လိုက်လေတော့၏။

ကျွန်ုပ်လည်း ယခင် ဖောက်ထွင်းဝိဇ္ဇာပြုလုပ်စဉ်က ဝတ်စားခဲ့သော အဝတ်အစားများအတိုင်း အပေါ်အနက်၊ အောက်အနက်နှင့် ကမ်းပတ်ဖိနပ်အနက်တို့ကို ဝတ်ဆင်ကာ ခေါင်းစွပ်အနက်ကိုလည်း ဝတ်ဆင်လိုက်လေ၏။ မျက်လုံးနေရာနှင့် နှာခေါင်းနေရာတွင်သာ အပေါက်ကလေးများ ရှိလေရာ၊ ကျွန်ုပ်၏ ပျက်ယွင်းနေသော မျက်နှာကို မည်သူမျှ မမြင်နိုင်တော့ပေ။ ကျွန်ုပ်လည်း ည ၁၁ နာရီထိုးသည်နှင့် အိမ်မှ ထွက်လာကာ တက်ခေါင်တို့ ခြံ၏ နောက်ဘက်သို့ ပတ်၍ ဝင်ခဲ့လေ၏။ ဘောက်ထော်ရပ်သည် ခြံကြီးဝင်းကြီးများသာ ရှိလေရာ ည ၁၁ နာရီခန့်ရှိသောအခါ လမ်းသွားလမ်းလာ အရှင်းမရှိတော့အောင် ဖြစ်သွားလေတော့၏။

ကျွန်ုပ်လည်း ကြိုတင်၍ ကြည့်ထားသည့်အတိုင်း တက်ခေါင်တို့ ခြံဝင်း၏ အနောက်ဘက်မှ သွတ်ဆူးကြိုးများကို ပလာယာနှင့် ဖြတ်တောက်ကာ ဝင်ခဲ့လေ၏။ ပြီးလျှင် အိမ်ရှေ့သို့ ပတ်သွားကာ အိမ်ရှေ့တံခါး၏ သော့ခလောက်ကို ဖွင့်လေ၏။

တစ်ချက် နှစ်ချက်၊ သုံးချက်။

"ပွင့်ပြီ"

ဘာဂျာတံခါးကို အသာကလေး တွန်း၍ အထဲသို့ ဝင်လိုက်ပြီးလျှင် စေ့ထားသော ခေါက်တံခါးကို အသာကလေး တွန်း၍ ဝင်လိုက်လေ၏။





ပြီးလျှင် မီးရောင်လင်းနေသည့်အပေါ်ထပ်သို့ လှေကားကို အသံမမြည်အောင် နင်းရင်း တက်ခဲ့လေတော့၏။

ကျွန်ုပ် အပေါ်ထပ်သို့ ရောက်သောအခါ တက်ခေါင်သည် မီးရောင်မှိန်မှိန်ကလေး ထွန်းကာ အကယ်၍ သူဌေးကြီး စတိုင်ဖြင့် အရက်သောက်နေလေ၏။ ပန်းနွယ်ကိုတော့ မတွေ့ရပေ။

"အလို သူဌေးမင်း မအိပ်သေးဘဲ ဖိမ်ယူနေတုန်းကိုး"

ဟု ကျွန်ုပ်က ပြောလိုက်လေရာ တက်ခေါင်သည် မူးမူးနှင့် ကုလားထိုင်မှ ကုန်း၍ထလေ၏။ ကျွန်ုပ်လည်း ခါးပတ်တွင် ချိတ်ထားသော ပေါက်ဓားကလေးနှစ်ချောင်းကို ဖြုတ်ယူလိုက်လေ၏။

"ဟေ့ကောင် မင်း ဘယ်သူလဲ"

ဟု အရက်မူးသံကြီးနှင့် မေးလေ၏။

"ငါ ဘယ်သူလဲဆိုတာ မင်း သိချင်ရင်တော့ ပြောပြရမှာပေါ့ကွာ"

ဟု ကျွန်ုပ်က ပြောနေစဉ်မှာပင် တက်ခေါင်သည် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်လေ၏။ သူ ဘာကို ရည်ရွယ်၍ ခြေတစ်လှမ်း ဆုတ်လိုက်မှန်း ကျွန်ုပ် ရိပ်မိလိုက်လေ၏။ နောက်ဘက်မှ နံရံတွင် ချိတ်ထားသော ပန်းပွားအနီတပ်လှံတိုကလေးကို ဖြုတ်ယူရန် ကြံရွယ်ခြင်းပင် ဖြစ်၏။ ကျွန်ုပ်လည်း မသိဟန်ဆောင်နေကာ –

"မင်း ရက်ရက်စက်စက် သစ္စာဖောက်တာကို ခံခဲ့ရတဲ့ မင်းရဲ့ ဆရာမိုးလေကွာ"

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ တက်ခေါင်သည် မျက်လုံးများ ပြူးသွားကာ အလွန်ပင် တုန်လှုပ်သွားလေတော့၏။

"ဟေ့ကောင် ငါ့ကို လာပြီး ပတ်မနေနဲ့၊ ငမိုးဆိုတဲ့ကောင်



www.burmeseclassic.com

www.burmeseclassic.com



အခုလောက်ရှိရင် ကျွန်းမှာ သေသွားလောက်ပြီ။ မင်း ဘယ်က ကောင်လဲ"

ဟု ကျွန်ုပ်အား မေးလေ၏။

"မင်း မယုံရင်လည်း ဒီမှာ ကြည့်လေကွာ"

ဟု ပြောပြောဆိုဆိုနှင့် ကျွန်ုပ်က ခေါင်းစွပ်ကို ချွတ်၍ ပြလိုက်သောအခါ –

"အမယ်လေး"

ဟုပင် တက်ခေါင်က လန့်၍ အော်လေ၏။ ကျွန်ုပ်လည်း ရှေ့သို့ တစ်လှမ်းတိုးလိုက်ကာ –

"ရဲရဲ ကြည့်ပါကွ တက်ခေါင်ရ။ အယ်လ်ဖေးရှင်းခွေးကြီး သုံးကောင် ဝိုင်းပြီးကိုက်တာခံခဲ့ရတဲ့ ငမိုးပါကွ။ သေသေချာချာ ကြည့်စမ်းပါ။ ပြီးတော့ ငါ့အိမ်ထဲက ငါတို့သားအဖ သက်စွန့်ကြိုးပမ်းရှာဖွေထားခဲ့ရတဲ့ ပစ္စည်းတွေကိုယူ။ ငါ့ရဲ့မိမွေးဖမွေးအိမ်ကို ရောင်းယူ၊ နန်းစဉ်ကျောက်ကြီးကို မောင်ပိုင်စီး။ ဒါနဲ့တင် အားမရသေးပဲ၊ ငါ့အသက်လောက် ချစ်ခဲ့ရတဲ့ ငါ့ချစ်သူကို ငါ့ပစ္စည်းတွေပြပြီး မရ ရအောင်ယူ။ လောကမှာ မင်းလောက် သစ္စာမဲ့တဲ့သူ။ မင်းလောက် ယုတ်မာကောက်ကျစ်တဲ့ သူရှိနိုင်သေးရဲ့လားကွ တက်ခေါင်။ ငါလေ မင်းကို သတ်ချင်လွန်းလို့ အသက်စွန့်ပြီး ကျွန်းက ပြေးလာခဲ့ရတာကွ"

ကျွန်ုပ်၏ စကားမဆုံးမီမှာပင် တက်ခေါင်သည် နောက်သို့ ဆုတ်လိုက်ကာ နံရံတွင် ချိတ်ထားသည့် လှံတိုကို ဖြုတ်ရန် လက်လှမ်းလိုက်လေ၏။

"ဗိုး" "ဒေါက်" "အား"

ကျွန်ုပ်၏ လက်ထဲမှ ပေါက်ဂေးကလေးတစ်ချောင်းကလေးထဲသို့ ပျံသွားကာ ဒေါက်ခနဲ မြည်အောင် စိုက်ဝင်သွားလေ၏။ တက်ခေါင်





၏ လက်ဖဝါးကို ဖောက်ဝင်သွားသော ပေါက်ဓားကလေးသည် နံရံတွင် တစ်ဆုံးစိုက်ဝင်သွားလေရာ တက်ခေါင်သည် အားခနဲ အော်လိုက်လေ၏။ သူ၏ လက်တစ်ဖက်သည် နံရံတွင် ကားစင်တင်သကဲ့သို့ ကပ်သွားလေတော့၏။ ထိုအချိန်တွင် တက်ခေါင်သည် နောက်လက်တစ်ဘက်နှင့် စိုက်နေသော ဓားကို ဖြုတ်ရန် လှမ်းလိုက်လေ၏။

"ဗိုး" "ဒေါက်" "အား"

ကျွန်ုပ်၏ လက်မှ နောက်ထပ် ဓားကလေးတစ်ချောင်းပျံထွက်သွားပြီးလျှင် တက်ခေါင်၏ နောက်လက်တစ်ဘက်ကို လက်ခုံမှ ဖောက်ဝင်သွားကာ နံရံတွင် စိုက်သွားပြန်လေ၏။

ကျွန်ုပ်လည်း ရှေ့သို့ ဝှားခနဲ ခုန်ဝင်သွားကာ တက်ခေါင်၏ လည်ပင်းကို သိုင်း၍ ညှစ်လိုက်လေ၏။ ပြီးလျှင် ခါးကြားတွင် ထိုးထားသော ဓားမြှောင်ကို ဆွဲထုတ်လိုက်ကာ မျက်နှာကို ဓားနှင့် မွှန်းလေ၏။

တစ်ချက်။ နှစ်ချက်။ သုံးချက်။ လေးချက်။ ပြီးတော့ နောက်တစ်ချက်။ နောက်တစ်ချက်။ နောက်တစ်ချက်။

ဘယ်နှစ်ချက်ဆိုသည်ကိုပင် မမှတ်မိတော့ပေ။

"မင်းကြိုးဖြုတ်ချခဲ့တုန်းက ငါ့ကို ခွေးကြီးတွေ ဝိုင်းကိုက်တော့ ငါ ဘယ်လို ခံစားရတယ်ဆိုတာ ခံစားကြည့်စမ်းပါကွ တက်ခေါင်ရ"

ဟု ပြောရင်း မျက်နှာကို အဆက်မပြတ် ဓားနှင့် မွှန်းလေ၏။

"အေး ... ဒီဓားရဲ့ အသွားမှာ အက်ဒမန်ကျွန်းက လူပုကလေးတွေရဲ့ အဆိပ်စိမ်ထားတာကွ။ ခဏနေရင် အဆိပ်တက်တဲ့ အရသာကိုပါ မင်း ခံစားရမှာပါ။ ငါ တမြေ့မြေ့ ခံစားခဲ့ရတဲ့ ဒုက္ခကို မင်း နည်းနည်းကူပြီး ခံစားကြည့်ပေါ့ကွာ"

ဟု ကျွန်ုပ်က ပြောရင်း မျက်နှာကို မနားတမ်း ဓားနှင့် မွှန်းလေတော့၏။ ကျွန်ုပ်၏ လက်မောင်းဖြင့် လည်ပင်းကို သိုင်း၍ ညှစ်ထား



www.burmeseclassic.com

www.burmeseclassic.com



လေရာ တက်ခေါင်မှာ အော်သံပင် မထွက်နိုင်ဘဲ ထွန့်ထွန့်လူးအောင် ခံစားနေရလေတော့၏။ ထို့နောက်တွင်တော့ တဖြည်းဖြည်း ပျော့ခွေ၍ ဒူးထောက်ကျသွားလေတော့၏။

လက်နှစ်ဖက်မှာ နံရံတွင် ဓားများ စိုက်လျက်တန်းလန်းကြီး ရှိနေပြီးလျှင် လူများ ဒူးထောက်လျက်ဖြင့် ငုတ်တုတ်ကြီး ငြိမ်သက်သွားလေတော့၏။ ကျွန်ုပ်လည်း သည်တော့မှ လည်ပင်းကို ညှစ်ထားသည့် လက်အား လျှော့ပေးလိုက်လေတော့၏။

ထိုအချိန်မှာပင် အိပ်ခန်းထဲမှ အိပ်မှုန်စုံမွှားနှင့် ပြေးထွက်လာသော ပန်းနွယ်ကို ကျွန်ုပ် လှမ်း၍မြင်ရလေ၏။ တစ်ပါးသူ၏ ရင်ခွင်သို့ ရောက်သွားခဲ့ရသော မိမိ၏ ချစ်သူကို မမျှော်လင့်ဘဲ ပြန်၍ တွေ့လိုက်ရသောအခါ ကျွန်ုပ်သည် ကြောင်၍ ကြည့်နေမိလေတော့၏။

"ကိုတက်ခေါင်၊ ကိုတက်ခေါင် ဘာဖြစ်လို့လဲ၊ ဟင် အမယ်လေး သရဲကြီး"

ဟု အော်ကာ ပျော့ခွေ၍ ကျသွားလေတော့၏။

"ဩော် ... သရဲကြီးတဲ့လား ပန်းနွယ်ရယ်။ မင်း တစ်ခါက သိပ်ချစ်ပါတယ်ဆိုတဲ့ ကိုမိုးပါ ပန်းနွယ်၊ မင်းရဲ့ခင်ပွန်းသည်ကို ရက်ရက်စက်စက် သတ်လိုက်တဲ့အတွက်တော့ ငါ့ကို ခွင့်လွှတ်ပါတော့ ပန်းနွယ်ရယ်"

ဟု ကျွန်ုပ်၏ ရင်ထဲမှ ပြောကာ စီးကျလာသော မျက်ရည်များကို သုတ်လိုက်ရင်းမှ ခေါင်းစွပ်အနက်ကြီးကို ပြန်၍ စွပ်လိုက်လေတော့၏။ ထို့နောက်တွင်တော့ လာရာလမ်းအတိုင်း ဆင်းသက်လာကာ သွတ်ရှူးကြီး အပေါက်မှ ပြန်၍ ထွက်လာခဲ့လေတော့၏။

ပြီးလျှင်တော့ နှစ်ခြံကျော်တွင် ရှိသော ကျွန်ုပ်၏ အိမ်မည်းကြီး ထဲသို့ ဝင်ရောက်ကာ အဝတ်အစားများကို လဲလိုက်ရလေတော့၏။





"ငါ အသက်စွန့်ပြီး ကျွန်းက ပြေးခဲ့ရကျိုးတော့ နပ်သွားပြီ တက်ခေါင်ရေ။ မင်းလို အကောင်ကို စိမ်ပြေနပြေ သတ်ခွင့်ရလိုက်တာ အရသာ ရှိလိုက်တာ မပြောပါနဲ့တော့ တက်ခေါင်ရာ"

ဟု တစ်ယောက်တည်း ဝီစကီကို တစ်ခွက်ပြီးတစ်ခွက် သောက်လိုက်ကာ အိပ်ပျော်သွားခဲ့လေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

# နှုတ်ဆက်သွားသော သရဲကြီး

တစ်နေ့သ၌ ကျွန်ုပ်နှင့် ကိုသံဟိတ်သည် စထရင်းဟိုတယ်တွင် ထိုင်၍ ဘီယာကို ဖိမ်ခံပြီးသောက်နေကြစဉ် –

"မောင်တောအုပ်ရေ၊ မင်းကို ပြောရဦးမယ်ကွယ့်။ မနေ့ကပဲ ကျုပ်နဲ့ ကိုထွန်းသောင်နဲ့ ပီးပဲရက်စတော့ရင့်မှာ ဆုံကြသေးတယ်၊ အဲဒီမှာ ကိုထွန်းသောင်ကြီးက ပြောတယ်။ ကျုပ်တို့ ဖမ်းပေးလိုက်တဲ့ သရဲကြီး မိုးမှောင်ကို သေဒဏ်ချလိုက်တယ်တဲ့"

"အလို သေဒဏ် ကျသွားပါပေါ့လား"

ဟု ကျွန်ုပ်က သရဲကြီးအတွက် စိတ်မကောင်းဖြစ်သွားပြီးလျှင် ပြောလိုက်မိလေ၏။

"နေဦးကွယ့် ကျုပ်ပြောဦးမယ်၊ ကြိုးတိုက်ထဲမှာ နေရတုန်းမှာ သူ့လူ ပွဲစားခွေးညိုက ရှေ့နေတွေ ငှားပြီး အယူခံအဆင့်ဆင့်ဝင်ပေးတယ် ဆိုပဲ၊ နောက်ဆုံးတော့ သရဲကြီးကို သေဒဏ်ကနေပြီး တစ်သက်တစ်ကျွန်း ပြောင်းလိုက်တယ်တဲ့"

"ဟာ ဟုတ်လား ဝမ်းသာလိုက်တာဗျာ"





ဟု ကျွန်ုပ်က ပြောလိုက်သောအခါ ကိုသံဟိတ်က ကျွန်ုပ်ကို ကြည့်ကာ –

"ကျုပ်လည်း မင်းလိုပဲကွယ့်။ သိသိချင်းမှာ ဝမ်းသာသွားတာပါပဲ။ ကျုပ်တို့ထက် ဝမ်းသာတဲ့ သူကတော့ သရဲကြီးပဲကွယ့်၊ သူ့မိတ်ဆွေတွေဆီကို ပြန်ရောက်တော့မယ်ဆိုတာ သိတော့ သရဲကြီးခင်မျာ ပျော်လိုက်တာတဲ့ မောင်တောအုပ်ရယ်။ ပြီးတော့ သရဲကြီးက ကျုပ်တို့ တစ်တွေကို နှုတ်ဆက်သွားတယ်တဲ့။

"သူ ဘယ်တော့မှ ကျွန်းကနေ ထွက်မပြေးတော့ပါဘူးတဲ့။ ကျွန်းမှာပဲ ခေါင်းချတော့မယ်လို့လည်း ပြောသွားတယ်တဲ့ မောင်တောအုပ်ရေ"

ဟု ကိုသံဟိတ်က ပြောပြသောအခါ ကျွန်ုပ်လည်း လွန်စွာ ဝမ်းသာသွားခဲ့လေတော့၏။ ထိုညနေက ကျွန်ုပ်နှင့်ကိုသံဟိတ်သည် သရဲကြီး မိုးမှောင်အကြောင်းကို ပြန်ပြောင်းပြောကြရင်းမှ ဘီယာကို တစိမ့်စိမ့် သောက်ကာ လူ့ဘဝ၏ ရှုပ်ထွေးပုံ၊ ပွေလီပုံ၊ အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာ ဖြစ်ကြရပုံတို့ကို တွေးတော့နေမိလေတော့သတည်း။

**ဝေမင်းအိမ်**

www.burmeseclassic.com